The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .17, NO . 41 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | October 23, 2017

# အိန္ဒိယနိုင်ငံ၏ ပဲတင်ပို့မှု မူဝါဒအပြောင်းအလဲနှင့် အနာဂတ်အလားအလာ

စာမျက်နှာ - ၁၂ ➤



## မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တွင် ငါး၊ ပုစွန် မွေးမြူရေးသင်တန်း အမှတ်စဉ်(၁) ဖွင့်လှစ်

စာမျက်နှာ - ၁၇ ➤

## ကားတင်သွင်းခွင့် ကြေညာချက် ထွက်ပေါ်လာပြီး စလစ်ဈေးခုန်တက် ကားဈေး တစ်ရှိန်ထိုးမြင့်တက်လာ

စာမျက်နှာ - ၂၂ ➤

## မြန်မာနိုင်ငံတွင်(၁၆)ကြိမ်မြောက် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီ (ASEAN Committee on Consumer Protection-ACCP) အစည်းအဝေးအား အလှည့်ကျအိမ်ရှင်နိုင်ငံအဖြစ် ပထမဆုံးအကြိမ်ကျင်းပ

စာမျက်နှာ - ၁၅ ➤



## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်လျက်ရှိသည့် ထားဝယ်အထူးစီးပွားရေးဇုန်

စာမျက်နှာ - ၈ ➤





FLAV-O-RICH
Chicken Franks
Valley Farm
CHICKEN FRANKS
FRANKFURTER AYAM
GOURMET Chef
Sole Distributor
SHWE GANDAMAR
No.22,Corner of Lut Latt Yae Street and Than Thumar Road,Thingan Gyun Township,Yangon.
Contant : 09 792990483 / 09 423735083 / 09 796302214



Gold Choice®
what a feeling!
My Life My Choice
ဘဝအတွက် ရွေးချယ်မှု...
White Coffee
GINSENG COFFEE
CAFÉ MOCHA Coffee
Sole Distributor
SHWE GANDAMAR
No.22,Corner of Lut Latt Yae Street and Than Thumar Road,Thingan Gyun Township,Yangon.
Contant : 09 792990483 / 09 423735083 / 09 796302214



MADE IN ITALY
PEDROLLO®
... the spring of life
အီတလီနိုင်ငံထုတ်ရေစုပ်စက်အမျိုးမျိုး
Uni Trade Yangon Limited
Sales/Service Center Yangon-01-653330,653448,296778,385402 Naypyitaw-067-22842,21505 Mandalay-02-30649,32431,73011
Fax-01-663524 Email: uamutm@myanmar.com.mm

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူး ပြည်တွင်း၌ ကျန်ရှိနေသော ပဲများနှင့်ပတ်သက်၍ ဆောင်ရွက်မည့် အစီအစဉ်များအတွက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



ပြည်တွင်း၌ ကျန်ရှိနေသောပဲများနှင့်ပတ်သက်၍ ဆောင်ရွက်မည့် အစီအစဉ်များအတွက် ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၉ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ရာ ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက် အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် အိန္ဒိယနိုင်ငံမှ ပဲ တင်သွင်းမှုအား ကန့်သတ်ပြီးနောက် တစ်ရက်အတွင်း ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ပြီး အစည်းအဝေးမှ Action Plan ချမှတ်ခဲ့ပါကြောင်း၊ အဆိုပါအစည်းအဝေးအရ ပဲမျိုးစုံ တင်ပို့မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ပဲကိစ္စနှင့်ပတ်သက်၍ ရေတိုရေရှည် ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကို လေ့လာသုံးသပ်တင်ပြစေခြင်း၊ အိန္ဒိယနိုင်ငံသို့ ပဲများဆက်လက်တင်ပို့နိုင်ရေးအတွက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ လာမည့်ပဲစိုက်ရာသီတွင် မတ်ပဲလျှော့ချစိုက်ပျိုးရေး၊ ဤဒေသနှင့်ကိုက်ညီသည့် ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသီးနှံများ အရည်အသွေး ကောင်းမွန်စေရေး၊ ပိုးသတ်ဆေးဓာတ်ကြွင်း လျော့နည်းစေရေးအတွက်ပဲစိုက်ပျိုးသည့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည် မြောင်းဝန်ကြီးဌာနတို့ပူးပေါင်း၍တောင်သူများအား အသိပညာပေးခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်းနှင့် လိုအပ်သည့် နည်းပညာများကို ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မကြာမီထွက်ပေါ်လာမည့် ပဲစင်းငုံများသည် ဈေးကွက်တွင် တောင်သူ၏ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အောက် လျော့နည်းနေပါက တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေအရ ဝယ်ယူနိုင်ရေးကို ကြိုတင်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်းမှလည်း ဈေးနှုန်းတည်ငြိမ်ရေးအတွက် ဝယ်ယူရာတွင် တွေ့ကြုံရသည့် အခက်အခဲနှင့် အခြေအနေများကို ပွင့်ပွင့်လင်းလင်း တင်ပြပေးကြရန်နှင့် တက်ရောက်လာသည့် ကုန်သည်လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များအနေနှင့်လက်ကျန်ပဲများအပေါ် လက်ရှိဝယ်ယူရန်ဆောင်ရွက်နေသည့် အခြေအနေအခက်အခဲများကို တင်ပြပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ပဲမျိုးစုံတင်ပို့မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး အထူးလုပ်ငန်းအဖွဲ့ခေါင်းဆောင်၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က ပဲဝယ်ယူရေးလုပ်ငန်းအတွက် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသော မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ ပဲစင်းငုံနှင့် မတ်ပဲဈေးနှုန်းတည်ငြိမ်ရေးနှင့် ဝယ်ယူတင်ပို့ရောင်းချရေးအဖွဲ့၊ ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်၊ မန္တလေးကထိန်တော်အသင်း ကုန်စည်ဒိုင်၊ မုံရွာ၊ ပခုက္ကူ၊ မကွေး၊ မြင်းခြံ၊ ဟင်္သာတ၊ တောင်ကြီး စသည့်ကုန်စည်ဒိုင်များမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများအား တင်ပြခဲ့ကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**

# ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ် (၅) မန္တလေးမှ သင်တန်းသူ၊ သင်တန်းသားများ မန္တလာလက်တွန်းထွန်စက်စက်ရုံသို့ သွားရောက်လေ့လာ

မန္တလေးတိုင်းဒေသကြီး၊ ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး (မန္တလေး)တွင် ဖွင့်လှစ်လျက်ရှိသည့် ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ် (၅) မှ သင်တန်းသား၊ သင်တန်းသူများသည် မန္တလေးမြို့စက်မှုဇုန်(၁)ရှိ ဂွတ်ဒ်ဘရားသားစ် ကုမ္ပဏီလီမိတက်၏ မန္တလာလက်တွန်းထွန်စက်စက်ရုံသို့ အောက်တိုဘာ ၁၄ ရက်ကသွားရောက်လေ့လာခဲ့ကြသည်။

ယင်းကဲ့သို့ သွားရောက်လေ့လာခဲ့ရာတွင် မန္တလာ လက်တွန်းထွန်စက် စက်ရုံမှ မန်နေဂျာ ဦးခင်မောင်ရီက မိမိတို့စက်ရုံသည် လယ်ယာသုံး စက်ပစ္စည်းများကို အဓိကဖြန့်ဖြူးရောင်းချနေပြီး စိုက်ပျိုးရေးနှင့်သက်ဆိုင်သော လုပ်ငန်းသုံးပစ္စည်းများကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်း၊ တောင်သူများအား အတိုးနှုန်း အနည်းဆုံးဖြင့် ချေးငွေများ ထုတ်ချေးပေးလျက်ရှိပါကြောင်း၊ လယ်ယာသုံးစက်ပစ္စည်းများ ဝယ်ယူရန် အခက်အခဲရှိသော တောင်သူများအား အငှားလယ်ယာဝန်ဆောင်မှုဖြင့် စက်ပစ္စည်းများအား ငှားရမ်းပေးလျက်ရှိပါကြောင်း၊ ရွာသာကြီးစက်မှုဇုန်တွင် စက်မှုလယ်ယာမှ မြေငှားပြီးလုပ်ငန်းများ တိုးချဲ့နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် စက်ရုံ၏ ကုန်ထုတ်လုပ်မှုအဆင့်ဆင့်အား ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့ပြင် ပို့ကုန်သွင်းကုန်ရုံး (မန္တလေး) မှ ဦးစီးအရာရှိ ဦးမောင်မောင်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် အခွန်ဝင်ငွေရရှိမှုအပေါ်တွင် မူတည်လျက်ရှိပါကြောင်း၊ အခွန်တိမ်းရှောင်ခြင်းသည် နိုင်ငံတော်အတွက် များစွာထိခိုက်နစ်နာပါကြောင်း၊ အခွန်ဝင်ငွေရရှိမှသာ နိုင်ငံတော်၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ယခုသင်တန်းသား၊ သင်တန်းသူများသည် အနာဂတ်တွင် စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်လာမည်ဖြစ်ပါကြောင်း၊ နိုင်ငံသားအားလုံးမှ နိုင်ငံတော်အပေါ် သစ္စာရှိရန်နှင့် စေတနာထားဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းကို ဩဂုတ် ၁၉ ရက်မှ နိုဝင်ဘာ ၁၉ ရက်အထိ ဖွင့်လှစ်လျက်ရှိရာ စီးပွားရေးလုပ်ငန်း ရှင် ၄၆ ဦးတက်ရောက်လျက်ရှိကြောင်း သတင်းရရှိပါသည်။

**(MTD,TYK-DOT)**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ကြည်မာ

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
-

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၇၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ယခုတစ်ပတ်ကုန်သွယ်မှုနည်းလမ်းနှစ်သွယ်မှ ဆန်တင်ပို့မှုလျော့ကျပြီး ဆန်ကွဲပိုမိုတင်ပို့

အောက်တိုဘာ ၇ ရက်မှ ၁၃ရက်အထိ သီတင်းပတ်အတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၄ဒသမ၁၃၁သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၁၁၆၂၀ ကျော် တင်ပို့ခဲ့ရာ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဧည့်မထဆန် ၈၆၂၈တန်ကျော်နဲ့ ကောက်ညှင်းဆန်တန်ချိန် ၄၀၀၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၁၃၄တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၁၇၉၃ တန်ကျော်၊ စစ်တွေကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၆၆၅ တန် တင်ပို့ခဲ့ပါတယ်။ ကုန်သွယ်ရေးစခန်းများမှ ယခင်တစ်ပတ်က ဆန် ၁၈၆၃၇ တန်ခန့် တင်ပို့ခဲ့ပါတယ်။ ဒါကြောင့် ယခုတစ်ပတ်မှာ ဆန်တင်ပို့မှု ၇၀၁၇တန်လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်မှာ ဆန်တင်ပို့မှုလျော့ကျပေမယ့် ဆန်ကွဲတင်ပို့မှုပိုမိုခဲ့ပါတယ်။ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၂၂ သန်းတန်ဖိုးရှိ ဆန်ကွဲ ၇၆၅ တန်ကျော်ကို မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ၆၂၉ တန်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၁၃၆ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မူဆယ်နဲ့လွယ်ဂျယ်မှ ဆန်ကွဲ ၇၁၅ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာတန်ချိန် ၅၀ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အောက်တိုဘာ ၈ ရက်မှ ၁၄ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၂၉ သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ပေါင်းဆန် ၁၅၀၂၅တန်တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ် ဆန်တင်ပို့တဲ့နိုင်ငံများအနက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့ပြီး ဧည့်မထဆန်တန်ချိန် ၆၄၅၀ နဲ့ ပေါင်းဆန်တန်ချိန် ၂၀၀ တင်ပို့ခဲ့ပါတယ်။ ဒုတိယအများဆုံးမှာ ဂီနီနိုင်ငံဖြစ်ပြီး ဧည့်မထဆန် တန်ချိန် ၅၀၀၀ တင်ပို့ခဲ့ပါတယ်။ ဒါ့အပြင် ထပ်မံတင်ပို့မှုများမှာ သီရိလင်္ကာနိုင်ငံသို့ ဧည့်မထဆန်တန် ချိန် ၂၂၅၀၊ မက်ဒါဂါစကားနိုင်ငံသို့ ဧည့်မထဆန် ၃၇၅ တန်၊ ရုရှားနိုင်ငံသို့ ပေါင်းဆန်တန်ချိန် ၂၀၀ နဲ့အီးယူနိုင်ငံများသို့ ပေါင်းဆန် ၄၂၅ တန်နဲ့ ဧည့်မထဆန် ၁၂၅ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာဆန်တင်ပို့မှု ၁၆၇၆၇ တန်လျော့ကျခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန် ၃၁၇၉၂ တန်တင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ် ဆန်ကွဲတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅၁ သန်းတန်ဖိုးရှိ ဆန်ကွဲ ၄၁၂၅ တန်ဖြစ်ပြီး တင်ပို့တဲ့နိုင်ငံများမှာ စင်ကာပူနိုင်ငံသို့ ဆန်ကွဲ ၁၂၅ တန်၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၂၀၀၀ နဲ့ အီးယူနိုင်ငံများသို့ တန်ချိန် ၁၅၀၀တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ တန်ချိန် ၂၇၅၀တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်ဆန်ကွဲ တင်ပို့မှု၁၃၇၅ တန်ပိုမိုခဲ့ကြောင်းသိရှိရပါတယ်။

ယခုတစ်ပတ်မှာကုန်သွယ်ရေးစခန်းများမှရော ပင်လယ်ရေကြောင်းမှပါ ဆန်တင်ပို့မှုလျော့ကျပြီး ဆန်ကွဲတင်ပို့မှုပိုမိုတာတွေ့ရပါတယ်။

**ယဉ်ယဉ်အေး**

## ပုသိမ်ခရိုင်အတွင်း စပါးသစ်ပေါ်ကာနီး၍ စပါးအဟောင်း၊ ဆန်အဟောင်းဈေးများအနည်းငယ်မြင့်တက်

ပုသိမ်ခရိုင်အတွင်း စပါးအသစ်ပေါ်ကာနီး၍ စပါးအဟောင်းဈေးရော ဆန်အဟောင်းဈေးပါ အနည်းငယ်မြင့်တက်လျက်ရှိကြောင်း ဈေးကွက်မှသိရသည်။ ပုသိမ်ခရိုင်အတွင်းရှိပုသိမ်၊ ကန်ကြီးထောင့်၊ ငပုတော၊ ကျုံပျော်၊ ရေကြည်၊ ကျောင်းကုန်းမြို့နယ်များတွင် ရောင်းဝယ်လျက်ရှိသော ဧည့်မထမိုးစပါး ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၅၃၈၀၀၀ မှ ကျပ်၅၄၇၀၀၀ ဝန်းကျင်မှ ယခုကျပ် ၅၅၀၀၀၀ ဝန်းကျင်၊ ဆန်တစ်အိတ်လျှင် ကျပ် ၂၂၅၀၀ မှ ယခုလက်ရှိကျပ် ၂၃၀၀၀၊ စပါး တင်း၁၀၀ကို ကျပ် ၁၀၀၀၀ ဝန်းကျင်နှင့်ဆန်တစ်အိတ်ကိုကျပ် ၅၀၀ခန့် ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း၊ ဧည့်မထ နွေစပါး ၄၆ ပေါင်တင်း ၁၀၀ကို ကျပ် ၅၁၀၀၀၀ - ကျပ် ၅၂၀၀၀၀ ဝန်းကျင်မှ ကျပ် ၅၂၀၀၀၀ - ကျပ် ၅၃၀၀၀၀ ဝန်းကျင်ဈေးဖြစ်သွား၍ စပါးဈေးကျပ် ၁၀၀၀၀ ဝန်းကျင်၊ နွေဆန်တစ်အိတ်ကို ကျပ် ၂၁၅၀၀၊ ကျပ် ၂၂၀၀၀ မှ ကျပ် ၂၂၀၀၀၊ ကျပ် ၂၂၅၀၀ဈေးဖြစ်သွားပြီး ဆန်တစ်အိတ်ကို ကျပ် ၅၀၀ ခန့်ဈေးနှုန်းမြင့်တက်သွားကြောင်း၊ အလားတူ မအူပင်ခရိုင်၊ မအူပင်၊ ပန်းတနော်၊ ညောင်တုန်းမြို့နယ်များရှိ ဧည့်မထမိုးစပါး ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၅၆၀၀၀၀ ဝန်းကျင်ဈေးမှ ယခုလက်ရှိ ကျပ် ၅၇၀၀၀၀ ဝန်းကျင်၊ စပါးတင်း ၁၀၀ကို ကျပ် ၁၀၀၀၀ ဝန်းကျင်၊ ဆန်တစ်အိတ်ကိုကျပ် ၂၄၀၀၀ မှ ယခုလက်ရှိ ကျပ် ၂၄၅၀၀ ဈေးနှုန်းမြင့်တက်၍ ဆန်တစ်အိတ်ကို ကျပ် ၅၀၀ ဈေးနှုန်းမြင့်တက်သွားကြောင်း ဆန်စပါးဈေးကွက်သတင်းများအရသိရသည်။

**မင်းမင်းဦး(ပုသိမ်)**

# ဆန်ဟောင်းအဝင်နည်းတဲ့အတွက် အချောရောအကြမ်းပါ အနည်းငယ်စီဈေးတက်

ယခုတစ်ပတ်ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ချောရွှေဘိုပေါ်ဆန်း၊ ဆန်ကြမ်းနွေဆန်ရက် ၉၀ နဲ့ ဧည့်မထ ၂၅ မှတ်တို့ အနည်းငယ်စီဈေးတက်ကြောင်း ဝါးတန်းဆန်ကုန်စည်ဒိုင်မှ သိရပါတယ်။

ကုန်စည်ဒိုင်ရဲ့ဆန်လက်ကားဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၃၆၅၀၀နဲ့ လတ်စ တစ်အိတ်ကျပ် ၃၅၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်းဆန်ထိပ်စ တစ်အိတ်ကျပ် ၄၀၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၇၀၀၀၊ နယ်စုံကျိုက်လတ်ထိပ်စတစ်အိတ်ကျပ် ၃၅၀၀၀နဲ့လတ်စ တစ်အိတ်ကျပ် ၃၄၀၀၀ ဖြစ်ပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။ ရွှေဘိုပေါ်ဆန်းဆန်ကတော့ တစ်အိတ်ကို ကျပ် ၄၈၅၀၀မှ ကျပ် ၅၁၀၀၀ အထိရှိပြီး တစ်အိတ်ကို ကျပ် ၁၀၀၀ ခန့်ဈေးတက်ပါတယ်။

ဧည့်မထဆန်ထိပ်စတစ်အိတ်ကျပ် ၂၃၀၀၀ နဲ့ လတ်စ တစ်အိတ်ကျပ် ၂၁၅၀၀၊ နွေသီးထပ်(ရှယ်) တစ်အိတ်ကျပ် ၂၂၅၀၀မှ ကျပ် ၂၃၀၀၀၊ နွေဆန်ရက် ၉၀ တစ်အိတ်ကျပ် ၂၄၀၀၀မှကျပ် ၂၄၅၀၀၊ ဧည့်မထဆန် ၂၅ မှတ်တစ်အိတ်ကျပ် ၂၀၅၀၀ မှ ကျပ် ၂၁၀၀၀ ဖြစ်ပြီး နွေဆန်ရက် ၉၀ နဲ့ ဧည့်မထ ၂၅ မှတ်တစ်အိတ်ကို ကျပ် ၂၀၀ မှ ကျပ် ၅၀၀ အထိ ဈေးတက်ကြောင်းသိရပါတယ်။

ဝါးတန်းဆန်ဈေးကွက်မှာ ဆန်ဟောင်းအဝင်နည်းတဲ့အတွက် ဈေးအနည်းငယ်မြင့်တက်တာဖြစ်ကြောင်း၊အရောင်းအဝယ်ခပ်ပါးပါးနဲ့ပုံမှန်သာရှိကြောင်းသိရပါတယ်။ ဆန်သစ်ကတော့ ဘုရင့်နောင်ကုန်စည်ဒိုင်ကို အဝင်ရှိပေမယ့် ဝါးတန်းကုန်စည်ဒိုင်ကို မဝင်သေးကြောင်း ဝါးတန်းကုန်စည်ဒိုင်မှသိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာ ဆန်အရောင်းအဝယ်ပုံမှန်သာရှိပြီး ဆန်ဈေးအနည်းငယ်တက်ကြောင်းသိရပါတယ်။ ဧည့်မထဆန် ၅မှတ်မော်ဘီတစ်အိတ် ယွမ် ၁၄၀ မှ ၁၄၂ ယွမ်၊ ဧည့်မထဆန် ၅ မှတ်စူပါတစ်အိတ် ၁၃၆ ယွမ်မှ ယွမ် ၁၄၀၊ ဧည့်မထ ၁၀မှတ်မော်ဘီတစ်အိတ် ၁၃၃ ယွမ်မှ ၁၃၅ ယွမ်၊ ဧည့်မထ ၁၀မှတ်စူပါတစ်အိတ် ၁၃၁ ယွမ်မှ ၁၃၂ ယွမ်၊ မနောသုခ ၁၅မှတ်တစ်အိတ် ၁၂၆ ယွမ်မှ ၁၂၇ ယွမ်၊ မနောသုခ ၂၅ မှတ်တစ်အိတ် ယွမ် ၁၂၀ မှ ၁၂၄ ယွမ်၊ ငစိန် ၅ မှတ် တစ်အိတ် ယွမ် ၁၃၀ မှ ၁၃၂ ယွမ်၊ ငစိန် ၁၅ မှတ်တစ်အိတ် ၁၂၅ ယွမ်မှ ၁၂၇ ယွမ်၊ ငစိန် ၂၅ မှတ်တစ်အိတ် ၁၂၀ ယွမ်မှ ၁၂၄ ယွမ်ရှိပြီး တစ်အိတ်ကို တစ်ယွမ်မှ နှစ်ယွမ်အထိ ဈေးတက်ကြောင်း သိရပါတယ်။

မြို့တွင်းနယ်စုံမှ မူဆယ်သို့ဆန်အဝင်မှာ အောက်တိုဘာ ၁၃ ရက်မှ ၁၉ရက်အထိ ဆန်တန်ချိန် ၁၆၂၅၁ တန်ရှိပါတယ်။ ယခင်တစ်ပတ်ထက် ဆန်အဝင်ပိုမိုပြီး ဆန်ဈေးလည်း မြင့်တက်ကြောင်း မူဆယ်မှသတင်းရရှိပါတယ်။ **ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၀-၁၀-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၇၅ | ၃၇၄ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၅ | ၃၇၄ | ▽ | ၃၈၈ | ၃၉၀ | △ | ၄၀၀ | ၄၀၀ | □ | ၃၆၇ | ၃၆၈ | △ |
| ဆန်ဖြူ ၁၀% | ၃၇၃ | ၃၇၂ | ▽ | ၃၈၃ | ၃၈၅ | △ | - | - | - | ၃၆၄ | ၃၆၅ | △ |
| ဆန်ဖြူ ၁၅% | ၃၆၆ | ၃၆၅ | ▽ | ၃၇၈ | ၃၈၀ | △ | - | - | - | ၃၆၁ | ၃၆၂ | △ |
| ဆန်ဖြူ ၂၅% | ၃၅၁ | ၃၅၀ | ▽ | ၃၆၅ | ၃၆၅ | □ | ၃၆၀ | ၃၆၀ | □ | ၃၄၃ | ၃၃၈ | ▽ |
| ပေါင်းဆန် | ၄၂၉ | ၄၂၉ | □ | - | - | - | ၄၀၅ | ၄၀၅ | □ | ၄၁၀ | ၄၁၀ | □ |

*Source: thairiceexporters*

## ပြည်တွင်းမြို့ကြီးများ၏ (၂၀-၁၀-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၀၀၀ | □ | ၂၁၀၀၀ | □ | ၆၅၃၂ | □ | ၃၃၀၀၀ | □ |
| ပုသိမ် | ၅၅၂၀ | △ | ၂၃၀၀၀ | △ | ၈၄၁၀ | □ | ၃၈၀၀၀ | ▽ |
| ပဲခူး | ၅၁၀၀ | □ | ၂၁၀၀၀ | □ | ၆၇၀၀ | □ | ၃၆၈၀၀ | △ |
| ရွှေဘို | ၆၀၀၀ | □ | ၂၃၀၀၀ | □ | ၁၃၀၀၀ | □ | ၄၃၅၀၀ | □ |
| စစ်တွေ | ၄၃၀၀ | □ | ၁၈၀၀၀ | △ | ၇၅၀၀ | △ | ၃၂၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၂၀၀ | ▽ | ၂၇၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၇၀၀ | □ | ၂၁၀၀၀ | ▽ | - | - | ၃၈၀၀၀ | △ |
| မန္တလေး | ၆၁၀၀ | △ | ၂၇၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| မကွေး | ၇၂၀၀ | □ | ၂၃၅၀၀ | △ | - | - | ၄၁၀၀၀ | △ |
| မော်လမြိုင် | ၄၈၀၀ | □ | ၁၈၀၀၀ | □ | ၇၀၀၀ | □ | ၂၆၀၀၀ | □ |
| လှိုင်ကော် | ၇၁၅၀ | △ | ၃၂၀၀၀ | □ | - | - | ၅၁၀၀၀ | △ |
| မြိတ် | ၄၀၀၀ | □ | ၂၄၅၀၀ | △ | - | - | ၃၈၀၀၀ | □ |
| ဘားအံ | ၅၄၀၀ | □ | ၂၅၀၀၀ | △ | - | - | ၄၃၅၀၀ | △ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၁၆-၁၀-၂၀၁၇ မှ ၂၀-၁၀-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 778 | 30,139,693.534 |
| 2 | Form D | 48 | 4,097,863.400 |
| 3 | Form E | 93 | 5,855,421.620 |
| 4 | Korea GSP | 7 | 200,062.930 |
| 5 | Form AK | 116 | 3,400,338.219 |
| 6 | Form AJ | 9 | 595,532.560 |
| 7 | Form AI | 35 | 2,307,498.315 |
| 8 | Form AANZ | 8 | 127,685.790 |
| 9 | Form DFTP | 1 | 171,360.000 |
| **Grand Total** | | **1095** | **46,895,429.368** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၀-၁၀-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၃/၁၀ | ၂၀/၁၀ | ပြောင်းလဲမှု | ၁၃/၁၀ | ၂၀/၁၀ | ပြောင်းလဲမှု | ၁၃/၁၀ | ၂၀/၁၀ | ပြောင်းလဲမှု | ၁၃/၁၀ | ၂၀/၁၀ | ပြောင်းလဲမှု |
| မတ်ပဲ | ၈၀၀ | ၇၇၈ | ▼ | ၉၀၈ | ၇၆၇ | ▼ | ၈၀၅ | ၇၅၀ | ▼ | ၉၀၀ | ၇၃၅ | ▼ |
| ပဲစင်းငုံ | ၆၂၁ | ၅၃၁ | ▼ | ၅၇၅ | ၅၀၀ | ▼ | ၅၇၅ | ၅၀၀ | ▼ | ၅၈၅ | ၅၀၀ | ▼ |
| ပဲတီစိမ်း | ၁၅၀၀ | ၁၅၀၀ | ■ | ၁၄၂၂ | ၁၅၁၁ | ■ | ၁၄၂၁ | ၁၄၂၁ | ■ | ၁၄၄၀ | ၁၄၂၀ | ▼ |
| ကုလားပဲရိုးရိုး | ၂၇၀၀ | ၂၈၀၀ | ▲ | ၂၃၅၈ | ၂၂၅၃ | ▲ | ၂၃၆၈ | ၂၂၃၇ | ▲ | ၂၂၆၅ | ၂၃၆၀ | ▲ |
| ပဲလွန်းဖြူ | ၁၆၆၅ | ၁၆၆၅ | ■ | - | - | - | - | - | - | ၁၅၈၀ | ၁၄၂၀ | ■ |
| ထောပတ်ပဲ | ၁၆၅၀ | ၁၆၅၀ | ■ | ၂၄၃၆ | ၂၆၆၇ | ■ | - | - | - | - | - | - |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၀-၁၀-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၁၃/၁၀ | ၂၀/၁၀ | ပြောင်းလဲမှု | ၁၃/၁၀ | ၁၈/၁၀ | ပြောင်းလဲမှု | ၁၃/၁၀ | ၁၈/၁၀ | ပြောင်းလဲမှု |
| မတ်ပဲ | ၃၀၅ | ၃၅၀ | ▼ | ၆၀၁ | ၆၁၅ | ▲ | ၆၁၆ | - | - |
| ပဲစင်းငုံ | ၃၀၀ | ၂၈၀ | ▼ | ၅၅၄ | ၅၀၄ | ▲ | ၅၇၈ | ၆၁၅ | ▲ |
| ပဲတီစိမ်း | ၆၈၀ | ၆၈၀ | ■ | - | - | - | ၆၉၃ | - | - |
| ကုလားပဲဖြူလုံးကြီး | ၁၁၃၀ | ၁၁၃၀ | ■ | ၇၉၃ | ၈၁၅ | ▲ | ၈၂၈ | ၈၅၄ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁-၁-၁၇) မှ |
| | (၇-၁၀-၁၇)ထိ | (၁၄-၁၀-၁၇)ထိ | (၁၄-၁၀-၁၇) ထိ |
| မတ်ပဲ | ၄၁၁၄၀၃ | ၁၅၁၇ | ၄၁၂၉၂၀ |
| ပဲတီစိမ်း | ၁၀၆၂၉၁ | ၁၈၁ | ၁၀၆၄၇၂ |
| ပဲစင်းငုံ | ၂၀၁၇၉၉ | ၄၈၀ | ၂၀၂၂၇၉ |
| ကုလားပဲ | ၃၇၆၆၆ | ၂၆ | ၃၇၆၉၂ |
| ပဲလွန်းဖြူ | ၁၂၇၅၆ | - | ၁၂၇၅၆ |
| မြေထောက်ပဲ | ၁၈၃၂၈ | ၃၅ | ၁၈၃၆၃ |

## ပြည်ပဲလွန်းဖြူသီးနှံ ယခင်နှစ်ဈေးထက် နှစ်ဆခန့်ပိုရ

ပြည်ပဲမျိုးစုံဈေးကွက်မှာ ဆောင်းပဲသီးနှံအချို့ မျိုးပဲဝယ်ယူမှုများရှိလာပြီး ပဲလက်ကျန်များနဲ့ အရောင်းအဝယ်ဖြစ်နေကြသော်လည်း ပဲလွန်းဖြူသီးနှံက လက်ကျန်မရှိသလောက် ပစ္စည်းပြတ်နေလို့ ပဲဈေးမှာ တစ်တင်းကျပ် ၄၅၀၀၀ ထိ ဈေးကောင်းရလျက်ရှိနေပြီးအရောင်းအဝယ်ပါးခဲ့တယ်လို့သိရပါတယ်။

လက်လီ အရောင်းအဝယ်ဖြစ်နေတဲ့ ပဲအားလုံးဈေးကောင်းခဲ့လို့ ပဲလွန်းဖြူသီးနှံဈေးဟာ ယခုအချိန်မှာ အခြားလက်လီပဲများထက်ပင် ဈေးပိုမြင့်တက်ခဲ့တာကို တွေ့ရပါတယ်။ ယခင်နှစ်ကာလတူက ပဲလွန်းဖြူသီးနှံဈေးမှာ တစ်တင်းကျပ် ၂၄၀၀၀သာရရှိခဲ့တဲ့အတွက် ယခုနှစ်ဈေးဟာ ယခင်နှစ်ရဲ့ဈေးထက်နှစ်ဆခန့် ပိုမိုလာကြောင်းသိရပါတယ်။ **ခင်ဆွေဝင်း**

## ပြည်စားတော်ပဲ အရည်အသွေးပေါ်လိုက်၍ ဈေးကွာခြားမှုရှိ

ပြည်ပဲဈေးကွက်အတွင်း လက်လီပဲများထဲမှာ စားတော်ပဲသီးနှံဟာဆိုလျှင် ဈေးကောင်းရတဲ့သီးနှံဖြစ်ခဲ့ပြီး လက်လီသာအရောင်းအဝယ်ဖြစ်ခဲ့လို့ အိတ်အနည်းငယ်သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

စားတော်ပဲသီးနှံမှာ ဈေးကွက်အတွင်း ကနေဒါပဲနှင့် မင်းတုန်းပဲဆိုပြီး အရည်အသွေးလိုက်၍ ဈေးကွာခြားမှုရှိခဲ့ တာကြောင့် ကနေဒါပဲမှာ တစ်တင်းကျပ် ၃၀၀၀၀နှင့် မင်းတုန်းပဲအမျိုးအစားမှာ တစ်တင်းကျပ် ၄၈၀၀၀ ရရှိခဲ့တာကို တွေ့ရပါတယ်။ စားတော်ပဲသီးနှံဟာ နှစ်စဉ်လိုလို ဈေးကောင်းရခဲ့လို့ ယခင်နှစ်ကလည်း တစ်တင်းကျပ် ၃၉၀၀၀ ဖြင့် အခြားလက်လီပဲများထက် ဈေးကောင်းရရှိခဲ့ကြောင်းသိရှိရပါတယ်။ **ခင်ဆွေဝင်း**

## အောက်တိုဘာ တတိယပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ ကုလားပဲနှင့်ပဲကြီး သီးနှံဈေးအမြင့်ဆုံးဖြစ်ခဲ့သလို မျိုးပဲများလည်း အဝယ်လိုက်နေ

ပဲခူးတိုင်းဒေသကြီးပြည်ပဲမျိုးစုံဈေးကွက်အတွင်း လက်လီ၊ လက်ကားအရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲများအနက် မတ်ပဲ၊ ပဲစင်းငုံသီးနှံများမှာ အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းမှု ကန့်သတ်သည့်အချိန်မှစ၍ အရောင်းအဝယ်သိသိသာသာ ကျဆင်းသွားခဲ့ကာ ကျန်ပဲများကတော့ ပုံမှန်အရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။ မတ်ပဲသီးနှံမှာ ပဲလက်ကျန်များရှိသော်လည်း ငွေလို၍ ရောင်းချသူအချို့သာရှိခဲ့လို့ အရောင်းအဝယ် အနည်းငယ်ဖြစ်ခဲ့ပြီး ပဲဈေးမှာ တစ်တင်းကျပ် ၁၄၅၀၀ ဖြင့် ယခင်တစ်ပတ်ကဈေးထက် ထပ်မံကျဆင်းသွားခဲ့ပါတယ်။ ပဲစင်းငုံသီးနှံမှာ အရောင်းအဝယ်မဖြစ်သလောက်ရှိခဲ့သလို ပဲဈေးမှာ တစ်တင်း ကျပ်တစ်သောင်းအောက်အထိ ကျဆင်းနေခဲ့တာကို တွေ့ရပါတယ်။

ပြည်တွင်းမှာ အဓိက ဝယ်လက်ရှိတဲ့ ကုလားပဲသီးနှံဟာ ဆိုလျှင်တော့ ပဲအဝင်ပါးလာပေမယ့် လက်ကျန်ပဲများရှိတာကြောင့် ဝယ်လိုအားရှိသလောက် ရောင်းချနိုင်ခဲ့ပါတယ်။ ခွဲစက်သမားများ ပုံမှန်ဝယ်ယူမှုအပေါ် တစ်ရက်လျှင် အိတ် ၁၅၀ကျော် ရောင်းချခဲ့ကြရသလို မျိုးပဲဝယ်ယူမှုများရှိနေတဲ့အတွက် လက်ကားသမားရော၊ မျိုးပဲများပါ အရောင်းအဝယ်ဖြစ်နေခဲ့ပြီး မျိုးပဲဈေးမှာ တစ်တင်းကျပ် ၄၈၀၀၀ မှ ကျပ် ၅၀၀၀၀ ထိရရှိခဲ့ပါတယ်။ ခွဲစက်သမားများဖြင့် ရောင်းဝယ်နေကြတဲ့ဈေးကတော့ တစ်တင်းကျပ် ၄၆၀၀၀ ရရှိခဲ့ကြ တယ်လို့ သိရတယ်။ဒါကြောင့်ကုလားပဲဟာ ပဲဈေးကွက်မှာ အရောင်းအဝယ်ကောင်းသလို ဈေးလည်းကောင်းနေတဲ့ သီးနှံဖြစ်နေပါတယ်။

ပဲကြီးသီးနှံဟာဆိုလျှင်လည်း ကုလားပဲသီးနှံနည်းတူ ယခုအချိန်မှာ လက်ကားရောင်းဝယ်သူများအပြင် မျိုးပဲများလည်း အရောင်းအဝယ်ဖြစ်နေပါတယ်။ ပဲအဝင်မရှိသလောက်ဖြစ်ခဲ့သော်လည်း လက်ကျန်ပဲများရှိခဲ့လို့ ပဲကြော်ဖိုသမား ဝယ်ယူမှုရှိသလောက် ရောင်းချနိုင်ခဲ့တာကြောင့် တစ်ရက်အိတ် ၂၀၀ ခန့် ရောင်းချခဲ့ကြရပြီး၊ မျိုးပဲအနေဖြင့် အိတ် ၂၀/၃၀ ကျော် ရောင်းချခဲ့ကြရတာကိုလည်း တွေ့ရပါတယ်။ ပဲဈေးမှာ ဈေးငြိမ်လျက်ရှိခဲ့တာကြောင့် (ရွှေကျွန်း) တစ်တင်းကျပ် ၅၆၀၀၀၊ (ကမ်းနား) တစ်တင်းကျပ် ၅၀၀၀၀ ဖြင့် မျိုးပဲဈေးမှာ တစ်တင်းကျပ် ၆၀၀၀၀ ထိ အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။

လက်လီအရောင်းအဝယ်ဖြစ်မှုများတဲ့ပဲများဖြစ်တဲ့ ဘိုကိတ်ပဲသီးနှံမှာ တစ်တင်း ကျပ် ၃၃၀၀၀ဖြင့် ဈေးငြိမ်လျက်ရှိပြီး ထောပတ်ပဲသီးနှံမှာ တစ်တင်းကျပ် ၃၁၅၀၀ ဖြင့် ယခင်တစ်ပတ်ထက် တစ်တင်း ကျပ် ၅၀၀ လျော့နည်းခဲ့ပါတယ်။ ပဲပုပ်သီးနှံမှာ တစ်တင်း ကျပ် ၂၇၅၀၀ ဖြင့် ဈေးဆက်ငြိမ်လျက်ရှိနေခဲ့ပြီး လက်လီသာ အရောင်းအဝယ်ဖြစ်ခဲ့တဲ့အတွက် အိတ်အနည်းငယ်စီသာရောင်းချခဲ့ရပါတယ်။ဒါကြောင့် ပဲမျိုးစုံဈေးကွက်အတွင်း ယခုတစ်ပတ်မှာ ကုလားပဲ၊ ပဲကြီးသီးနှံနှင့် ပဲတီစိမ်းသီးနှံများသာ အိတ်ရာကျော်ရောင်း ချရတဲ့ပဲများ ဖြစ်ခဲ့ကြပြီး ပဲဈေးနှုန်းအနေဖြင့် ပဲကြီးနှင့် ကုလားပဲသီးနှံ ဈေးကောင်းရလျက်ရှိခဲ့ကြပါတယ်။ မျိုးပဲ ဝယ်ယူမှုအနေဖြင့်လည်း ပဲကြီးနှင့်ကုလားပဲသီးနှံများမှာ အခြားပဲများထက်ပို၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းလေ့လာသိရှိရပါတယ်။**ခင်ဆွေဝင်း**

## အောက်တိုဘာလတတိယပတ် မုံရွာကုန်စည်ဒိုင်၏ ပဲမျိုးစုံဈေးကွက် ဒေသသုံး ပဲအချို့ဈေးတက်လာ

မုံရွာကုန်စည်ဒိုင်ဈေးကွက်တွင် အောက်တိုဘာလ တတိယပတ်မှစ၍ ပြည်ပဝယ်လက်ပဲများ ဈေးလျော့နည်းခဲ့ပြီး ဝယ်လိုအားကောင်းတဲ့ဒေသသုံးပဲတွေဖြစ်တဲ့ ပဲနီလုံးကြား၊ ပဲကြီး၊ ပဲပုပ်စေ့ နှင့်ကုလားပဲတို့ ဈေးတက်ခဲ့တာတွေ့ရပါတယ်။ ကုလားပဲဈေးကွက်မှာ ဒေသတွင်းလုပ်ငန်းသမားတွေဖြစ်ကြတဲ့ အမှုန့်ကြိတ်စက်၊ ပဲခွဲစက်သမားနှင့် ကြာဆန်စက်သမားတို့ ပုံမှန်ဝယ်ယူမှုရှိလို့ V2 တစ်တင်းလျှင် ၄၄၀၀၀ ကျပ်၊ 929တစ်တင်းလျှင် ၄၁၀၀၀ကျပ်နှင့် ထိုင်ဝမ် တစ်တင်းလျှင် ၄၃၀၀၀ ကျပ်ဖြင့် အသီးသီးဈေးမာခဲ့ပြီး တစ်ရက်အိတ် ၆၀၀ခန့်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ကုန်သည်ရပ်ကွက်မှ သိရပါတယ်။ ဒေသတွင်းလက်လီအသုံးများတဲ့ ပဲနီလုံးကြားမှာ ယခုတစ်ပတ်အတွင်း တစ်တင်းလျှင် အမြင့်ဆုံးဈေး၄၁၀၀၀ ကျပ် တစ်ရက်အိတ် ၁၀၀ခန့်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲကြီးသီးနှံမှာလည်း တစ်တင်းလျှင် ၅၂၀၀၀- ၆၅၅၀၀ ကျပ်ဖြင့်အမြင့်ဆုံးဈေးရရှိခဲ့ပြီး ဒေသတွင်း ပဲကြော်ဖိုလုပ်ငန်းများက ဝယ်ယူမှုရှိလို့ တစ်ရက်အိတ် ၁၀၀ခန့်နှင့်ပဲပုပ်စေ့မှာလည်း တစ်တင်းကျပ် ၃၂၀၀၀ ကျပ်ဖြင့် ဈေးမြင့်ခဲ့ပြီး တစ်ရက်အိတ် ၁၀၀ကျော် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ကုန်စည်ဒိုင်ရပ်ကွက်မှ သိရှိရပါတယ်။ ယခုတစ်ပတ် ငုံနီနှင့်မတ်ပဲသီးနှံဈေးဆက်လက်လျော့နည်းခဲ့ပြီး ငုံနီတစ်တင်း ၁၀၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်အားဖြင့် တစ်ရက်အိတ် ၈၀၀ ခန့်နှင့် မတ်ပဲ တစ်တင်း ၁၅၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ပုံမှန်မရှိဘဲ ယခင်တစ်ပတ်ထက်ဈေးကျဆင်းလာတာကို တွေ့ရှိရပါတယ်။ ပဲတီစိမ်းသီးနှံမှာ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်လျက်ရှိပြီး စိမ်းကြီး တစ်တင်း ၂၇၀၀၀ ကျပ်နှင့် စိမ်းသေးတစ်တင်း ၂၅၀၀၀-၂၆၀၀၀ကျပ်ဖြင့်တစ်ရက်လျှင်အိတ် ၁၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရှိရပါတယ်။

အခြားပဲမျိုးစုံဈေးကွက်မှာ စွန်တာနီတစ်တင်း ၃၂၅၀၀ ကျပ်၊ ထောပတ်တစ်တင်း၃၄၅၀၀ ကျပ်၊ မြေထောက်ပဲ တစ်တင်း ၄၀၀၀၀ကျပ်နှင့် ပုဂံပဲတစ်တင်း ၄၃၀၀၀ ကျပ်၊ ပဲလွန်းပြာ တစ်တင်း ၂၉၀၀၀ကျပ်ဖြင့် အသီးသီးဈေးမာနေခဲ့ပြီး အရောင်းအဝယ်အားဖြင့် ပဲတစ်မျိုးလျှင် တစ်ရက်အိတ် ၁၀၀ ခန့်ဖြစ်တယ်လို့မုံရွာကုန်စည်ဒိုင်ရပ်ကွက်မှလေ့လာသိရှိရပါတယ်။ **လင်းလင်းသန့်**

## ပြည်ပဲနီပြား လက်ကျန်များနဲ့အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဈေးငြိမ်နေခဲ့

သီတင်းကျွတ်ကာလအပြီး ပြည်ပဲဈေးကွက်မှာ လက်လီပဲအချို့ ပဲလက်ကျန်မရှိသလောက်ဖြစ်ခဲ့တာကြောင့် အရောင်းအဝယ်အေးခဲ့ပြီး ပဲနီပြားသီးနှံဟာဆိုလျှင်လည်း လက်လီသာ အရောင်းအဝယ်ဖြစ်ခဲ့တာကိုတွေ့ရပါတယ်။ အိတ်အနည်းငယ်သာ အရောင်းအဝယ်ဖြစ်ခဲ့ရတာကြောင့် တစ်တင်းကျပ် ၃၃၀၀၀ ဖြင့် လဆန်းရက်မှ ယခုချိန်ထိ ဈေးငြိမ်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိခဲ့ပါတယ်။ အခြားလက်လီပဲများဖြစ်တဲ့ ထောပတ်ပဲ၊ ပဲပုပ်သီးနှံများထက် ဈေးပိုရခဲ့ပြီး ဘိုကိတ် ပဲသီးနှံနှင့် ဈေးတူရလျက်ရှိကာ စားတော်ပဲ၊ ပဲလွန်းဖြူသီးနှံများထက် ဈေးလျော့နေတာကို တွေ့ရပါတယ်။ ယခင်နှစ်က ပဲနီပြားသီးနှံမှာ တစ်တင်းကျပ် ၂၃၅၀၀သာရရှိလို့ ယခုနှစ်မှာတစ်တင်းကျပ် တစ်သောင်းခန့်ပိုလာတာကိုလည်း တွေ့ရပါတယ်။ **ခင်ဆွေဝင်း**

## ပြည်ပဲတီစိမ်း ပဲအဝင်ပါးလာပေမယ့် မန္တလေးဝယ်လက်ပုံမှန်ဝယ်ယူမှုရှိ

ပြည်ပဲဈေးကွက်အတွင်း အောက်တိုဘာလလယ်မှာတော့ ပဲတီစိမ်းသီးနှံအဝင်လျော့လာခဲ့လို့ တစ်ရက်အိတ် ၁၀၀/၁၅၀ကျော်ခန့်သာ အဝင်ရှိခဲ့ပါတယ်။ ပြည်အနီးတစ်ဝိုက်နှင့် မင်းတုန်း၊ ကံမဘက်မှ ဝင်ရောက်လျက်ရှိခဲ့ပြီး မန္တလေးဝယ်လက်က နေ့စဉ်ဝယ်ယူခဲ့လို့ဝင်လာသမျှအရောင်းအဝယ်ဖြစ်နေခဲ့တာကို တွေ့ရပါတယ်။

ပဲဈေးနှုန်းမှာ ဈေးအပြောင်းအလဲမဖြစ်ဘဲ တစ်တင်းကျပ် ၂၇၅၀၀ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေခဲ့ပါတယ်။ ယခင်နှစ်က မတ်ပဲ၊ ပဲစင်းငုံတို့ထက် ယခုလိုကာလမှာ ဈေးလျော့သော်လည်း ယခုနှစ်မှာတော့ ပဲတီစိမ်းသီးနှံဈေးက အဆိုပါပဲများထက် ဈေးကောင်းနေခဲ့ပါတယ်။ **ခင်ဆွေဝင်း**

## မြန်မာ့ဆိပ်ကမ်းတွင် ၁၉ . ၁၀ . ၂၀၁၇ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း (၁) | - CAPE FLPRES | ကုန်သေတ္တာ ၅၉၇ကုန်တင်၅၁၉ကုန်ချဆဲ |
| ဆူးလေဆိပ်ကမ်း (၁) | - PATRIA | ဆန် ၁၅၀၀၀ တန်ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၂) | - HANDY STRANGER | ဆန် ၂၀၀၀၀ တန်ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၄) | - MAAN AUNG | သကြား ၇၅၀၀ တန်ကုန်ချဆဲ |
| ဆူးလေဆိပ်ကမ်း (၅) | - KIRANA NAREE | ဆန် ၂၄၅၀၀ တန်ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၇) | - ALKAR TRUST | ဆန် ၂၂၀၀၀ တန်ကုန်တင်ဆဲ |
| Myanmar Integrated Port Ltd | - LE MIN | Equipment ၂၁၆၁ တန် ကုန်တင်ရန် |
| ဗိုလ်တထောင်ဆိပ်ကမ်း(၃) | - BIPL TRUST | ကုန်သေတ္တာ ၄၉၈ကုန်တင်၄၁၉ကုန်ချဆဲ |
| သီလဝါဆိပ်ကမ်း (၁) | - SHIBA | ကုန်သေတ္တာ၁၆၀ကုန်တင်၁၄၅ကုန်ချဆဲ |
| သီလဝါဆိပ်ကမ်း (၃) | - MATHU BHUM | ကုန်သေတ္တာ ၂၃၅ကုန်တင်ဆဲ |
| MMTM JETTY | - MT.OCEAN ATUMN | Diesel Oil ၂၇၄၉၀ ကုန်ချဆဲ |
| PUMA JETTY | - MT.MEPAS | Diesel Oil ၁၇၁၀၉ + JET A1 ကုန်ချဆဲ |
| Green Asia JETTY | - MT.YU RU | MOGAS 92 RON ၁၃၂၂၅ တန်ကုန်ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SPRING NELSON | Steel Out Equipment ၆၇၄၁ တန်ကုန်တင်ရန် | - | ၁၉ ◦ ၁၀ ◦ ၂၀၁၇ |
| KO RALIA | Cement(In Bulk ) ၈၀၀၀ တန်ကုန်ချရန် | MALAYSIA | ၂၀ ◦ ၁၀ ◦ ၂၀၁၇ |
| YAAN BYAE | SUGAR ၆၁၀၀ တန်ကုန်ချရန် | THAILAND | ၂၀ ◦ ၁၀ ◦ ၂၀၁၇ |
| GLOVIS MARIA | Steel Product ၃၀၂၉၅ တန်ကုန်ချဆဲ | CHINA | ၂၀ ◦ ၁၀ ◦ ၂၀၁၇ |
| AQUAMARIN | Steel& Fertilizer ၂၉၀၀၀ တန်ကုန်ချဆဲ | CHINA | ၂၂ ◦ ၁၀ ◦ ၂၀၁၇ |
| ASIAN LEADER | Units Vehicle(RO/RO) ၄၅၂တန်ကုန်ချရန် | JAPAN | ၂၂ ◦ ၁၀ ◦ ၂၀၁၇ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| THANLWIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၉◦၁၀◦၂၀၁၇ |
| EVER ALLY | SINGAPORE | ထီးတန်းဆိပ်ကမ်း | ၁၉◦၁၀◦၂၀၁၇ |
| KOTA RAJIN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၉◦၁၀◦၂၀၁၇ |
| ANAN BHUM | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၉◦၁၀◦၂၀၁၇ |
| OEL MALAYSIA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၉◦၁၀◦၂၀၁၇ |
| MCC SINGAPORE | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၀◦၁၀◦၂၀၁၇ |
| SIMA PERFECT | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၀◦၁၀◦၂၀၁၇ |
| SIMA BANDA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၀◦၁၀◦၂၀၁၇ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၂◦၁၀◦၂၀၁၇ |
| XETHA BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၂၂◦၁၀◦၂၀၁၇ |
| SOUL OF LUCK | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၂◦၁၀◦၂၀၁၇ |
| SINAR BANDA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၅◦၁၀◦၂၀၁၇ |
| HUNSA BHUM | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၂၈◦၁၀◦၂၀၁၇ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.PRIMROSE | P'Oil (In Bulk) | - | ၁၂◦၁၀◦၂၀၁၇ |
| MT.OCEAN WINNER | ဒီဇယ်ဆီ | - | ၂၀◦၁၀◦၂၀၁၇ |
| MT. AUGIRVO | P.Oil (In Bulk) | - | ၂၀◦၁၀◦၂၀၁၇ |
| MT.SINGA PERAIS | ဒီဇယ်ဆီ | SINGAPORE | ၂၁◦၁၀◦၂၀၁၇ |
| MT.CHAO ANOMA | P.Oil (In Bulk) | INDINESIA | ၂၁◦၁၀◦၂၀၁၇ |
| MT.PRIMROSE | P.Oil (In Bulk) | INDINESIA | ၂၁◦၁၀◦၂၀၁၇ |
| MT.VERA | ဒီဇယ်ဆီ | SINGAPORE | ၂၂◦၁၀◦၂၀၁၇ |
| MT.UNA | ဒီဇယ်ဆီ | SINGAPORE | ၂၃◦၁၀◦၂၀၁၇ |
| MT.VIET STAR | P.Oil (In Bulk) | INDINESIA | ၂၅◦၁၀◦၂၀၁၇ |
| MT.GREAT DIAMOND | ဒီဇယ်ဆီ | SINGAPORE | ၂၆◦၁၀◦၂၀၁၇ |

## မကွေးတိုင်းဒေသကြီးအတွင်း ပြည်တွင်းပဲစားသုံးမှု တိုးတက်လာစေရေးအတွက် ပဲစားပွဲတော်ကျင်းပ

မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးတွင် လက်ကျန်ပဲများ ပြည်တွင်းစားသုံးမှုတိုးတက်လာရေး နည်းလမ်းများရှာဖွေဆောင်ရွက်ရန် အစီအစဉ်အရ အောက်တိုဘာ ၁၄ ရက်တွင် ပဲစားပွဲတော်ကျင်းပခဲ့ရာ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းနှင့် မကွေးတိုင်းဒေသကြီး ကုန်သည်စက်မှုအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ စားသုံးသူရေးရာဦးစီးဌာနမှဝန်ထမ်းများ တက်ရောက်ခဲ့ပါသည်။

အဆိုပါ ပဲစားပွဲတော်တွင် သီးစုံချဉ်ရည်ဟင်းအား ပဲစင်းငုံဖြင့်ချက်၍ ကျွေးမွေးခဲ့သည်။ အခမ်းအနားသို့ တက်ရောက်လာသည့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးနှင့် ကုန်သည်များနှစ်ခြိုက်စွာ စားသုံးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင်(မကွေး)**

## မုံရွာမြို့ မြေပဲစျေးကွက်တွင် တက်စျေးဖြင့် အရောင်းအဝယ်သွက်

မုံရွာကုန်စည်ဒိုင်စျေးကွက် အောက်တိုဘာလတတိယပတ် ဆီထွက်သီးနှံစျေးကွက်တွင် မြေပဲအသစ်များအနည်းငယ်ဝင်ရောက်လာပြီး ဝယ်လိုအားသွက်လာလို့ တက်စျေးဖြင့် အရောင်းအဝယ်သွက်ခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ် မြေပဲဆန်စျေးကွက်တွင် တောင်နယ်လို့ခေါ်တဲ့ချောင်းဦး၊ မြောင်၊ မြင်းမူမှလာတဲ့ မြေပဲလုံးဆန်ဖြူကစျေးပိုရခဲ့ရာ အသစ်တစ်ပိဿာလျှင်ကျပ် ၂၆၀၀နှင့် အဟောင်းတစ်ပိဿာလျှင် ၂၃၂၅ ကျပ် စျေးဖြစ်ပေါ်ခဲ့တယ်လို့ သိရှိရပါတယ်။ လုံးဆန်နီစျေးကွက်မှာတော့ အသစ်တစ်ပိဿာလျှင် ကျပ် ၂၃၀၀-၂၃၅၀၊ အဟောင်းတစ်ပိသာလျှင် ကျပ် ၂၄၅၀-၂၅၀၀ နှင့် ဆီဆန်တစ်ပိဿာလျှင် ကျပ်၁၉၃၀-၁၉၅၀ အသီးသီးပေါက်စျေးဖြစ်ပေါ်ခဲ့ပြီး အရောင်းအဝယ်အားဖြင့် တစ်ရက်လျှင် လုံးဆန်ဖြူအိတ် ၇၀၀ မှ ၁၂၀၀ ကြားနဲ့ လုံးဆန်နီအိတ် ၁၀၀ ခန့် အရောင်းအဝယ်ရှိတယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်မှ သိရှိရပါတယ်။

ယခုတစ်ပတ်နှမ်းမျိုးစုံစျေးကွက်မှာ နှမ်းဖြူတစ်တင်းကျပ် ၃၃၀၀၀-၃၆၀၀၀၊ နှမ်းညိုတစ်တင်း ကျပ် ၂၉၅၀၀နှင့် နှမ်းနက်တစ်တင်း ကျပ် ၃၃၀၀၀-၃၆၀၀၀ဖြင့် ယခင်တစ်ပတ်ထက်စျေးမြင့်ခဲ့ပြီး အရောင်းအဝယ်အားဖြင့် တစ်ရက်လျှင် နှမ်းမျိုးစုံအိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ကုန်သည်ရပ်ကွက်မှ သိရှိရပါတယ်။

**လင်းလင်းသန့်**

## ကုန်သွယ်ရေးစခန်းများမှ ရော်ဘာပိုမိုတင်ပို့

အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်အထိ သီတင်းပတ်အတွင်း မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်၊ လွယ်ဂျယ်နဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၃၂ သန်းတန်ဖိုးရှိ ရော်ဘာ ၇၁၆ တန်ခန့် တင်ပို့ခဲ့ပါတယ်။ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ RSS 3 အမျိုးအစား ၂၄၃ တန်ကျော်၊ RSS 5 အမျိုးအစား ၃၃၆ တန်ခန့်နဲ့ MSR 20 အမျိုးအစား ၆၉ တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ RSS 3 အမျိုးအစားရှစ်တန်နဲ့ Crepe Rubber ၁၀ တန်၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ရော်ဘာစေးတန်ချိန် ၅၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က အဆိုပါစခန်းများမှ ရော်ဘာ ၄၆၁ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၅၅ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ်မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာစျေးမှာ RSS 3 အမျိုး အစားတစ်တန်လျှင် ကျပ် ၂၀ ဒသမ ၂၄၅ သိန်းရှိပြီး ယခင်တစ်ပတ်ထက်တစ်တန်ကိုကျပ် ၂၈၆၃၀ စျေးတက်ကြောင်း သိရပါတယ်။ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ယခုတစ်ပတ်မှာ ရော်ဘာတင်ပို့မှုမရှိဘဲ စက်တင်ဘာလတစ်လလုံးမှာတော့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၈ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၁၀၇၇ တန်ကျော်တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ် နိုင်ငံတကာရော်ဘာစျေးမှာ RSS ရော MSR အမျိုးအစားနှစ်ခုစလုံး စျေးအတက်အကျအနည်းငယ်သာရှိတဲ့အတွက် မြန်မာ့ရော်ဘာ FOB စျေးကိုလည်း ယခင်တစ်ပတ်အတိုင်း မပြောင်းလဲဘဲ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက စျေးနှုန်းထုတ်ပြန်ထားကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

Commerce ကာတွန်း



## ပြည်ပဲဆန်စျေးကွက်တွင် ဝယ်လက်အဝယ်လိုက်လာလို့ စျေးနှုန်း ပြန်မြင့်လာ

ပြည်စျေးကွက်တွင် မြေပဲဆန်စျေး ဆက်တိုက်မြင့်တက်လာတာ တွေ့ရပါတယ်။ တန်ဆောင်တိုင်ပွဲတော်နီးလာလို့ ဝယ်လက်များက ဆင်းပြီး ဝယ်ယူနေသဖြင့် မြေပဲဆန်စျေး မြင့်လာတာ တွေ့ရပါတယ်။ ဆီစက်သမားများကလည်း မြေပဲဆီကြိတ်ရန်အတွက် ဝယ်ယူမှုရှိလာလို့ စျေးမြင့်လာသလို လုံးဆန် (အဖြူ)နဲ့ (အနီ) ကိုလည်း ရန်ကုန်နှင့် မန္တလေးဝယ်လက်များက ဝယ်ယူမှုရှိသဖြင့် တစ်ပတ်ထက်တစ်ပတ် စျေးမြင့်လာတာ တွေ့ရပါတယ်။ ယခုတစ်ပတ် မြေပဲဆန်စျေးမှာ ဆီကြိတ်မြေပဲဆန် တစ်ပိဿာလျှင် ကျပ် ၂၀၅၀ အထိရှိပြီး လုံးဆန် (အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၂၅၀၊ လုံးဆန် (အနီ) တစ်ပိဿာလျှင် ကျပ် ၂၃၀၀ အထိ ယခင်တစ်ပတ်ထက် စျေးမြင့်လာတာ တွေ့ရပါတယ်။ မြေပဲဆန် ဝင်ရောက်မှုမှာ မြန်အောင်၊ ကြံခင်း၊ ပေါက်ခေါင်းနှင့် ရွှေတောင်ဘက်မှ တစ်နေ့လျှင် အိတ် ၁၀၀၀ ခန့်ဝင်ရောက်လာပြီး ဆီကြိတ်မြေပဲဆန် အိတ် ၅၀၀ ခန့်နှင့် လုံးဆန်အိတ် ၄၀၀ ခန့် နေ့စဉ် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ **ဝေဝေမင်း**

## ကြက်သွန်နီ

### ပြည်ကြက်သွန်နီဈေးကွက်မှာ ဈေးနှုန်းများပိုမိုမြင့်တက်

ယခုတစ်ပတ် ပြည်ဈေးကွက်၌ ကြက်သွန်နီဈေးနှုန်းများ ပိုမိုမြင့်တက်လျက်ရှိနေတာတွေ့ရပါတယ်။ တစ်ပိဿာလျှင် ပျမ်းမျှအနေဖြင့် လက်လီ/လက်ကား ကျပ် ၂၀၀-၂၅၀ခန့်ထိ ဈေးမြင့်သွားကြောင်းသိရပါတယ်။ ဈေးမြင့်သည့်အတွက် စားသုံးသူများက ဝယ်လိုအားနည်းလာတာကြောင့် ပွဲရုံလုပ်ငန်းရှင်များမှလည်းမှာယူမှုနည်းကာ ပြည်ဈေးကွက်သို့ဝင်ရောက်မှု သိသိသာသာနည်းသွားကြောင်း တွေ့ရပါတယ်။ ပြည်ဈေးကွက်သို့ ဆိပ်ဖြူ ကျောက်ပန်းတောင်းနယ်တို့မှ ပိဿာ ၃၀ ဝင်အိတ် ၂၀၀ ပတ်လည် ဝင်ရောက်ကြောင်း သိရပါတယ်။ ဈေးမြင့်သွားတဲ့အတွက် ပုံမှန်ဝယ်လက်များဖြင့်သာ အရောင်းအဝယ်ရှိနေတာကြောင့် အရောင်းအဝယ်သိသာစွာ နည်းပါးသွားကြောင်း တွေ့ရပါတယ်။

ကထိန်ရာသီဖြစ်ပေမယ့် ကြက်သွန်နီဈေးမြင့်သည့်အတွက် အလှူအတန်းပြုလုပ်သူများက မသုံးမဖြစ်နေရာများ၌သာ သုံးစွဲကြသဖြင့် ဝယ်လိုအားနည်းကာ ပွဲရုံလုပ်ငန်းရှင်များ တွက်ခြေကိုက်မှုမရှိကြောင်းသိရပါတယ်။ ဈေးနှုန်းများအနေနဲ့ ယခုတစ်ပတ် ပွဲရုံလက်ကားဈေးတစ်ပိဿာလျှင်(ကြီး)ကျပ် ၂၅၀၀-၂၆၀၀၊ (လတ်) ကျပ်၂၄၀၀၊(သေး)ကျပ် ၂၁၀၀-၂၃၀၀တို့ရှိပြီး လက်လီဈေးအသေးများတွင်(ကြီး) ကျပ်၂၈၀၀-၂၉၀၀၊ (လတ်) ကျပ် ၂၆၀၀-၂၇၀၀၊ (သေး)ကျပ် ၂၄၀၀ နှုန်းတို့ဖြင့် ရောင်းဝယ်လျက်ရှိပါတယ်။ ယခင်တစ်ပတ်က လက်ကားဈေးတစ်ပိဿာ(ကြီး) ကျပ်၂၃၀၀-၂၃၅၀၊ (လတ်) ကျပ် ၂၂၀၀၊ (သေး) ကျပ် ၁၈၅၀-၂၁၀၀ နှုန်းတို့ရှိပြီး လက်လီဈေးများတွင်(ကြီး)ကျပ် ၂၇၀၀-၂၈၀၀၊ (လတ်) ကျပ်၂၅၀၀-၂၆၀၀၊(သေး) ကျပ် ၂၃၀၀-၂၄၀၀တို့ဖြင့် ရောင်းဝယ်လျက်ရှိတဲ့အတွက် ယခုတစ်ပတ်ဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးနှုန်းထက် ပိုမိုမြင့်တက်လျက်ရှိနေတာတွေ့ရပါတယ်။ တရုတ်ကြက်သွန်နီများအနေဖြင့် ထပ်မံဝင်ရောက်မှုမရှိတော့ဘဲ လက်ကျန်ကုန်ပစ္စည်းများဖြင့်သာ အရောင်းအဝယ်ရှိပြီး တစ်ပိဿာလျှင် လက်လီ/လက်ကား ကျပ် ၁၅၀၀-၁၇၀၀တို့ဖြင့်ရောင်းဝယ်နေကြောင်းသိရပါတယ်။ **ဝင်းလှဲ့ဝါ(ပြည်)**

## ပြောင်း

### တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ပြောင်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော်စခန်းသုံးခုမှ အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၅၁၇ သန်း တန်ဖိုးရှိ ပြောင်းဖူးစေ့ ၂၆၆၃၅ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၂၃၃၁၇ တန်ခွဲ၊ လွယ်ဂျယ်မှ ၂၈၃၀ တန်ကျော်နဲ့ ချင်းရွှေဟော်မှ ၄၈၇ တန်ခွဲဖြစ်ပါတယ်။ ယခင်တစ်ပတ်က တရုတ်နယ်စပ်ရှိကုန်သွယ်ရေးစခန်းစုံမှ ပြောင်းတန်ချိန် ၁၉၁၂၆ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ် ၇၅၀၉ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ် ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်ကို ၂၉၄၉၄၉ ကျပ် ရှိရာမှ အောက်တိုဘာ ၇ရက်မှ ၁၃ရက်အထိ သီတင်းပတ်မှာ ၃၄၄၂၆၂ ကျပ်သို့ ဈေးအနည်းငယ် မြင့်တက်ခဲ့ကြောင်း၊ မူဆယ်သို့ပြောင်းကား ၈၂၃ စီး ဝင်ရောက်ခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံဝယ်ဈေးမှာ ယွမ် ၁၈၀၀ ရှိကြောင်း၊ မန္တလေး-မူဆယ် သယ်ယူစရိတ်မှာ ပြောင်းတစ်ပိဿာကို ကျပ်၅၀ မှ ကျပ် ၅၃ ရှိကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**

### ရှမ်းပြောင်းအဝင်မရှိလို့ ဈေးမြင့်တက်လာ

ရှမ်းပြည်နယ်(တောင်ပိုင်း)မှာအခုထိ မိုးမပြတ်သေးပါဘူး။ မုန်တိုင်းအရှိန်ကြောင့် မိုးကောင်းနေပါတယ်။ မိုးမပြတ်သေးတာကြောင့် ပြောင်းတွေကိုလည်း ရိတ်သိမ်းလို့ မရသေးဘူးလို့သိရပါတယ်။ ဈေးကွက်မှာလည်း ပစ္စည်းအဝင်နည်းနေတော့ အရင်လကထက်ပိုပြီးဈေးတက်လာပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ ပြောင်းကို မြို့နယ်အနှံ့စိုက်ပျိုးကြပြီး အဓိကရောင်းကုန်အဖြစ် ထုတ်လုပ်ကြတာဖြစ်ပါတယ်။ နှစ်စဉ်သီတင်းကျွတ်ပြီးရင် ပစ္စည်းတွေအဝင်များလာပေမယ့် ဒီနှစ်တော့ မိုးကြောင့် မရိတ်သိမ်းနိုင်လို့ တန်ဆောင်မုန်းလမှ ဝင်လာနိုင်မယ်လို့ ဈေးကွက်က သိရပါတယ်။အခုလောလောဆယ်မှာ အစိုဓာတ်တွေရှိနေသေးတာကြောင့် ဈေးကွက်မှာအနည်းအကျဉ်းသာ ဝင်ရောက်နေတယ်လို့ သိရပါတယ်။ တိရစ္ဆာန်အစာစပ်စက်ရုံတွေဖြစ်တဲ့ CP ကုမ္ပဏီ၊ တက်ချောင်ကုမ္ပဏီတွေကလည်း ပြောင်းအသစ်တွေကိုဝယ်ယူဖို့ပြင်ဆင်နေကြပါပြီ။ CPကုမ္ပဏီကတော့ တန်ဆောင်မုန်းမှာ စပြီးဝယ်ယူမှာဖြစ်ပြီး တန်ချိန် နှစ်သောင်းခန့်ဝယ်ယူဖို့ လျာထားချက်ရှိတယ်လို့တာဝန်ရှိသူတစ်ဦးထံမှသိရှိရပါတယ်။

ဒီတစ်ပတ် တောင်ကြီးဈေးကွက်မှာ ပြောင်းသစ် တစ်ပိဿာပေါက်ဈေးက ၄၂၅ကျပ်ရှိပါတယ်။ယခင်လက တစ်ပိဿာကို ကျပ်၃၆၀မှ ၃၈၀သာရှိပြီး ဒီတစ်ပတ်ပေါက်ဈေးက ၄၂၅ ကျပ်ရှိလို့ တစ်ပိဿာကို ၄၅ ကျပ်ခန့် ဈေးတက်လာကြောင်း သိရပါတယ်။ **ဇေခိုင်(တောင်ကြီး)**

## နနွင်း

### ပင်လယ်ရေကြောင်းလမ်းမှ နနွင်းပုံမှန်တင်ပို့

အောက်တိုဘာ ၈ ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်း နနွင်း (ရှမ်းစ) ၅၄ ဒသမ ၉တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အီရန်နိုင်ငံသို့ ၂၇ တန်နဲ့ အိန္ဒိယနိုင်ငံသို့ ၂၇ ဒသမ ၉ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ နနွင်း ၅၈ တန် နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ နနွင်း ၄တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတစ်တန်ကို ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၀၀-၇၂၀ ရရှိခဲ့လို့ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၉၂၅၄ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း**(DOT)

### မူဆယ်မှ နနွင်းတက် ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာ ၇ရက်မှ ၁၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅၆၉၁၄ တန်ဖိုးရှိ နနွင်းတက် (ရှမ်းစ) ၇၉ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၆၆ တန်နဲ့ နှိုင်းယှဉ်ပါက ၁၃ တန်ခန့် ပိုမိုတင်ပို့ခဲ့ပါတယ်။ မူဆယ်မှာ နနွင်းတက်တစ်တန်ကို လိုင်စင်ဈေး အမေရိကန်ဒေါ်လာ ၇၁၅ ရှိတယ်လို့ သိရပါတယ်။ **မော်မော်အောင်**

### ဟိုပုံးနနွင်းကို ရန်ကုန်ဝယ်လက်များက ဝယ်ယူ

ရှမ်းနနွင်းကတော့ ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်။ ဝယ်လက်တွေက လည်းလိုချင်တဲ့ အရည်အသွေးတွေကို ရွေးပြီးဝယ်နေကြတာကြောင့် တစ်ခါတစ်လေမှာ ထိပ်စကို ဝယ်ယူသလို တစ်ခါတစ်ရံမှာလည်း ညှံ့စတွေကို ဝယ်ယူတာရှိနေပါတယ်။ ဒီတစ်ပတ်ကတော့ ဟိုပုံးနနွင်းကို ရန်ကုန်ဝယ်လက်တွေက ဝယ်ယူနေပါတယ်။ ဝယ်ယူတဲ့နနွင်းက ညှံ့စတွေဖြစ်တယ်လို့သိရပါတယ်။ တစ်ပတ်အတွင်းမှာ နနွင်းပိဿာချိန်ပေါင်း တစ်သိန်းခန့်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဟိုပုံးဈေးကွက်မှ သိရှိရပါတယ်။ ဟိုပုံးဈေးကွက်မှာတော့ နနွင်းဈေးတွေက ညှံ့စဆိုရင် တစ်ပိဿာကျပ် ၁၁၀၀ မှ ၂၆၀၀ ဈေးထိရှိနေပါတယ်။ လောလောဆယ်မှာတော့ ညှံ့စတွေသာအရောင်းအဝယ်ဖြစ်နေပါတယ်။ **ဇေခိုင် (တောင်ကြီး)**

## ချင်း

### အောင်ပန်းဈေးကွက်မှာ တစ်ပတ်အတွင်း ချင်းစိုရော ချင်းခြောက်ပါ အရောင်းအဝယ်ဖြစ်

သီတင်းကျွတ်အပြီး အောင်ပန်းဈေးကွက်မှာ ချင်းအသစ်တွေစပြီး ဝင်လာပါတယ်။ တောင်ပို့လနဲ့ တီကျစ်မှ ချင်းအသစ်များ စတင်ဝင်ရောက်လာတာဖြစ်တယ်လို့ သိရပါတယ်။ ချင်း(ဥမ)တွေလည်း လက်ကျန်ရှိနေပါသေးတယ်။ ဥမတွေကတော့ ချင်းတက်တွေလောက်အထားမခံပါဘူး။လောလောဆယ်မှာတော့ ချင်း(ဥမ)တွေကိုသာ အရောင်းအဝယ်ပြုလုပ်နေရပါတယ်။ ပြည်တွင်းသုံးအတွက် ပုံမှန်ဝယ်ယူနေတဲ့ တပ်ကုန်း၊ ရန်ကုန်၊ ပြည်၊ မုံရွာဝယ်လက်တွေ ဝယ်ယူနေတာကြောင့် တစ်ပတ်အတွင်း ချင်း(စို) ပိဿာချိန်ပေါင်း ၁ ဒသမ ၅ သိန်းနဲ့ချင်းခြောက်ပိဿာချိန်ပေါင်း ခုနစ်သောင်း အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ အောင်ပန်းဈေးကွက်မှ သိရပါတယ်။

ဟိုပုံးဈေးကွက်မှာတော့ ချင်း(ဥမ)ရော ချင်းခြောက်ပါဝယ်လက်မရှိအရောင်းအဝယ်မဖြစ်တာကြောင့်ပစ္စည်းတွေ ပုပ်ကုန်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်ချင်းတစ်ပိဿာဈေးနှုန်းတွေက အောင်ပန်းဈေးကွက်မှာ ချင်း(ဥမ)တစ်ပိဿာကို ကျပ် ၄၀၀၊ ချင်းတက်သစ်က တစ်ပိဿာ ကျပ် ၃၀၀၊ ချင်းခြောက်က ကျပ် ၁၀၀၀ မှ ၁၁၀၀ ဈေးရှိပြီး၊ ဟိုပုံးချင်းခြောက်က တစ်ပိဿာ ကျပ် ၁၃၀၀ ဈေးရှိပါတယ်။

**ဇေခိုင်(တောင်ကြီး)**

### ပင်လယ်ရေကြောင်းမှ ချင်းတင်ပို့



အောက်တိုဘာ ၈ ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်း ချင်း ၁၆ တန်ကို ပါကစ္စတန်နိုင်ငံသို့ ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းသုံးပတ်ကျော် အပို့ပျောက်ခဲ့တဲ့ချင်းက ဒီတစ်ပတ်မှ ပြန်လည်တင်ပို့ခြင်းဖြစ်တယ်လို့သိရပါတယ်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၉၉၂၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း**(DOT)

## ပရဆေး

### မူဆယ်မှ ပရဆေးကုန်ကြမ်း လျော့နည်းတင်ပို့

အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၁၃၀ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် (၇) မျိုး၊ တန်ချိန်အားဖြင့် တန်၁၃၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၇၉ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၁၄၉ တန် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ ယခုတစ်ပတ် တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ မိကျောင်းကွမ်းဖတ်စေ့၊ ဆီးဆန်၊ နနွင်းတက်၊ တောချင်း၊ တောဂျုံးမြစ်၊ ကြောင်လျှာစေ့နဲ့ ချဉ်ပေါင်ဖာလာ (အခွံပါ)တို့ဖြစ်ပါတယ်။

မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးကုန်သွယ်ရေးစခန်းမှလည်း အမေရိကန် ဒေါ်လာ ၃၁၁၀ တန်ဖိုးရှိ ဆောင်းမေခါး တစ်တန်ကို မြန်မာနိုင်ငံသို့ တင်သွင်းခဲ့ပါတယ်။ ဆောင်းမေခါး တစ်တန်ရဲ့ မိမိဘက် ပေါက်ဈေးမှာ (ငွေလဲနှုန်းအရ) ကျပ် ၄၂၃၀၀၀၀ ရှိတယ်လို့ သိရပါတယ်။ **မော်မော်အောင်**

## နှမ်း

### ပြည်နှမ်းဈေးကွက်တွင် မန္တလေးဝယ်လက်များက အဝယ်လိုက်လာလို့ ဈေးပြန်မြင့်လာ

ပဲခူးတိုင်းဒေသကြီး (အနောက်) ပြည်ဈေးကွက်တွင် ယခုတစ်ပတ် နှမ်းနီဈေးမှာ ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေပြီး နှမ်းနက်နှင့် စမုံနက်နှမ်းမှာ ဝယ်လက် အဝယ်ရှိလို့ ဈေးအနည်းငယ်ပြန်တက်လာတာ တွေ့ရပါတယ်။ တစ်နေ့လျှင်အိတ်၇၀၀-၈၀၀ ခန့် ဝင်ရောက်မှုရှိပြီး မန္တလေးဝယ်လက်များက ဝယ်ယူမှုရှိသဖြင့် တစ်နေ့လျှင် နှမ်းနက်နှင့် စမုံနက်နှမ်း အိတ် ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်ပြီး နှမ်းနီမှာ တစ်နေ့လျှင် အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ် ပြည်ဈေးကွက်တွင် ဖြစ်ပေါ်လျက်ရှိသော နှမ်းဈေးနှုန်းများမှာ နှမ်းနီ သုံးတင်းတစ်အိတ်လျှင် ကျပ် ၉၆၀၀၀ ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး၊ နှမ်းနက်သုံးတင်းတစ်အိတ်လျှင် ကျပ် ၉၅၀၀၀ နှင့် စမုံနက်နှမ်း သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် နှမ်းနက်မှာ ကျပ် ၂၀၀၀ နှင့် စမုံနက်နှမ်းမှာ ကျပ် ၅၀၀၀ ဈေးမြင့်လာတာ တွေ့ရပါတယ်။

**ဝေဝေမင်း**

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်လျက်ရှိသည့် ထားဝယ်အထူးစီးပွားရေးဇုန်

မြန်မာနိုင်ငံ၏ အထူးစီးပွားရေးဇုန်(SEZ) များသည် စက်မှုကုန်ချော ထုတ်လုပ်မှုလုပ်ငန်းများအတွက် အဓိကအရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး အင်သစ်အားသစ်များဖြင့်ဖြည့် ဆည်းထားသည့် တိုင်းပြည်စီးပွားရေးမဟာဗျူဟာတွင်လည်းအလွန်အရေးကြီးပါသည်။ တိုးတက်မှုမရှိဘဲ ရပ်တန့်နေသော အထူးစီးပွားရေးဇုန် (SEZ)များကိုပြန်လည်အသက်ဝင်လာစေခြင်းနှင့် အားသွန်ခွန်စိုက် ဆောင်ရွက်ခြင်းသည် မြန်မာအစိုးရ၏ ဦးစားပေး အရေးကြီးအစီအစဉ်များဖြစ်လာပါသည်။ အထူးစီးပွားရေးဇုန်များ(SEZs) သည် နည်းပညာလွှဲပြောင်းရယူခြင်း၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုကိုတွန်းအားပေးခြင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုဆွဲဆောင်နိုင်ကြောင်း မြန်မာအစိုးရ၏ စီးပွားရေး အကြံပေး Mr. Sean Turnell က Asia Focus သို့ ပြောကြားပါသည်။

မြန်မာနိုင်ငံ၏ အနာဂတ်စက်မှုကဏ္ဍတိုးတက်ရေးအတွက် အထူးစီးပွားရေးဇုန်များ (SEZs) အား အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ ပုံစံတကျနှင့် ဆွဲဆောင်မှုအမျိုးမျိုးကို ပံ့ပိုးဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် အထူးစီးပွားရေးဇုန်များ(SEZs)နှင့် ပြည်တွင်းစက်မှုလုပ်ငန်းများကိုချိတ်ဆက်ပေးနိုင်ခြင်းအားဖြင့် စက်မှုကဏ္ဍ၏ ကုန်ထုတ်လုပ်မှုကို တိုးတက်လာရန် မျှော်မှန်းနိုင်ကြောင်း၊ လျှပ်စစ်စွမ်းအား၊ ရေနှင့် လုံလောက်သော သယ်ယူပို့ဆောင်ရေးဆိုင်ရာ ပံ့ပိုးပေးခြင်း၌ စိန်ခေါ်မှုများစွာရှိနေပြီး လက်ရှိအချိန်တွင် ကုန်ထုတ်လုပ်မှုအညွှန်းကိန်း ကျဆင်းနေသည့် ကုန်ချောထုတ်လုပ်မှုကဏ္ဍအား အရှိန်အဟုန်ဖြင့် ပြန်လည်မြှင့်တင်ရန်လိုအပ်ကြောင်း မြန်မာနိုင်ငံ၊ စက်မှုဝန်ကြီးဌာနမှအမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်က ပြောကြားခဲ့ပါ သည်။

ဂျပန်နိုင်ငံနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်လျက်ရှိသည့် ရန်ကုန်မြို့တောင်ပိုင်းဒေသရှိ သီလဝါအထူးစီးပွားရေးဇုန်သည် မြန်မာအစိုးရ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်ခဲ့သည့် စံနမူနာပြ စီးပွားရေးဇုန်တစ်ခုဖြစ်ကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်သည် ယခင်အစိုးရလက်ထက်က အကောင်အထည်ဖော်ခဲ့သည့်စီမံကိန်းများအနက် အောင်မြင်မှုအရှိဆုံး စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ အခြားစီးပွားရေးဇုန်နှစ်ခုဖြစ်သော ထိုင်းနိုင်ငံနှင့် အလွန်နီးကပ်ပြီး မြန်မာနိုင်ငံတောင်ပိုင်းရှိ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် မြန်မာနိုင်ငံ၏ အနောက်ပိုင်းရခိုင်ပြည်နယ်ရှိ ကျောက်ဖြူအထူးစီးပွားရေးဇုန်တို့သည် တိုးတက်မှုရပ်တန့်နေပြီး အစိုးရ၏ အတည်ပြုချက်များရရှိရေးကို စောင့်ဆိုင်းနေသည့်စီမံကိန်းများဖြစ်ကြောင်းဖော်ပြထားပါသည်။

သီလဝါအထူးစီးပွားရေးဇုန်ကို ရည်မှန်းထားသည့်အတိုင်း အောင်မြင်အောင် အကောင်အထည်ဖော်နိုင်မည်ဖြစ်သော်လည်း အခြားအထူးစီးပွားရေးဇုန်နှစ်ခုဖြစ်သော ထားဝယ်နှင့် ကျောက်ဖြူတို့၏ အောင်မြင်မှုများသည် သီလဝါအထူးစီးပွားရေးဇုန်နှင့် မတူညီနိုင်ကြောင်း၊ သို့သော် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ပတ်သက်၍ မြန်မာနှင့်ထိုင်း နှစ်နိုင်ငံအစိုးရတာဝန်ရှိပုဂ္ဂိုလ်များ၏ မကြာခင်လများအတွင်းက တွေ့ဆုံဆွေးနွေးမှုသည် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်လာစေရန် မျှော်လင့်ချက်များစွာတွေ့မြင်ရလာကြောင်း၊ ယခုနှစ် အစောပိုင်းကာလအတွင်း နှစ်နိုင်ငံ အဆင့်မြင့်ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးမှုသည် ထားဝယ်အထူးစီးပွားရေးဇုန်ကို ပြန်လည်စတင်ရန်နှင့် အရှိန်မြှင့်တင်ဆောင်ရွက်ရန်အတွက် မြန်မာအစိုးရ၏အဆင့်မြင့်ကော်မတီတစ်ခုကိုဖွဲ့စည်းရန် တွန်းအားပေးနိုင်ခဲ့ကြောင်း ဖော်ပြထားပါသည်။

ထိုင်းနိုင်ငံအခြေစိုက် အီတာလျံ-ထိုင်းကုမ္ပဏီ(Italian-Thai Development Plc-ITD) အနေဖြင့် ထားဝယ်အထူးစီးပွားရေးဇုန်အပေါ် စိတ်ဝင်စားမှုရှိသည်ကို နှစ်ဖက်အစိုးရ အဆင့်မြင့်ကိုယ်စားလှယ်များတွေ့ဆုံမှု မတိုင်ခင်ကတည်းက ထုတ်ဖော်ပြောဆိုခဲ့ကြောင်း၊ ရေနက်ဆိပ်ကမ်း၊ စက်မှုဇုန်ဖော်ဆောင်ခြင်း၊ ထားဝယ်နှင့် ထိုင်းနိုင်ငံဘက်ခြမ်းရှိကမ်ချနဘူရီကို ချိတ်ဆက်ဖောက်လုပ်မည့်ခေတ်မီရထားလမ်းနှင့် မော်တော်ကားလမ်း တည်ဆောက်ရေးစသည့်စီမံကိန်းများပါဝင်ပါသည်။ ရေနက်ဆိပ်ကမ်း တည်ဆောက်ခြင်းနှင့် ပို့ဆောင်ဆက်သွယ်ရေးကွန်ရက် မြှင့်တင်ခြင်းလုပ်ငန်းများသည် အခြားသောနိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်မည်ဖြစ်ပါသည်။

ထားဝယ်အထူးစီးပွားရေးဇုန်မှ ရရှိမည့်အကျိုးကျေးဇူးသည် ထိုင်းနိုင်ငံအတွက်သာမက အခြားနိုင်ငံများလည်း ရရှိခံစားနိုင်မည်ဖြစ်ပါသည်။ မော်တော်ကားလမ်းနှင့် ရထားလမ်းများသည် မဟာမဲခေါင်ဒေသခွဲရှိအမျိုးမျိုးသောစီးပွားရေးစင်္ကြံများ အချင်းချင်းကွန်ရက်ချိတ်ဆက်မှု၏ အဓိကကျသည့်အစိတ်အပိုင်းတစ်ခုဖြစ်ပြီး မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်အကြား ထိရောက်မြန်ဆန်သည့်ဆက်သွယ်ရေးကိုဖန်တီးနိုင်ပါသည်။ ထို့နောက် မြန်မာ၊ ထိုင်း၊ လာအိုနှင့် ဗီယက်နမ်ကို ချိတ်ဆက်မည့် အရှေ့-အနောက် စီးပွားရေးစင်္ကြံ(East-West Economic Corridor - EWEC)ကိုလည်း ထောက်ပံ့ပေးမည့်စီမံကိန်းတစ်ခုဖြစ်ပါသည်။ ထို့အပြင် တရုတ်အစိုးရက ကမကထဆောင်ရွက်လျက်ရှိသည့် Belt and Road programme ၏ မဟာဗျူဟာနှင့်လည်း ကိုက်ညီမှုရှိသည့်စီမံကိန်းတစ်ခုဖြစ်ပါသည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံရှိ မော်လမြိုင်မှတစ်ဆင့် ကပ္ပလီပင်လယ်သို့ချိတ်ဆက်မည့် ပင်လယ်လမ်းကြောင်းအတွက် ထိုင်းနိုင်ငံမှ ချိတ်ဆက်မည်ဖြစ်ပါသည်။ တရုတ်နိုင်ငံသည် ဥရောပတိုက်အထိ ဆက်သွယ်ရေးလမ်းကြောင်းများဖြင့် ချိတ်ဆက်ရန် ရည်မှန်းထားရာလန်ဒန်မြို့သို့ ပို့ဆောင်ပေးသည့် ကုန်ပို့ရထားလမ်း ဝန်ဆောင်မှုကို စတင်ခဲ့ပြီးဖြစ်ပါသည်။ တရုတ်နိုင်ငံ ကူမင်းမြို့ကိုဖြတ်သန်းဖောက်လုပ်မည့် မော်တော်ကားလမ်းနှင့် ရထားလမ်းများသည် မဲခေါင်ဒေသအတွင်းရှိ နိုင်ငံများကိုလည်း အကျိုးရှိစေမည်ဖြစ်ပါသည်။ အာဆီယံနိုင်ငံများအနေဖြင့် ဗဟိုဥရောပဒေသသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ဆက်သွယ်ရေး ကုန်ကျစရိတ်နှင့် အချိန်ကိုလျှော့ချပေးမည်ဖြစ်ပါသည်။ ထိုင်းနိုင်ငံမှ ကုန်စည်များကို ဗဟိုဥရောပနှင့် အရှေ့အလယ်ပိုင်းဒေသသို့ ပို့ဆောင်ရေးအတွက် အဆိုပါလမ်းပိုင်းကို အသုံးပြုမည်ဆိုပါက ပင်လယ်ရေကြောင်းကိုအသုံးပြုခြင်းထက် ပိုမိုအဆင်ပြေ၍ ၁၀ ရက်မှ ၁၅ ရက်အတွင်း ရောက်ရှိနိုင်ကြောင်း ထိုင်းနိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးအဖွဲ့အစည်း၏ ညွှန်ကြားရေးမှူး Suwit Tatanachinda က ပြောကြားပါသည်။

မြန်မာနိုင်ငံ၏ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းသည် ထိုင်းနှင့် တရုတ်ကုန်ထုတ်လုပ်သူများအတွက် အိန္ဒိယဈေးကွက်နှင့် အရှေ့အလယ်ပိုင်းဒေသဈေးကွက်များသို့ ထိုးဖောက်နိုင်ရုံသာမက ဥရောပဈေးကွက်အထိအလျင်အမြန်ချိတ်ဆက်ပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ဒေသတစ်ခုလုံးအတွက် အကျိုးကျေးဇူးကြီးမားစွာရှိသည့် အချက်သည် ထားဝယ်စီမံကိန်းကို စတင်အကောင်အထည်ဖော်ရန် အဓိကအရေးပါသည့် အချက်ဖြစ်ပြီး ၁၃၈ ကီလိုမီတာ ရှည်လျားသည့် ထားဝယ်ဆိပ်ကမ်းနှင့် ထိုင်းနိုင်ငံ၊ ကမ်ချနဘူရီရှိ ဘမ်ပူနမ်ကို ချိတ်ဆက်မည့်မော်တော်ကားလမ်းကို မကြာမီအချိန်တွင် စတင်ဖောက်လုပ်နိုင်ရန် မျှော်မှန်းထားပါသည်။

မြန်မာအစိုးရသည် အဆိုပါမော်တော်ကားလမ်းကို တည်ဆောက်ရန်အတွက် ထိုင်းဘတ် ၄ ဒသမ ၅ ဘီလီယံကို ထိုင်းနိုင်ငံမှချေးငွေရယူရန် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် သဘောတူညီခဲ့ပါသည်။ ချေးငွေအတိုးနှုန်းမှာ သုည ဒသမ ၁ ရာခိုင်နှုန်းဖြစ်ပြီး ပထမ ၁၀ နှစ်ကင်းလွတ်ခွင့်ရရှိ၍ နှစ်ပေါင်း ၂၀ အတွင်း ပြန်လည်ပေးဆပ်ရမည်ဖြစ်ပါသည်။

ထားဝယ် အထူးစီးပွားရေးဇုန် စီမံကိန်းတွင် အီတာလျံ-ထိုင်း ကုမ္ပဏီအပြင် အခြားပါဝင်သည့် ကုမ္ပဏီများမှာ Rojana Industrial Park Co,Ltd. နှင့် LNG Plus International Co,Ltd တို့ဖြစ်ကြပါသည်။ ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းကို အကောင်အထည်ဖော်ရန် ၂၀၀၈ ခုနှစ်တွင် မြန်မာ-ထိုင်း နှစ်နိုင်ငံအစိုးရက သဘောတူလက်မှတ်ရေးထိုးခဲ့ရာ သက်တမ်းအားဖြင့် ဆယ်စုနှစ်တစ်ခုနီးပါး ကြာမြင့်လာပြီဖြစ်ပါသည်။ ၂၀၀၈ ခုနှစ်၊ ဇွန်လတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့နှင့် အီတာလျံ-ထိုင်းကုမ္ပဏီတို့သည် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြပြီး နောက်နှစ်နှစ်အကြာတွင် မြန်မာအစိုးရသည် အီတာလျံ-ထိုင်းကုမ္ပဏီကို နှစ် ၆၀ လုပ်ပိုင်ခွင့်ပေးခဲ့ပါသည်။ ထိုင်းနိုင်ငံတွင် စစ်အစိုးရ အာဏာရရှိလာသည့်နောက်ပိုင်းတွင်အီတာလျံ-ထိုင်းကုမ္ပဏီသည်ရင်းနှီးမြှုပ်နှံသူများကို မဆွဲဆောင်နိုင်ခြင်း သို့မဟုတ် ငွေကြေးအရင်းအနှီး မလုံလောက်မှုဖြင့် ကြုံတွေ့ခဲ့ပါသည်။ ထို့ကြောင့် နှစ်နိုင်ငံအစိုးရသည် ထားဝယ်စီမံကိန်းအတွက် လုပ်ငန်းအဖွဲ့အသစ်ကို ဖွဲ့စည်းခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် စီမံကိန်းအတွက် သဘောတူညီချက်များ ပြန်လည်လက်မှတ်ရေးထိုးခြင်းမပြုမီ အီတာလျံ-ထိုင်းကုမ္ပဏီသည် ဘဏ္ဍာရေး အခက်အခဲကြောင့် ၂၀၁၃ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် မူလသဘောတူညီချက်မှ နှုတ်ထွက်သွားခဲ့ပါသည်။

တရုတ်နှင့် ဂျပန်တို့သည် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းကို ကျောထောက်နောက်ခံပေးခဲ့ကြရာ စုစုပေါင်း ကုန်ကျစရိတ်အမေရိကန်ဒေါ်လာ နှစ်ဘီလီယံခန့်ရှိမည့် စီမံကိန်း ပထမအဆင့်အတွက် လိုအပ်သောငွေကြေးကို ယင်းနိုင်ငံများမှရရှိနိုင်ပြီး တရုတ်နိုင်ငံသည်ဆိပ်ကမ်းတည်ဆောက်ရေးကို စိတ်အားထက်သန်မှုရှိပါသည်။ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါ်လဲ့လဲ့မော်သည် ယခုနှစ်ဆန်းပိုင်းတွင် ဂျပန်နိုင်ငံသို့သွားရောက်လည်ပတ်သည့်ခရီးစဉ်အတွင်း ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းနှင့်ပတ်သက်၍ နှစ်ဖက်ဆွေးနွေးမှုများရှိခဲ့ရာ ဂျပန်အစိုးရအနေဖြင့် ပံ့ပိုးကူညီမှုများပေးနေမည်ဟု ကတိပြုပြောကြားခဲ့သော်လည်း တိတိကျကျထုတ်ပြန်ခဲ့ခြင်း မရှိကြောင်းသိရှိရပါသည်။ အဆိုပါဆွေးနွေးမှုနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ထုတ်ပြန်ခြင်းမရှိခဲ့သော်လည်း ဂျပန်နိုင်ငံသည် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းကို အလွန်စိတ်ဝင်စားမှုရှိကြောင်း သိရှိရပါသည်။ ၂၀၁၅ ခုနှစ် နှစ်လယ်တွင် ဂျပန်နိုင်ငံတွင်ကျင်းပခဲ့သည့် ဂျပန်-အာဆီယံ ထိပ်သီးအစည်းအဝေးတွင် မြန်မာနှင့် ထိုင်းနှစ်နိုင်ငံတို့သည် ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းအတွက် နားလည်မှုစာချွန်လွှာကို ပြန်လည် လက်မှတ်ရေးထိုးခဲ့ကြပြီး ဂျပန်နိုင်ငံလည်း ပါဝင်လာပါသည်။ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီတွင် အစုရှယ်ယာကို သုံးနိုင်ငံမှ အချိုးကျထည့်ဝင်ရန် သဘောတူညီခဲ့ကြပါသည်။

ထိုင်းနိုင်ငံအစိုးရသည် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းကို စိတ်ဝင်စားမှုရှိသည့်နည်းတူ မြန်မာနိုင်ငံအစိုးရသည်လည်း ၂၀၁၆ နှစ်ကုန်ပိုင်းမှစတင်၍ စီမံကိန်းအခြေအနေများကို ပြန်လည်သုံးသပ်ခဲ့ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန်နှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို စတင်ဆောင်ရွက်ရေးကို တွန်းအားပေးဆောင်ရွက်နေကြောင်း ဖော်ပြထားပါသည်။

ထားဝယ်အထူးစီးပွားရေးဇုန်၏ ပထမအဆင့်စီမံကိန်းတွင် ထိုင်းနိုင်ငံ၊ ကမ်ချနဘူရီနှင့် စီးပွားရေးဇုန်ကို ချိတ်ဆက်ပေးသည့် နှစ်လမ်းသွားမော်တော်ကားလမ်း ဖောက်လုပ်ခြင်းနှင့် ရေလှောင်ကန်၊ ဆက်သွယ်ရေးဝန်ဆောင်မှု၊ LNG စက်ရုံတို့ပါဝင်သည့် မြို့ပြစီမံကိန်းတစ်ခု ဖော်ဆောင်ခြင်းတို့ပါဝင်ပါသည်။ ထို့နောက်စီးပွားရေးဇုန်၏ဥပဒေအကြံပေးအဖွဲ့သည် မြေငှားရမ်းခြင်းနှင့်လိုအပ်သော နှစ်ဖက်ညှိနှိုင်းခြင်းများကိုဆောင်ရွက်လျက်ရှိပါသည်။ ဒေသခံပြည်သူလူထု၊ တိုင်းရင်းသား ကိုယ်စားလှယ်များနှင့် အစိုးရကိုယ်စားလှယ်များပါဝင်သည့် ပြန်လည်နေရာချထားရေးနှင့် လျော်ကြေးငွေပေးရေးကော်မတီကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ပါသည်။

ဒေသတွင်းနိုင်ငံများအနေဖြင့် အချင်းချင်းချိတ်ဆက်မှုတိုးတက်လာရန် ဆန္ဒရှိနေကြပြီး မြန်မာနိုင်ငံ၏အနောက်ဘက်ကမ်းရိုးတန်းတစ်လျှောက်၌ ရေနက်ဆိပ်ကမ်းများတည်ဆောက်ရန် အလွန်စိတ်ဝင်စားလျက်ရှိပါသည်။ အထူးသဖြင့် ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ထားဝယ်၊ မော်လမြိုင်၊ ရန်ကုန်နှင့်ကျောက်ဖြူအစရှိသည့် ဆိပ်ကမ်းများ၏အကျိုးကျေးဇူးများစွာကိုပိုမိုခံစားရမည့်နိုင်ငံများဖြစ်ပါသည်။

ထားဝယ်အထူးစီးပွားရေးဇုန်ကိုအောင်မြင်စွာဆောင်ရွက်နိုင်မည်ဆိုပါက တိုင်းပြည်စီးပွားရေးကိုတိုးတက်စေနိုင်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုလည်းဆွဲဆောင်နိုင်မည် ဖြစ်ပါကြောင်းဖော်ပြထားပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## ခတ်ဆီ/ဒီဇယ်

### ရေကြောင်းလမ်းမှ ခတ်ဆီ၊ ဒီဇယ်တန်ချိန် တစ်သိန်းကျော်ဝင်

အောက်တိုဘာ ၈ ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၈၆၈၃၃၄၅ တန်ဖိုးရှိ ဒီဇယ် ၅၂၈၂၅ ဒသမ ၅၇ တန်နဲ့ အမေရိကန်ဒေါ်လာ ၂၆၆၈၃၆၂၉ တန်ဖိုးရှိ ခတ်ဆီ ၅၄၆၈၄ ဒသမ ၄၃ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၂၄၂၉၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဒီဇယ်တန်ချိန် ၂၈၅၃၀ ကျော် အဝင်ပိုခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ခတ်ဆီတန်ချိန် ၇၃၄၁၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၈၇၂၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်အဝင်ပိုပြီး ခတ်ဆီအဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

အောက်တိုဘာ ၈ ရက်မှ ၁၄ ရက်သီတင်းပတ်အတွင်း နယ်စပ်စခန်းများဖြစ်တဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၃၂၈၆၀ တန်ဖိုးရှိ ဒီဇယ် တန်ချိန် ၂၃၆ ဒသမ ၃၁၃ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ၁၂၀၉၇၂၄ တန်ဖိုးရှိ ဒီဇယ်တန်ချိန် ၅၆၁ ဒသမ ၇၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ခတ်ဆီရောဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း (92)နဲ့ (95)မှာ ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ဒီဇယ် ၇၄၅ ကျပ်၊ အောက်တိန်း (92) ၇၄၅ ကျပ်၊ အောက်တိန်း(95) ၇၈၅ ကျပ်၊ အဆင့်မြင့် ဒီဇယ် ၇၆၅ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ အောက်တိုဘာ ၁၆ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၄၈၀၀၀၊ ရောင်းဈေး ကျပ် ၁၅၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ အောက်တိုဘာ ၂၀ ရက်မှာ ဝယ်ဈေး ကျပ် ၁၀၀၀ ဈေးကျခဲ့သော်လည်း ရောင်းဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိုဘာ ၁၆ ရက်မှာ ခတ်ဆီဝယ်ဈေး ကျပ် ၁၅၅၀၀၀၊ ရောင်းဈေး ကျပ် ၁၅၈၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ အောက်တိုဘာ ၂၀ရက်တွင် ဝယ်ဈေး ကျပ် ၁၅၀၀၀၀၊ ရောင်းဈေး ကျပ် ၁၅၅၀၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ခတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း(92)၊ အောက်တိန်း(95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ကျပ် ၈၉၀၊ ဒီဇယ် တစ်လီတာ ကျပ် ၇၇၀၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ကျပ် ၇၉၀၊ အောက်တိန်း(92) တစ်လီတာ ကျပ် ၈၀၀၊ ခတ်ဆီ တစ်လီတာ ကျပ် ၈၀၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ အောက်တိုဘာလ ၁၆ ရက်တွင် ဒီဇယ်ဝယ်ဈေးကျပ် ၁၅၃၀၀၀၊ ရောင်းဈေး ကျပ် ၁၅၅၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း(92)ဈေးမှာ အောက်တိုဘာ ၁၆ ရက်တွင် ဝယ်ဈေး ကျပ် ၁၅၈၀၀၀၊ ရောင်းဈေးကျပ် ၁၆၄၀၀၀ နဲ့ အရောင်းအဝယ် ဖြစ်ခဲ့ရာ အောက်တိုဘာ ၂၀ ရက်တွင် ဝယ်ဈေး ကျပ် ၁၅၇၀၀၀၊ ရောင်းဈေး ကျပ် ၁၅၉၀၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ခတ်ဆီရော ဒီဇယ်ပါ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာရောင်းချနေတဲ့ တစ်လီတာ ဈေးများမှာ ခတ်ဆီ ၇၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ကျပ် ၈၀၀၊ အောက်တိန်း(92) ကျပ် ၇၉၀၊ အောက်တိန်း (95) ကျပ် ၈၂၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီတစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၃၆၀၀၊ အောက်တိန်း (92)တစ်ဂါလံ ကျပ်၃၆၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၃၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ်တစ်လီတာ ကျပ် ၈၀၀ ၊ အဆင့်မြင့်ဒီဇယ် ကျပ် ၈၂၀၊ အောက်တိန်း(92) ကျပ် ၈၁၀၊ အောက်တိန်း (95) ကျပ် ၉၃၀ နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၃၆၀၀၊ အောက်တိန်း (92) တစ်ဂါလံ ကျပ် ၃၇၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

### World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 16-October | 17.38 | 3338.62 | 2121.35 | 7023.49 | 944.00 |
| 17-October | 17.13 | 3272.06 | 2122.89 | 7063.38 | 929.00 |
| 18-October | 16.91 | 3179.49 | 2104.60 | 6943.92 | 916.00 |
| 19-October | 16.97 | 3159.88 | 2107.47 | 6956.49 | 920.00 |
| 20-October | 17.15 | 3188.53 | 2137.66 | 7032.08 | 920.00 |

## ပြည်တွင်းရွှေဈေးများ အနည်းငယ်ပြန်လည်ကျဆင်းလာ

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက မြင့်တက်ခဲ့သည့် ပြည်တွင်းရွှေဈေးများသည် ယခုတစ်ပတ်တွင် ပြန်လည်ကျဆင်းလာခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်အတွင်းမှ သိရသည်။ ကမ္ဘာ့ရွှေဈေးများ ကျဆင်းလာမှုနှင့်အတူ ပြည်တွင်းရွှေဈေးများလည်း လိုက်ပါကျဆင်းလာခဲ့ခြင်းဖြစ်ပြီး ဒီပါဝလီပွဲတော်ကြောင့်လည်း ကမ္ဘာ့ရွှေဈေးများ ကျဆင်းလာရခြင်းဖြစ်သည်ဟုဆိုသည်။

"ကမ္ဘာ့ရွှေဈေးလည်း ကျလာတယ်။ ကမ္ဘာတစ်ဝန်းကျင်းပနေတဲ့ ဒီပါဝလီပွဲတော်ကြောင့် ကမ္ဘာ့ရွှေဈေးကျဆင်းလာရတယ်လို့ ထင်ပါတယ်။ ကမ္ဘာ့ရွှေဈေးကျလာရင်တော့ ပြည်တွင်းရွှေဈေးလည်း လိုက်ပြီးကျလာတာပဲ။ ဈေးကျလာပြီဆိုရင်တော့ အရောင်းအဝယ် နည်းနည်းသွက်လာတယ်။ ရွှေဈေးက အတက်အကျတွေများနေတဲ့အတွက် ရောင်းမှားဝယ်မှားဖြစ်မှာ စိုးရတယ်"ဟု ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ပြည်တွင်းရွှေဈေးကွက်တွင် အခေါက်ရွှေတစ်အောင်စလျှင် အောက်တိုဘာ ၁၆ ရက်က ကျပ် ၉၄၂၀၀၀ ရှိခဲ့ရာမှ အောက်တိုဘာ ၁၈ ရက်တွင် ကျပ် ၉၃၆၀၀၀ သို့ ကျဆင်းခဲ့သည်။ အောက်တိုဘာ ၂၀ ရက်တွင် ကျပ် ၉၃၄၀၀၀ သို့ ဆက်လက်ကျဆင်းခဲ့သည်။

ကမ္ဘာ့ရွှေဈေးကွက်တွင် အောက်တိုဘာ ၁၆ရက်က တစ်အောင်စလျှင် ၁၃၀၃ ဒေါ်လာရှိခဲ့ပြီး အောက်တိုဘာ ၁၈ ရက်တွင် ၁၂၈၇ ဒေါ်လာသို့ ကျဆင်းခဲ့သည်။ အောက်တိုဘာလ ၂၀ ရက်တွင် ၁၂၈၉ ဒေါ်လာရှိခဲ့သည်။ **မယ်သီတာ**



## ပြည်တွင်းငွေလဲနှုန်းများ ဆက်လက်မြင့်တက်လာ

သီတင်းကျွတ်ပိတ်ရက်ရှည်ကာလ ပြီးဆုံးပြီးနောက် မြင့်တက်လာခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင်လည်း အနည်းငယ်ဆက်လက်မြင့်တက်လာခဲ့ကြောင်း ငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ငါးကျပ်ခန့် ပြန်လည်မြင့်တက်လာခဲ့ပြီးနောက် ယခုတစ်ပတ်တွင် ထပ်မံမြင့်တက်ခဲ့ခြင်းဖြစ်သည်။

ဈေးမြင့်တက်လာမှုကြောင့် ဈေးကွက်အတွင်း အရောင်းအဝယ်များ ပြန်လည်သွက်လာခဲ့ကြောင်း၊ ဘုရားဖူးရာသီနှင့် အလည်အပတ်ရာသီသို့ ရောက်ရှိလာပြီဖြစ်၍ ပြည်ပသို့ ခရီးသွားလာမှုများ၊ ပြည်ပမှ ခရီးသွားဝင်ရောက်မှုများ များပြားလာခြင်းနှင့် သွင်းကုန်များ ဝင်ရောက်လာခြင်းတို့ကြောင့်ဖြစ်ကြောင်း ငွေလဲစင်တာတစ်ခုတွင် ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ပြည်တွင်းငွေလဲစင်တာများတွင် အောက်တိုဘာ ၁၆ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၃၅၂ ကျပ်၊ ဝယ်ဈေး ကျပ် ၁၃၅၀ရှိခဲ့ပြီး အောက်တိုဘာ ၁၈ ရက် ညနေပိုင်းတွင် ရောင်းဈေး ၁၃၅၃ ကျပ်၊ ဝယ်ဈေး ၁၃၅၂ ကျပ်ရှိခဲ့သည်။ အောက်တိုဘာ ၂၀ ရက် ဈေးပိတ်ချိန်တွင် ရောင်းဈေး ၁၃၅၄ကျပ်၊ ဝယ်ဈေး ၁၃၅၂ ကျပ်ရှိခဲ့သည်။

**မယ်သီတာ**

## စတော့ဈေးကွက်နှင့်ပတ်သက်သည့် ဆွေးနွေးပွဲကျင်းပမည်

စတော့ဈေးကွက်ကို အခြေခံမှစ၍ သိရှိလိုသူများ၊ လေ့လာလိုသူများအတွက် စတော့ဈေးကွက် အခြေခံဆွေးနွေးပွဲကို အောက်တိုဘာ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ရန်ကုန်စတော့အိတ်ချိန်း၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါဆွေးနွေးပွဲကို KBZSC မှ ကြီးမှူး၍ ကျင်းပခြင်းဖြစ်ပြီး ဆူးလေဘုရားလမ်းရှိ ရန်ကုန်စတော့အိတ်ချိန်းရုံးတွင် အောက်တိုဘာ ၂၆ ရက် နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲကို Beginner's Guide to Myanmar Stock Market seminar ဟု အမည်ပေးထားပြီး စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နားထောင်နိုင်ကြောင်း သိရသည်။

ဆွေးနွေးပွဲမှာ အခမဲ့ဖြစ်ပြီး အစုရှယ်ယာ ဝယ်ယူလိုသူများ၊ အစုရှယ်ယာများအား ဝယ်ရောင်းပြုလုပ်လိုသူများ၊ မည်သည့်အချိန်တွင် ရှယ်ယာများကို ဝယ်ရောင်းပြုလုပ်ရမည်ကို မသိရှိသေးသူများ တက်ရောက်သင့်ကြောင်း သိရသည်။ **မယ်သီတာ**

### Currency Exchange Rate

October 20, 2017
Base Currency is United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.27 |
| BDT Bangladesh Taka | 82.53 |
| CAD Canada Dollars | 1.25 |
| CNY China Yuan Renminbi | 6.62 |
| EUR Euro | 0.85 |
| H KDHong Kong Dollars | 7.80 |
| I NR India Rupees | 65.03 |
| I DR Indonesia Rupiahs | 13529.57 |
| JPY Japan Yen | 113.15 |
| MYR Malaysia | 4.23 |
| PKR Pakistan Rupees | 105.40 |
| PHP Philippines Pesos | 51.48 |
| RUB Russia Rubles | 57.46 |
| SGD Singapore Dollars | 1.36 |
| KRW South Korea Won | 1132.63 |
| LKR Sri Lanka Rupe | 153.69 |
| THB Thailand Baht | 33.16 |
| GBP United Kingdom Pounds | 0.76 |
| VND VietnamDon | 22721.72 |

*Source:xe.com*

### World Gold Price

October-2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 16 | 1308 | 1305 | 1305 |
| 17 | 1295 | 1293 | 1293 |
| 18 | 1281 | 1279 | 1279 |
| 19 | 1286 | 1284 | 1282 |
| 20 | 1286 | 1284 | 1283 |

### Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 16-10-2017 | 941.00 | 940.50 |
| 17-10-2017 | 936.50 | 936.20 |
| 18-10-2017 | - | - |
| 19-10-2017 | 932.00 | 931.20 |
| 20-10-2017 | 932.50 | 932.70 |

### နယ်စပ်ငွေလဲလှယ်နှုန်း

အောက်တိုဘာလ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 16 | 6.58 | 33.09 | 82.27 | 64.75 |
| 17 | 6.62 | 33.12 | 81.93 | 65.02 |
| 18 | 6.63 | 33.14 | 82.48 | 65.08 |
| 19 | 6.62 | 33.10 | 82.53 | 65.02 |
| 20 | 6.62 | 33.16 | 82.53 | 65.03 |

### Energy NYMEX

20-10-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 51.48 | 0.19 | 0.37 |
| Brent Crude Futr (USD/bbl) | 57.37 | 0.14 | 0.24 |
| Gasoline Rbob Fut (Cent/gal) | 164.25 | -0.22 | -0.13 |
| Natural Gas Futr (USD/MMBtu) | 2.89 | 0.02 | 0.52 |
| Heating Oil Futr (Cent/gal) | 177.93 | 0.26 | 0.15 |

## ဘိလပ်မြေ

# ဒီတစ်ပတ် ဘိလပ်မြေအဝင်ပို

အောက်တိုဘာ ၈ ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆၉၈၃၄ တန်ဖိုးရှိ ဘိလပ်မြေ ၄၂၁ ဒသမ ၉၃ တန် တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၃၉၂ တန်၊ ထိုင်းနိုင်ငံမှ ၂၆ တန်နဲ့ ယူကေမှ ၃ ဒသမ ၉၃ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေ ၅၃ တန်ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၃၆၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

အောက်တိုဘာ ၈ ရက်မှ ၁၄ ရက်အထိသီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၂၂၈၀ တန်ကျော်ရှိပြီး ယခင်သီတင်းပတ်ကဘိလပ်မြေအဝင်မှာ တန်ချိန် ၄၃၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၁၈၄၀ ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းရော နယ်စပ်လမ်းမှပါ အဝင်ပိုခဲ့ပါတယ်။



# ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

**ရန်ကုန်ဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးအတက်အကျ ကျပ် ၅၀ ဝန်းကျင်သာရှိတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင် (ထိုင်း) ကျပ် ၅၈၀၀၊ စိန်(ထိုင်း) ကျပ် ၅၇၀၀၊ မော်လမြိုင်ဆင် ကျပ် ၅၆၀၀၊ ကြံ့နှစ်ကောင်(နီ) ကျပ် ၅၅၅၀၊ ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၅၂၅၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့်နောင်ပွဲရုံတန်းအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ်ကောင်းပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ ခရောင်းဘိလပ်မြေ ကျပ် ၅၂ ၀၀၊ ကြံ့နှစ်ကောင် ကျပ် ၄၈၀၀၊ အယ်လ်ဖာ ကျပ် ၄၈၀၀၊ ဆင်မင်း (ကျောက်ဆည်) ကျပ် ၃၉၀၀၊ ခရောင်း ကျပ် ၅၂၀၀၊ ကျားခေါင်း ကျပ် ၄၂၀၀၊ မော်လမြိုင်ဆင် ကျပ် ၆၇၀၀၊ ဆင်(ထိုင်း) ကျပ် ၇၀၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ**အရောင်းအဝယ်ပုံမှန်ရှိပြီးဈေးငြိမ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၉၀၀၊ ကြံ့ ကျပ် ၅၀၀၀၊ဆင်(ထိုင်း)ကျပ် ၆၃၀၀၊ စိန်(ထိုင်း)ကျပ် ၆၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပေမယ့် ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၃၀၀၊ အေသုံးလုံးကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၃၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ နဂါးကျပ် ၄၆၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

## ဓာတ်မြေဩဇာ

# မြေဩဇာတန်ချိန် ၁၄၀၀၀ နီးပါးဝင်

အောက်တိုဘာလ ၈ ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၂၃၂၂၈၂ တန်ဖိုးရှိ မြေဩဇာ ၁၃၈၁၇ ဒသမ ၇၉၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဩစတြေးလျနိုင်ငံမှ သုညဒသမ ၀၀၆တန်၊ ကနေဒါနိုင်ငံမှ တန်ချိန် ၅၀၀၊ တရုတ်နိုင်ငံမှ ၁၀၂၀၇ တန်၊ ဂျပန်နိုင်ငံမှ ၁၈ တန်၊ ပါကစ္စတန်နိုင်ငံမှ တန်ချိန် ၂၀၀၀ နဲ့ ထိုင်းနိုင်ငံမှ ၁၀၉၂ ဒသမ ၇၉ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ပိုတက်၊ အမိုးနီးယားဆာလဖိတ်၊ ယူရီးယား၊ ပုလဲ-ကောမတ်၊ ကွန်ပေါင်း၊ အမိုးနီးယားကလိုရိုဒ်၊ ဩဂဲနစ်နဲ့ နိုက်တြိုဂျင် တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေဩဇာတန်ချိန် ၈၅၆၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၅၂၅၀ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

# မန္တလေးဈေးကွက် အရောင်းအေး

အောက်တိုဘာ ၈ ရက်မှ ၁၄ ရက်အထိသီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ မြေဩဇာအဝင်မှာတန်ချိန် ၁၃၈၁၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာတန်ချိန် ၈၅၆၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၅၂၅၀ ကျော် အဝင်ပိုခဲ့ပါတယ်။ အောက်တိုဘာလ ၈ ရက်မှ ၁၄ ရက်အထိ နယ်စပ်လမ်းမှ မြေဩဇာ အဝင်မှာ တန်ချိန် ၉၆၉၀ ကျော် ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန် ၈၇၅၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၉၃၀ ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းရောနယ်စပ်လမ်းမှပါ မြေဩဇာအဝင်ပိုခဲ့ပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်နဲ့တောင်ကြီးမှာ အရောင်းပုံမှန်ရှိပြီး မကွေးနဲ့မန္တလေးမှာ အရောင်းအေးတယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေဩဇာက ဆောင်းသီးနှံအတွက် အဝယ်လိုက်ပေမယ့် ဒီတစ်ပတ်မှာဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၃၃၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း)ကျပ် ၃၉၅၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၂၃၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၁၀၀၀၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၂၀၀၀၊ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ကျပ် ၁၃၈၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအေးပြီးဈေးငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ -တရုတ် (၁၂း၁၃) ကျပ် ၁၅၅၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၅၅၀၀၊ အာမို ၁၅း၁၅း၁၅း ကျပ် ၃၇၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ သီးစုံ(ဝါစိမ်းပြာ) ကျပ် ၁၆၂၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ် ၂၃၃၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၃၂၀၀၊ ဇာမဏီ ကျပ် ၁၇၈၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ တီစူပါ ကျပ် ၂၃၃၀၀၊ တောင်သူမ ကျပ် ၁၅၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာအရောင်းအဝယ်ပုံမှန် ရှိပြီးဈေးငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၃၅၀၀ ၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၃၅၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၂၄၀၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၃၀၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၈၀၀၀ ၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၃၅၀၀၊ယူရီးယား (ယူအေအီး)ကျပ် ၂၃၅၀၀၊ မြားကမ္ဘာကျပ် ၁၆၀၀၀ ဈေးနဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ ဈေးကွက် အတွင်းမှ စုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** အရောင်းအဝယ်အေးသလို ဈေးနှုန်းအတက်အကျလည်း သိပ်မရှိဘူးလို့ စိုက်ပျိုးရေးပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

အရောင်းအဝယ်က ဒီဇင်ဘာလမှ ပြန်လည်ကောင်းနိုင်မယ်လို့ ခန့်မှန်းပြောဆိုကြပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၂၂၀၀၊ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၂၄၀၀၊ တီစူပါ၄၆% ကျပ် ၁၉၉၀၀၊ မြားသီးစုံ ကျပ် ၁၄၄၀၀၊ ပန်းသီးစုံ ကျပ် ၁၅၃၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# နို့ဆီတန်ချိန် ၄၉၀ကျော်နဲ့ နို့မှုန့်တန်ချိန် ၃၉၀ကျော်ဝင်

အောက်တိုဘာ ၈ ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆၉၁၄၄၀ တန်ဖိုးရှိ နို့ဆီ ၄၉၇ ဒသမ ၄၁၃ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။

ဒီတစ်ပတ် အင်ဒိုနီးရှားနိုင်ငံမှ ၃၃ ဒသမ ၅၁ တန်၊ ထိုင်းနိုင်ငံမှ ၂၆ ဒသမ ၁၄၄ တန်နဲ့ စင်ကာပူနိုင်ငံမှ၄၃၇ ဒသမ ၇၅၉ တန် တင်သွင်းခဲ့ပြီး တင်သွင်းခဲ့တဲ့တံဆိပ်များမှာ ဒတ်(ချ်)လေဒီ၊ အိုကေနဲ့ ဒွန်းနို့ဆီတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန် ၁၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၃၈၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ နယူးဇီလန်နိုင်ငံမှ ၂၉၂ ဒသမ ၁၇၅ တန်၊ မလေးရှားနိုင်ငံမှ ၂ ဒသမ ၃၂၂ တန်၊ စင်ကာပူနိုင်ငံမှ ၃ဒသမ ၂၆၄ တန်နဲ့ ဩစတြေးလျ နိုင်ငံမှ တန်ချိန်၁၀၀၊ စုစုပေါင်း ၃၉၇ ဒသမ ၇၆၁ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့် ၃ တန်ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၃၉၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီရော နို့မှုန့်ပါ အဝင်ပိုခဲ့ပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၇/၁၀ မှ ၁၃/၁၀ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၃၀/၉ မှ ၆/၁၀ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | - | ၂၅•၀၀ | (-) | ၂၅•၀၀ |
| ၂။ | လွယ်ဂျယ် | ၂၄၀•၀၀ | ၃၀•၀၀ | (+) | ၂၁၀•၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီ | ၂၀၀၉•၀၀ | ၂၀•၀၀ | (+) | ၁၉၈၉•၀၀ |
| ၅။ | တာချီလိတ် | - | - | | - |
| ၆။ | မြဝတီ | ၃၂•၅၀ | ၃၆၄•၇၅ | (-) | ၃၃၂•၂၅ |
| ၇။ | ကော့သောင်း | - | - | | - |
| ၈။ | မြိတ် | - | - | | - |
| | စုစုပေါင်း | ၂၂၈၁•၅၀ | ၄၃၉•၇၅ | (+) | ၁၈၄၁•၇၅ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၇/၁၀ မှ ၁၃/၁၀ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၃၀/၉ မှ ၆/၁၀ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၇၃၅၄•၁၀ | ၅၇၃၇•၅၀ | (+) | ၁၆၁၆•၆ |
| ၂။ | လွယ်ဂျယ် | - | ၈၁•၅၀ | (-) | ၈၁•၅၀ |
| ၃။ | ချင်းရွှေဟော် | ၇၆၂•၅၀ | ၄၈၇•၅၀ | (+) | ၂၇၅•၀၀ |
| ၄။ | ကန်ပိုက်တီ | ၂၆၈•၀၀ | ၂၁၀•၀၀ | (+) | ၅၈•၀၀ |
| ၅။ | မြဝတီ | ၁၃၁၁•၄၂ | ၂၁၈၁•၄၁ | (-) | ၈၆၉•၉၉ |
| ၆။ | ကော့သောင်း | - | ၆၀•၀၀ | (-) | ၆၀•၀၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | - | - | | - |
| | စုစုပေါင်း | ၉၆၉၆•၀၂ | ၈၇၅၇•၉၁ | (+) | ၉၃၈•၁၁ |

ခင်မိုးသူ

## နှမ်း

# ကယားပြည်နယ်တွင် ယခုတစ်ပတ်အတွင်း နှမ်းတန်ချိန် ခုနစ်ရာကျော်တင်ပို့

ယခုတစ်ပတ်အတွင်း ကယားပြည်နယ်တွင် နှမ်းတန်ချိန် ခုနစ်ရာကျော် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ နှမ်းထွက်ရှိချိန်ရောက်လာသည်နှင့်အမျှ ကယားပြည်နယ်ရှိပွဲရုံများဟာ နှမ်းကိုအပြိုင်အဆိုင် ဝယ်ယူနေပြီး နှမ်းပိုမိုတင်ပို့လျက်ရှိရာ ယခုတစ်ပတ်အတွင်း နှမ်းအိတ်ပေါင်း ၁၄၃၇၃ အိတ်၊ တန်ချိန်အားဖြင့် ၇၂၂ တန်ခန့်တင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။

နှမ်းတင်ပို့ရာတွင် မန္တလေးမြို့ရှိပွဲရုံများသို့သာ အဓိက တင်ပို့နေကြောင်းကို မြို့ဦးဂိတ်စာရင်းအရ သိရှိရပါတယ်။ ယခင်တစ်ပတ်က နှမ်းအိတ်ပေါင်း ၅၀၈၉ အိတ်၊ တန်ချိန်အားဖြင့် ၂၅၆ တန်ခန့် တင်ပို့ခဲ့ရာ ယခုတစ်ပတ်မှာ ယခင်တစ်ပတ်ထက် သုံးဆခန့် တင်ပို့နိုင်ခဲ့တာဖြစ်ပါတယ်။ နှမ်းရိတ်သိမ်းပြီးသော တောင်သူများဟာလည်း နှမ်းကိုလက်ဝယ်သိုလှောင်ထားခြင်းမပြုကြဘဲ ပွဲရုံများသို့သာ ချက်ချင်းထုတ်ရောင်းကြကြောင်း နှမ်းစိုက်ပျိုးသူတောင်သူတစ်ဦးရဲ့ ပြောကြားချက်အရ သိရှိရပါတယ်။

ယခုတစ်ပတ်အတွင်း ကယားပြည်နယ်တွင် နှမ်း(ဖြူ) တစ်ပိဿာလျှင် ကျပ် ၂၃၅၀၊ နှမ်း(နက်) တစ်ပိဿာလျှင် ကျပ် ၂၇၀၀၊ စမုံနက်နှမ်း တစ်ပိဿာလျှင် ကျပ် ၂၇၀၀ ဈေးပေါက်ပြီး နှမ်း(ဖြူ)ဈေး အနည်းငယ်ပြန်လည်တက်နေကြောင်း ကယားကုန်ဈေးနှုန်းသတင်းအရ သိရှိရပါတယ်။

**ထွန်းနိုင်လင်း (လွိုင်ကော်)**

# ချင်းရွှေဟော်မှ နှမ်းပိုမိုတင်ပို့ပြီး မူဆယ်မှ လျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၈၅ သန်း တန်ဖိုးရှိ နှမ်းရောင်စုံ ၃၀၃၄ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၉၀၁ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၁၃၃ တန်ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ တင်ပို့ခဲ့တဲ့ နှမ်းအမျိုးအစားတွေကတော့ နှမ်းနက် ၂၅၉၇ တန်ကျော်၊ နှမ်းညို ၅၂ တန်၊ နှမ်းဖြူ ၂၅၄ တန်ကျော်နဲ့ နှမ်းဖြူ (အခွံချွတ်) ၁၂၉ တန်ကျော် ဖြစ်ပါတယ်။

အလားတူ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၁၀၆ သန်း တန်ဖိုးရှိ နှမ်းဖြူ ၁၀ တန်နဲ့ နှမ်းညို တန် ၁၀၀၊ စုစုပေါင်းတန်ချိန် ၁၁၀ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ နှမ်းညို ၂၆၉ တန်ခွဲနဲ့ နှိုင်းယှဉ်ပါက ၁၅၉ တန်ခွဲ လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်အထိ သီတင်းပတ်အတွင်း နှမ်းဖြူ တစ်တန်ကို ၁၄၀၉၈၃၆ ကျပ်၊ နှမ်းနက်တစ်တန်ကို ၂၂၂၉၅၀၈ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။ မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၁၂၄၂၃ တန်ဖိုးရှိ နှမ်းနက် တန် ၃၀ ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

**မော်မော်အောင်**

## စားအုန်းဆီ

# ဈေးကွက်အတွင်း ဝယ်လိုအားကျဆင်းလာမှုကြောင့် စားအုန်းဆီဈေး ပြန်လည်ကျဆင်း



မလေးရှားစားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးများသည် ဈေးကွက်အတွင်း ဝယ်လိုအား ကျဆင်းလာမှုကြောင့်အောက်တိုဘာ ၁၇ ရက်က ဈေးများ ပြန်လည်ကျဆင်းလာခဲ့ကြောင်း၊ အောက်တိုဘာ ၁၈ ရက်သည် ဒီပါဝလီနေ့ဖြစ်၍ ဈေးကွက်ပိတ်ရက်ဖြစ်ကြောင်း၊ ဈေးကွက်ပိတ်ရက်မတိုင်ခင်ကတည်းက ဝယ်လိုအားများကျဆင်းခဲ့သဖြင့် ကြိုရောင်းကြိုဝယ်ဈေးများ ကျဆင်းခဲ့ရခြင်းဖြစ်ကြောင်း စတားအွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

ဘာဆာမလေးရှားကုန်စည်ဒိုင်တွင် ဇန်နဝါရီလအတွက် စားအုန်းဆီ စာချုပ်ချုပ်ဆိုဈေးနှုန်းသည် သုည ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့ရာ အောက်တိုဘာ ၁၇ ရက် ညနေပိုင်းတွင် တစ်တန်လျှင် ၂၇၄၁ ရင်းဂစ်သို့ ကျဆင်းခဲ့သည်။ ယင်းကျဆင်းမှုသည် တစ်ပတ်အတွင်း ပထမဦးဆုံးအကြိမ်အဖြစ် ကျဆင်းခဲ့ခြင်းဖြစ်သည်။

တစ်နေ့တာအတွင်း ရောင်းချခဲ့ရသည့် စားအုန်းဆီအတွဲပမာဏမှာ ၂၅ တန်ရှိ အတွဲပေါင်း ၅၆၆၈တွဲရှိခဲ့သည်။

"စားအုန်းဆီရှင်ယာရှင်တွေအနေနဲ့ သူတို့ရဲ့အစုရှယ်ယာတွေကို အမြတ်ထွက်တုန်းမှာ ရောင်းချလိမ့်မယ်လို့ ထင်ပါတယ်"ဟု မလေးရှားနိုင်ငံတွင် အောက်တိုဘာ ၁၈ ရက်က ဟိန္ဒူဘာသာဝင်တို့၏ ဒီပါဝလီပွဲတော်ကျင်းပနေခြင်းကို ရည်ညွှန်း၍ ကွာလာလမ်ပူရှိ ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

အခြားကုန်သည်တစ်ဦးကမူ ဈေးကွက်၏ ဝယ်လိုအားသည် တဖြည်းဖြည်း ကျဆင်းလာသဖြင့် နောက်ပိုင်းရက်များတွင် ဆက်လက်ကျဆင်းမည့် အရိပ်အယောင်များကိုလည်း မြင်တွေ့နေရကြောင်း ပြောကြားခဲ့သည်။

"ကျွန်တော်တို့ စားအုန်းဆီကို တိုးတက်ထုတ်လုပ်ဖို့ ရှိပါတယ်။ စားအုန်းဆီတင်ပို့မှု ကျဆင်းနေတာကြောင့် လာမယ့် ဒီဇင်ဘာလမှာ စားအုန်းဆီလက်ကျန်က တန်ချိန်နှစ်သန်းလောက်အထိ ရှိလာနိုင်ပါတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

စက်တင်ဘာလကုန်ပိုင်းတွင် မလေးရှားစားအုန်းဆီလက်ကျန်သည် လေးရာခိုင်နှုန်း မြင့်တက်ကာ တန်ချိန် ၂ ဒသမ ၀၂ သန်းရှိခဲ့သည်။ ဩဂုတ်လအတွင်းက စားအုန်းဆီထုတ်လုပ်မှုသည် ၁ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး တန်ချိန် ၁ ဒသမ ၇၈ သန်း ထုတ်လုပ်ခဲ့ကြောင်း မလေးရှားစားအုန်းဆီဘုတ်အဖွဲ့က ပြီးခဲ့သည့်ရက်သတ္တပတ်က ထုတ်ပြန်ခဲ့သည့်စာရင်းများအရ သိရသည်။

သို့သော်အောက်တိုဘာလအတွင်း ပိတ်ရက်အနည်းငယ်သာရှိသည့်အတွက် ထုတ်လုပ်မှု မြင့်တက်လာနိုင်သည်ဟု ဆိုသည်။

တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်တွင် ဇန်နဝါရီလအတွက် ပဲပုပ်ဆီစာချုပ် ချုပ်ဆိုဈေးသည် သုည ဒသမ သုည ၃ ရာခိုင်နှုန်း ကျဆင်းနေချိန်တွင် ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့တွင် ဒီဇင်ဘာလအတွက် ပဲပုပ်ဆီစာချုပ် ချုပ်ဆိုဈေးသည် သုည ဒသမ သုည ၂ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်းသိရသည်။

**မယ်သီတာ**

### ပြည်တွင်းဆီဈေးနှုန်းများ (၂၀-၁၀-၂၀၁၇) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၀၀၀ | ၅၀၀၀ | □ | ၄၃၀၀ | ၄၃၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ရန်ကုန် | ၅၅၀၀ | ၅၅၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၉၅၀ | ၁၉၅၀ | □ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၃၈၀၀ | ၄၀၀၀ | △ | ၂၁၀၀ | ၁၈၅၀ | ▽ |
| ပဲခူး | ၅၀၀၀ | ၅၀၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၈၅၀ | ၁၉၀၀ | △ |
| မကွေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၃၀၀ | ၄၃၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| မုံရွာ | ၃၉၀၀ | ၄၃၀၀ | △ | ၃၈၀၀ | ၃၉၀၀ | △ | ၂၁၀၀ | ၂၁၀၀ | □ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |




### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၀-၁၀-၂၀၁၇ US$/Ton

| အမျိုးအစား | အောက်တိုဘာဒုတိယပတ် | အောက်တိုဘာတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၇၄.၀၀ | ၆၆၅.၀၀ | ▽ |
| RBD P.Olein | ၆၈၁.၅၀ | ၆၇၇.၀၀ | ▽ |
| RBD P.Stearin | ၆၇၆.၀၀ | ၆၈၁.၅၀ | △ |

*Source: bepi.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၀-၁၀-၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၆၁၃•၄၀ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀•၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀•၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၄•၀၃ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈•၀၇ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈•၇၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄•၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၇•၈၉ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀•၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀•၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၁•၄၆ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆•၆၈ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၇၆၆•၁၆၉ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၀-၁၀-၂၀၁၇နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၂၅ ဒေါ်လာနှင့် USD ဈေး ၁၃၆၂ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၀-၁၀-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၆၂ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# အိန္ဒိယနိုင်ငံ၏ ပဲတင်ပို့မှု မူဝါဒအပြောင်းအလဲနှင့် အနာဂတ်အလားအလာ

**DOT (စစရ)**

အိန္ဒိယနိုင်ငံသည် နိုင်ငံအတွင်း ဖြစ်ပေါ်လျက်ရှိသည့် ပဲဈေးနှုန်းများ နိမ့်ကျလာမှုကို အထောက်အကူပြုစေရန်အတွက် ပြည်တွင်းသို့ ပဲတင်သွင်းမှု ကန့်သတ်ချက်ကို ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ထုတ်ပြန်ခဲ့သည်။

ယင်းကဲ့သို့ ထုတ်ပြန်ခဲ့ပြီးနောက် အိန္ဒိယနိုင်ငံ၏ စီးပွားရေးအကြံပေးအရာရှိချုပ် Arvind Subramanian က အိန္ဒိယနိုင်ငံအနေဖြင့် ပဲတင်ပို့မှုမူဝါဒကို ကန့်သတ်လိုက်သော်လည်း နိုင်ငံတကာဈေးကွက်နှင့် ဈေးနှုန်းကန့်သတ်မှုရှိနေခြင်း၊ ပို့ကုန်အတွက် ယှဉ်ပြိုင်နိုင်စွမ်းနိမ့်ကျခြင်း၊ ပို့ကုန်တင်ပို့ခွင့်တွင် အခြားပဲအမျိုးအစားများအားတင်ပို့ ခွင့် မပြုခြင်းစသည့် အကြောင်းအရာများကြောင့် ပဲတင်ပို့ခွင့်မူဝါဒအပြောင်းအလဲ၏ အသီးအပွင့်ကို ခံစားရန်မှာ အချိန်ယူရဦးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် လွန်ခဲ့သည့်တစ်နှစ်ခန့် ကတည်းက ပဲတင်ပို့မှုကန့်သတ်ချက်ကို ဖယ်ရှားသင့်သည်ဟု စူဘရာမန်းနီးယန်က ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် အိန္ဒိယအစိုးရသည် ပဲတင်ပို့မှုတားမြစ်ချက်ကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် အဆုံးသတ်လိုက်ပြီဖြစ်သည်။ အဆိုပါပဲတင်ပို့မှုကန့်သတ်ချက်ကို ဖယ်ရှားသည့်အမိန့်သည် အိန္ဒိယနိုင်ငံသို့ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံ တင်သွင်းခြင်းအား ကန့်သတ်လိုက်သည့် အမိန့်ထုတ်ပြန်ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံအနေဖြင့် ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်က မတ်ပဲ၊ ပဲတီစိမ်း၊ ပဲနီလေး၊ ပဲစင်းငုံနှင့် ကုလားပဲတို့ကို ပြည်ပနိုင်ငံအသီးသီးသို့ တင်ပို့ခဲ့သည်။ သို့သော် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် အခြားနိုင်ငံများမှ တင်သွင်းလာသည့် ပဲတန်ချိန် ၆ ဒသမ ၆ သန်းနှင့် ပြည်တွင်းမှ စိုက်ပျိုးထွက်ရှိသည့်ပဲတန်ချိန် နှစ်ရပ်ပေါင်းမှာ တန်ချိန် သန်း ၃၀ နီးပါးအထိ ရှိလာခဲ့သည်။ ယင်းဖြစ်ရပ်ကြောင့် အိန္ဒိယနိုင်ငံအနေဖြင့် ပဲများကို ပြန်လည်တင်ပို့နိုင်သည့် အနေအထားတစ်ရပ်တွင် ရှိနေခဲ့သည်။

အိန္ဒိယနိုင်ငံတွင် တစ်နှစ်လျှင် ပဲစားသုံးမှု တန်ချိန်မှာ ၂၂ သန်းရှိရာ ရှစ်တန်ခန့်မှာ ပိုလျှံနေသည်ဟု ဆိုသည်။

အိန္ဒိယနိုင်ငံအနေဖြင့် ပို့ကုန်တားမြစ်ချက်ကို ဖယ်ရှားလိုက်သော်လည်း Agricultural and Processed Food Products Export Development Authority(APEDA) သို့ ပဲတင်ပို့သူများ၏စာရင်းပေးသွင်းမှုမှာ တန်ချိန် ၂၀၀ သာရှိသေးသဖြင့် ပဲတင်ပို့မှု အလားအလာကောင်းလာစေရန် လိုအပ်ချက်များအား ဆက်လက်လုပ်ဆောင်ကြရဦးမည်ဖြစ်သည်ဟုဆိုသည်။

အိန္ဒိယအစိုးရအနေဖြင့် ပို့ကုန်တင်ပို့ခွင့်ကို ပြန်လည်ခွင့်ပြုထားသော်လည်း ပဲအမျိုးအစားအားလုံးကို ခွင့်ပြုထားခြင်းမရှိဘဲ မတ်ပဲ၊ ပဲတီစိမ်းတို့ကိုသာ ခွင့်ပြုထားသဖြင့် အခြားသော ပဲအမျိုးအစားများကိုလည်း တင်ပို့ခွင့်ပြုသင့်ကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် ပဲဈေးနှုန်းများအရ အာဖရိကနှင့် မြန်မာနိုင်ငံတို့မှ ပဲဈေးနှုန်းများသည် အိန္ဒိယမှပဲဈေးများထက် ပိုမိုသက်သာနေသည့်အတွက် ပဲတင်ပို့ခြင်းသည် တွက်ခြေမကိုက်သည့် လုပ်ငန်းတစ်ခုပင်ဖြစ်ကြောင်း မွမ်ဘိုင်းရှိ ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောကြားခဲ့သည်။

ထို့ပြင် နိုင်ငံတွင်း၌ မိုးခေါင်မှုများ ထပ်မံဖြစ်ပေါ်လာပါက ပဲထုတ်လုပ်မှု လျော့ကျလာနိုင်သဖြင့် အစိုးရကပို့ကုန် တားမြစ်ချက်ကို တစ်ဖန်ပြန်လည်ထုတ်ပြန်လာနိုင်ကြောင်း၊ ပဲတင်သွင်းခွင့်ကန့်သတ်ချက်ကိုလည်း ပြန်လည်ပြင်ဆင်လာမည်ကို စိုးရိမ်လျက်ရှိကြောင်း၊ အစိုးရအနေဖြင့် ပို့ကုန်တားမြစ်ချက်များ ရှိလာပါက ဆုံးရှုံးမှုများဖြစ်ပေါ်လာနိုင်သဖြင့် ပို့ကုန်အတွက် စာချုပ်ချုပ်ဆိုရန်မှာ အဆင်မပြေနိုင်ကြောင်း အခြားသောပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ပဲတင်ပို့မှုကို ဆယ်စုနှစ်တစ်စုကြာတားမြစ်ပိတ်ပင်ခဲ့သဖြင့် ပြည်တွင်းပဲဈေးကွက်သည် ထုတ်လုပ်မှုနှင့်တင်သွင်းမှုပေါ် မူတည်၍ စားသုံးသူဈေးကွက်ဖြစ်ပေါ်ခဲ့ကာ ပြည်တွင်းပဲဈေးကွက်နှင့် ဈေးနှုန်းသည် ပြည်တွင်းလိုအပ်ချက်နှင့် ပဲရရှိနိုင်မှုအပေါ် မူတည်၍ ဖြစ်ပေါ်ခဲ့သည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ပဲအများဆုံး ထုတ်လုပ်သည့်နိုင်ငံဖြစ်သည့်အပြင် ပဲအများဆုံးစားသုံးသည့် နိုင်ငံလည်းဖြစ်ရာ နိုင်ငံတကာပဲဈေးနှုန်းသည် အိန္ဒိယပြည်တွင်းပဲဈေးနှုန်းနှင့် လိုက်ပါချိန်ထိုး၍ ပြောင်းလဲနေခြင်းဖြစ်သည်။



> **ပဲဈေးနှုန်းများ မြင့်တက်လာမှုကို အကြောင်းပြုကာ တောင်သူများသည် ပဲစင်းငုံအပါအဝင် အခြားသော ပဲအမျိုးမျိုးကို ယခင်နှစ်များကထက် ပိုမိုစိုက်ပျိုးခဲ့ကြသဖြင့် . . . . .**

သို့သော် အိန္ဒိယနိုင်ငံ၏ ပြည်တွင်းပဲဈေးနှုန်းသည် ၂၀၁၅ ခုနှစ်ကုန်ပိုင်းအထိ နိုင်ငံတကာ ပဲဈေးနှုန်းအောက်တွင်သာရှိနေခဲ့သည်။

၂၀၁၅ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ မိုးခေါင်မှုများဖြစ်ပေါ်ခဲ့သဖြင့် ပြည်တွင်း ပဲထုတ်လုပ်မှုများ ကျဆင်းခဲ့ရာ အိန္ဒိယနိုင်ငံ၏ ပြည်တွင်းပဲဈေးနှုန်းသည် နိုင်ငံတကာ၏ ပဲဈေးနှုန်းထက် မြင့်မားလျက်ရှိကြောင်း အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန၏သတင်းအချက်အလက်များအပေါ် အခြေခံ၍ ကျွမ်းကျင်သူတို့က သုံးသပ်ခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ပဲဈေးနှုန်းများသည် ရာသီဥတုအခြေအနေနှင့် ထုတ်လုပ်မှုအပေါ် အခြေခံ၍ ပြောင်းလဲဖြစ်ပေါ်လေ့ရှိသည်။ မိုးခေါင်ခြောက်သွေ့၍ ပဲအထွက်နှုန်းနည်းသည့်နှစ်တွင် ပဲဈေးနှုန်းများ အဆမတန်မြင့်တက်လေ့ရှိသည်။ သို့သော် ပဲဈေးနှုန်းများမြင့်တက်လာမှုကို အကြောင်းပြုကာ တောင်သူများသည် ပဲစင်းငုံအပါအဝင် အခြားသောပဲအမျိုးမျိုးကို ယခင်နှစ်များကထက် ပိုမိုစိုက်ပျိုးခဲ့ကြသဖြင့် ထိုနှစ်တွင် ပဲဈေးနှုန်းများ ပြန်လည်ကျဆင်းလာခဲ့ရသည်။

ဥပမာအားဖြင့် ပြရမည်ဆိုလျှင် ၂၀၁၅ခုနှစ်က အိန္ဒိယနိုင်ငံ၌ မိုးခေါင်ခြောက်သွေ့ခဲ့ရာ ပဲစင်းငုံအပါအဝင် အခြားပဲများ၏ ထုတ်လုပ်မှုများကျဆင်းခဲ့သဖြင့် ပဲဈေးနှုန်းများ နှစ်ဆခန့်မြင့်တက်ခဲ့သည်။

သို့သော် ၂၀၁၆ခုနှစ်တွင်မူ ၂၀၁၅ ခုနှစ်က ပဲဈေးကောင်းမှုကို အကြောင်းပြု၍ ပိုမိုတိုးချဲ့စိုက်ပျိုးခဲ့ကြသဖြင့် ပဲစိုက်ဧက ၅၀ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ပဲစင်းငုံထွက်ရှိမှုမှာလည်း မြင့်တက်ခဲ့ကာ တန်ချိန် ၄ ဒသမ ၈ သန်းအထိ ရှိလာခဲ့သည်။

၂၀၁၆ခုနှစ်စက်တင်ဘာလမှ ၂၀၁၇ ခုနှစ်စက်တင်ဘာလအထိ ကင်နာတာကာပြည်နယ်ရှိ ဂူလ်ဘာဂါလက်ကားဈေး၌ မပြုပြင်မကြိတ်ခွဲရသေးသည့် ပဲစင်းငုံလက်ကားဈေးမှာတစ်တန်လျှင် ရူပီး ၇၀၀၀ မှ ရူပီး ၄၅၀၀ သို့ ကျဆင်းခဲ့ပြီး မွမ်ဘိုင်းလက်ကားဈေးကြီးတွင်မူ ပဲစင်းငုံကြိတ်ခွဲပြုပြင်ပြီး လက်ကားဈေးမှာ တစ်ကီလိုလျှင် ၁၁၅ ရူပီးမှ ၇၅ ရူပီးအထိ ကျဆင်းခဲ့သည်။

ထို့ပြင် အလီဘာဘာအွန်လိုင်း ဈေးကွက်၌ ပဲစင်းငုံလက်ကားဈေးသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၅၀မှ ၄၀၀ ကြား (တစ်ကီလိုဂရမ်လျှင် ၁၆ရူပီးမှ ၂၆ ရူပီးကြား)သာရှိပြီး နိုင်ငံတကာဈေးကွက်တွင်လည်း အိန္ဒိယနိုင်ငံ၏ ပေါက်ဈေးထက် လျော့နည်းလျက်ရှိကာ တန်ဇန်းနီးယားမှ တင်သွင်းသည့် ပဲတီစိမ်းဈေးသည် ကီလိုဂရမ် ၁၀၀ လျှင် ရူပီး ၄၁၀၀ ရှိပြီး မာလာဝီမှ တင်သွင်းသည့် ပဲစင်းငုံဈေးသည် ကီလိုဂရမ် ၁၀၀ လျှင် ရူပီး ၃၃၀၀ သာရှိသည်ဟုဆိုသည်။

ထို့ကြောင့် အိန္ဒိယနိုင်ငံတွင် ပြည်ပမှတင်သွင်းသည့် ပဲစင်းငုံ၏ ပျမ်းမျှဈေးနှုန်းသည် ၂၀၁၇ခုနှစ် ဧပြီလမှ ဇွန်လအတွင်း တစ်ကီလိုဂရမ်လျှင် ရူပီး ၄၀ သာရှိခဲ့ပြီး ၂၀၁၆ခုနှစ် ဧပြီလမှ ဇွန်လအတွင်း တစ်ကီလိုဂရမ်လျှင် ၈၂ ရူပီးရှိခဲ့ကြောင်း သိရသည်။ ထို့ပြင် ကနေဒါနိုင်ငံအနေဖြင့် ပဲနီလေးနှင့် ပဲတီစိမ်းထုတ်လုပ်မှု တိုးတက်ခဲ့သဖြင့် အိန္ဒိယနိုင်ငံသို့ စံချိန်တင်လောက်သည်အထိ တင်ပို့ထားပြီးဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ပြီးခဲ့သည့် ဩဂုတ်လအတွင်းက အိန္ဒိယနိုင်ငံအစိုးရက ပဲတင်သွင်းမှု ကန့်သတ်ချက်ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါထုတ်ပြန်ချက်ကြောင့် အိန္ဒိယနိုင်ငံသို့ မတ်ပဲနှင့်ပဲစင်းငုံတို့ကို အများအပြားတင်သွင်းလျက်ရှိသည့် မြန်မာနိုင်ငံမှ ပဲများသည် နိုင်ငံတကာဈေးကွက်တွင် ဈေးသက်သာစွာဖြင့်ဝယ်ယူရရှိလာမည့် အနေအထားသို့ရောက်ရှိလာခဲ့ကြောင်း၊ အာဖရိက၏ ပဲထုတ်လုပ်မှုသည်လည်း ၁၀ ရာခိုင်နှုန်းခန့်တိုးတက်လာသဖြင့် နိုင်ငံတကာဈေးကွက်၌ ရောင်းလိုအားပမာဏပိုမိုများပြားလာနိုင်ကြောင်း၊ အိန္ဒိယတောင်သူများအနေဖြင့် အစိုးရက သတ်မှတ်ထားသည့် အနိမ့်ဆုံးပဲဈေးနှုန်းအောက်တွင် သာရရှိနေသော်လည်း အိန္ဒိယနိုင်ငံ၏ ပဲစင်းငုံဈေးနှုန်းသည် ပို့ကုန်အဖြစ် တင်ပို့ရန်အတွက်ယှဉ်ပြိုင်နိုင်စွမ်း နိမ့်ကျနေသည့်အနေအထားသို့ ရောက်ရှိနေကြောင်း၊ သို့သော် မျှော်လင့်ချက်မဲ့သည့်အနေအထားတစ်ရပ်မဟုတ်ဘဲ အစိုးရဦးဆောင်သည့်အဖွဲ့က လေ့လာ၍ ဆုံးဖြတ်ထားခြင်းဖြစ်ရာ လာမည့်ခြောက်လခန့်အတွင်း အရည်အသွေးမြင့် တန်ဖိုးမြှင့်ပို့ကုန်ထုတ်လုပ်မှုကို ပုံဖော်နိုင်လိမ့်မည်ဟု မျှော်လင့်ရကြောင်း India Pulses and Grains Association ၏ ဥက္ကဋ္ဌ ပရာဗင်ဒွန်ဂရီက ပြောကြားခဲ့သည်။

အိန္ဒိယအလယ်ပိုင်းဒေသများ၌ မိုးရေရရှိမှု မညီမျှခြင်းနှင့် ရာဂျတ်စသန်၊ ဂူဂျာရတ်၊ ဥတ္တရာပရာဒေ့ရှ်၊ ဘီဟာနှင့် အာသံပြည်နယ်တို့တွင် ရေလွှမ်းမိုးခြင်းတို့ကြောင့် မိုးရာသီစိုက်သီးနှံထုတ်လုပ်မှုပမာဏကို ယခင်ကထက် ၂ ဒသမ ၇၈ ရာခိုင်နှုန်းလျော့ချပြီး တန်ချိန် ၁၃၄ ဒသမ ၆၇ သန်းသာ ထုတ်လုပ်နိုင်မည်ဟု အိန္ဒိယအစိုးရက ခန့်မှန်းထားသည်။

သို့သော် ယခုခန့်မှန်းထားသည့် ပမာဏသည် ပြီးခဲ့သည့်ငါးနှစ်အတွင်း ပျမ်းမျှထုတ်လုပ်သည့်ပမာဏဖြစ်သည့် တန်ချိန် ၁၂၈ ဒသမ ၂၄ထက်မြင့်မားနေကြောင်း အိန္ဒိယနိုင်ငံစိုက်ပျိုးရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

၂၀၁၇ခုနှစ်အတွက် မိုးရာသီ သီးနှံထုတ်လုပ်မှုပမာဏ၏ ပထမအကြိမ်ခန့် မှန်းချက်ကို ၂၀၁၇ခုနှစ် စက်တင်ဘာ လ ၂၅ ရက်က ထုတ်ပြန်ခဲ့သည်။ ပြီးခဲ့သည့်နှစ်က တန်ချိန် ၁၃၈ ဒသမ ၅၂ သန်းအထိ စံချိန်တင်ထုတ်လုပ်နိုင်ခဲ့သော်လည်း ယခုနှစ်တွင်မူ ဆန်၊ ပဲနှင့် နှံစားပြောင်းထုတ်လုပ်မှုပမာဏတို့ ကျဆင်းမည်ဖြစ်သည်ဟုဆိုသည်။ ဒုတိယအကြိမ်ခန့်မှန်းချက်ကို ဆောင်းသီးနှံစိုက်ပျိုးပြီးချိန်ဖြစ်သည့် ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလတွင် အစိုးရက ထုတ်ပြန်မည်ဖြစ်ပြီး တတိယအကြိမ်နှင့် စတုတ္ထအကြိမ် ခန့်မှန်းချက်များကို မေလနှင့်ဩဂုတ်လတို့တွင် ဆက်လက်ထုတ်ပြန်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် ဝါဂွမ်း၊ ဆီထွက်သီးနှံနှင့် ဂုန်လျှော်ထုတ်လုပ်မှုသည် ကျဆင်းနိုင်သော်လည်း ကြံထုတ်လုပ်မှုမှာမူ တိုးတက်မည်ဟု ပထမအကြိမ်ခန့်မှန်းချက်တွင် ဖော်ပြထားသည်။ မိုးသီးနှံကို အောက်တိုဘာလအတွင်း ရိတ်သိမ်းမည်ဖြစ်ရာ ယခင်နှစ်မိုးသီးနှံရာသီက စပါးတန်ချိန် ၉၆ ဒသမ ၃၉ သန်း ထုတ်လုပ် နိုင်ခဲ့သော်လည်း ယခုနှစ်တွင်မူ တန်ချိန် ၉၄ ဒသမ ၄၈ သန်းသာ ထွက်ရှိမည်ဖြစ်သည့်အတွက် ယခင်နှစ်ကထက် တန်ချိန် နှစ်သန်းနီးပါးကျဆင်းနိုင်ဖွယ်ရှိကြောင်း အိန္ဒိယတိုင်းမ်သတင်းတွင် ဖော်ပြထားသည်။

သို့သော်ပြည်နယ်အစိုးရအေဂျင်စီ များနှင့် Food Corporation of India(FCI) တို့၏ လက်ဝယ်တွင် ဆန်တန်ချိန် ၁၈ သန်းကျော်ရှိနေရာ ယင်းပမာဏသည် အရန်ဆန်အဖြစ်ထားရှိမည့် ဆန်တန်ချိန် ၁၀ သန်းထက်ပင် ကျော်လွန်နေသဖြင့် အထွက်နှုန်းကျ ဆင်းမှုသည် ဆန်ဈေးနှုန်းအပေါ် ရိုက်ခတ်မှုမရှိနိုင်ကြောင်း သုံးသပ်လျက်ရှိသည်။

ထို့ပြင် ၂၀၁၇-၁၈ သီးနှံရာသီအတွက် ဆန်ဝယ်ယူမည့်ကာလမှာ အောက်တိုဘာလ ၁ ရက်တွင် စတင်ခဲ့ရာ ပြည်နယ်အေဂျင်စီများအနေဖြင့် ဆန်တန်ချိန် ၃၇ ဒသမ ၅ သန်းခန့် ဝယ်ယူသွားရန် ရည်မှန်းထားကြောင်း သိရသည်။

**စာမျက်နှာ (၂၁)သို့ ➢**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ဂျုံတင်သွင်းမှုအပေါ် သွင်းကုန်ခွန်(၂၀-၂၅)ရာခိုင်နှုန်းသို့ အိန္ဒိယအစိုးရက တိုးမြှင့်ကောက်ခံဖွယ်ရှိ

ပြည်ပမှ ဈေးပေါ/ဈေးသက်သာသည့် ဂျုံများ တင်သွင်းမှုကို ထိန်းချုပ်ကန့်သတ်နိုင်ရန်နှင့် ဒေဝါလီပွဲတော်ပြီးချိန်တွင် ဆောင်းသီးနှံများ စတင်စိုက်ပျိုးမည့် လယ်သမားများအား ဈေးနှုန်းကောင်းမွန်သည့်အခြေအနေများ ပြသဖော်ဆောင်ပေးနိုင်ရန် ဂျုံတင်သွင်းမှုအပေါ် လက်ရှိတွင် ၁၀ ရာခိုင်နှုန်း ကောက်ခံနေရာမှ ၂၀-၂၅ ရာခိုင်နှုန်းသို့ အိန္ဒိယအစိုးရက တိုးမြှင့်ကောက်ခံဖွယ်ရှိသည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားထားကြောင်း သိရှိရပါသည်။

အိန္ဒိယလယ်သမားများသည် ယခုလကုန်တွင် ဆောင်းသီးနှံဖြစ်သည့် ဂျုံများကိုစတင်စိုက်ပျိုးတော့မည်ဖြစ်ရာ ဂျုံများပိုမိုစိုက်ပျိုးလာစေရန် အစိုးရက တောင်သူလယ်သမားများအား တိုက်တွန်းအားပေးလိုသည့်အတွက် ဂျုံဈေးနှုန်းကောင်းမွန်သည့်အနေအထားတွင်ရှိနေစေလိုကြောင်း၊ ဂျုံစိုက်တောင်သူများအနေဖြင့် ဈေးနှုန်းမကောင်းသည့်အတွက် သီးနှံပြောင်း၍စိုက်ပျိုးသည့် ပဲစိုက်တောင်သူများ၏လမ်းစဉ်ကို ဂျုံစိုက်တောင်သူများလိုက်မည်ကိုလည်း အစိုးရက မလိုလားကြောင်း၊ လက်ရှိကာလတွင် ကမ္ဘာ့ဂျုံဈေးနှုန်းများမှာ ကျဆင်းနေသည့်အတွက် ယင်းအခြေအနေများအပေါ် မူတည်ကာ ဂျုံသွင်းကုန်ခွန်များကို တိုးမြှင့်ရန်တွက်ချက်နေကြောင်း၊ ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးမှုများကိုလည်း အကြိမ်များစွာပြုလုပ်ပြီးဖြစ်ကာ နောက်ဆုံး အတည်ပြု ဆုံးဖြတ်ချက်ကို မကြာမီ ထုတ်ပြန်ဖွယ်ရှိသည်ဟု ၎င်းက ပြောကြားထားကြောင်း သိရှိရပါသည်။

၂၀၁၆-၁၇ ရာသီတွင် အိန္ဒိယနိုင်ငံ၌ ဂျုံတန်ချိန် ၉၈ ဒသမ ၃၈ သန်းခန့်အထိ အမြောက်အများ ထုတ်လုပ်နိုင်ခဲ့သည့်အတွက် ပြည်တွင်းဂျုံဈေးနှုန်းများ ကျဆင်းခဲ့ခြင်းကြောင့် အိန္ဒိယအစိုးရသည် ဂျုံတင်သွင်းမှုအပေါ် သွင်းကုန်ခွန် ၁၀ ရာခိုင်နှုန်းကို ယခုနှစ်၊ မတ်လက စတင်သတ်မှတ်စည်းကြပ်ခဲ့ကြောင်း၊ ယင်းအခွန်နှုန်းထားဖြင့် ဧပြီလမှလက်ရှိကာလအထိ ဂျုံတန်ချိန် ၈ ဒသမ ၅ သိန်းကို ပုဂ္ဂလိကလုပ်ငန်းရှင် များက တင်သွင်းထားပြီးဖြစ်ကာ နောက်ထပ်တန်ချိန် ၁ ဒသမ ၅ သိန်းမှာလည်း မကြာမီထပ်မံရောက်ရှိမည်ဖြစ်ကြောင်း သိရှိရပါသည်။ ပြီးခဲ့သည့်လအနည်းငယ်အတွင်း နိုင်ငံတကာ၌ ဂျုံဈေးနှုန်းများကျဆင်းနေခဲ့သော်လည်း ဩစတြေးလျ၌ ဂျုံစိုက်ပျိုးမှု ပိုမိုကျဆင်းလာခြင်းသည် ဂျုံဈေး ကောင်းမွန်ရန် မျှော်လင့်ချက်ကောင်းကြောင်း၊ သို့ဖြစ်၍ အိန္ဒိယပြည်တွင်း ဂျုံဈေးနှုန်းများမှာလည်း စတင်မြင့်တက်လာနေသည့် အနေအထားတွင်ရှိသည်ဟု အချက်အလက်များက ညွှန်းဆိုလျက်ရှိကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# လွတ်လပ်စွာကုန်သွယ်ရေး သဘောတူစာချုပ်ဆိုင်ရာဆွေးနွေးမှုများ ပြန်လည်စတင်ရန်အတွက် အိန္ဒိယနှင့်အီးယူတို့နည်းလမ်းများရှာဖွေ

လာမည့်နိုဝင်ဘာလတွင် အိန္ဒိယနှင့်အီးယူတို့ အဆိုပြုထားခဲ့သည့် လွတ်လပ်စွာကုန်သွယ်ရေးသဘောတူစာချုပ် (Free Trade Agreement) ဆိုင်ရာ ဆွေးနွေးမှုများအား ဆင်ခြင်သုံးသပ်ရန်နှင့် ယင်းနှင့်စပ်လျဉ်း၍ မူဘောင်တစ်ခုချမှတ်ဖော်ဆောင်မည့် နည်းလမ်းများကို ရှာဖွေနိုင်ရန်အတွက် ရပ်တန့်နေသည့် ဆွေးနွေးမှုများအား ပြန်လည်စတင်ရန် စီစဉ်နေကြောင်း၊ အီးယူထိပ်တန်းအရာရှိများပါဝင်မည့် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် လာမည့်လတွင် အိန္ဒိယသို့လာရောက်မည်ဖြစ်ကာ ယခင်ဆွေးနွေးချက်များအား ပြန်လည်သုံးသပ်ပြီး ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်း ချမှတ်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားထားပါသည်။

အိန္ဒိယနှင့် အီးယူနိုင်ငံများအကြား Broadbased Investment and Trade Agreement ဟု တရားဝင်အမည်ပေးထားသည့် သဘောတူစာချုပ်ဆိုင်ရာ ဆွေးနွေးမှုများကို ၂၀၀၇ ခုနှစ်ကတည်းကစတင်ခဲ့ကြောင်း၊ အီးယူ၌ အချိန်အတော်ကြာ စီးပွားကျဆင်းနေခြင်းမှအစ အမေရိကန်နှင့်ချုပ်ဆိုမည့် Transatlantic Trade and Investment Partnership Agreement အပြီးသတ်ရေးကို ဦးစားပေးဆောင်ရွက်ခြင်း၊ အိန္ဒိယ၌စမ်းသပ်စစ်ဆေးထားသည့် သာမန်အိမ်သုံးဆေးဝါးအမယ်ပေါင်း ၇၀၀ အား တားမြစ်ခြင်းစသည့် အကြောင်းပြချက်မျိုးစုံတို့ဖြင့် အိန္ဒိယနှင့် အီးယူအကြား ဆွေးနွေးမှုများကို ရပ်ဆိုင်းထားခဲ့ကြောင်း သိရှိရပါသည်။

ထိုမျှသာမက အီးယူအဖွဲ့မှ ဗြိတိန်ထွက်ခွာမည့်အရေးသည်လည်း ဆွေးနွေးပွဲအပေါ် ရိုက်ခတ်သည့် အခြားအကြောင်းအရာတစ်ခုဖြစ်ခဲ့ကြောင်း၊ အီးယူအဖွဲ့မှ ဗြိတိန်ထွက်ခွာပါက အဆိုပါဆွေးနွေးမှု၌ ဂျာမနီက ဦးဆောင်ဦးရွက်ပြုရန် လိုလားနေကြောင်း၊ သို့ဖြစ်၍ ဝန်ဆောင်မှုပိုင်းဆိုင်ရာ ဆွေးနွေးမှုများအပေါ် ရန်လိုမှုနည်းလာနိုင်ကြောင်း၊ ယင်းအကြောင်းအရာသည် ဗြိတိန်၏အချိန်အတော်ကြာ ရပ်တည်ဆောင်ရွက်ခဲ့သည့် အနေအထားဖြစ်ခဲ့ကြောင်း၊ သို့သော်လည်း မော်တော်ကားကဏ္ဍသည် အိန္ဒိယနှင့် အီးယူတို့အကြားဆွေးနွေးရာ၌ အရေးပါသည့် အကြောင်းအရာတစ်ရပ်ဖြစ်လာနိုင်ကြောင်း သိရှိရပါသည်။

အစောပိုင်းဆွေးနွေးမှုများ၌ အီးယူမှထုတ်လုပ်သည့်ကားများနှင့် အရက်များအပေါ် အိန္ဒိယကသွင်းကုန်ခွန်လျှော့ချပေးရန်နှင့် အိန္ဒိယနှင့်အီးယူတို့အကြား အချက်အလက်များလွတ်လပ်စွာဖလှယ်စီးဆင်းနိုင်ရန်အတွက် အိန္ဒိယနိုင်ငံအား အချက်အလက်လုံခြုံသည့်နိုင်ငံတစ်နိုင်ငံ ("data-secure" nation) အဖြစ် အသိအမှတ်ပြုရေးတို့အပေါ် ဆွေးနွေးလျက်ရှိကြောင်း၊ နှစ်ဖက်ဆွေးနွေးမှုများအား ရပ်ဆိုင်းထားခဲ့သည်မှာ လေးနှစ်ခန့်ကြာမြင့်ပြီဖြစ်ကြောင်း၊ ဂျာမနီကလည်း မော်တော်ကား (automobiles) နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုစေပြီး၊ ပြင်သစ်ကလည်း ဝိုင်များအပေါ် သွင်းကုန်ခွန်များ ပိုမိုလျှော့ချစေရန်လိုလားလျက်ရှိကြောင်း၊ ဆွေးနွေးမှုများ နှေးကွေးနေသည့် အကြောင်းအရာ၌ အီးယူလုပ်သားဈေးကွက်သို့ အိန္ဒိယကျွမ်းကျင်ပညာရှင်များ ဝင်ရောက်ခွင့်မရသည့်အပေါ် အိန္ဒိယ၏စိတ်ဝင်စားမှုလည်း ပါဝင်နေကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ယခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ ပုစွန်တင်ပို့မှုအခြေအနေ ကောင်းမွန်နိုင်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီးက ခန့်မှန်း

ယခုနှစ်တွင် ပင်လယ်စာထွက်ကုန် ကုန်သွယ်မှုကဏ္ဍ၌ မရေရာမှုများ ဖြစ်ပေါ်နေချိန်၌ အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ပင်လယ်စာပို့ကုန်တင်ပို့မှု၌ ချီလီနိုင်ငံနှင့်အတူ ထိပ်တန်း၌ ရပ်တည်မည့်အနေအထားရှိကြောင်း၊ ယခုနှစ်တွင် အိန္ဒိယ၌ Vannamei အမျိုးအစားပုစွန်အမြောက်အများထွက်ရှိသည့်အတွက် အိန္ဒိယ၏ပင်လယ်စာပို့ကုန် တင်ပို့မှုပမာဏမှာ ၄၁ ရာခိုင်နှုန်းဖြင့် သိသိသာသာတိုးတက်လာခဲ့ကြောင်း၊ ထို့ကြောင့် ယခုနှစ်ပင်လယ်စာထွက်ကုန် အဓိကတင်ပို့သည့် ကမ္ဘာ့နိုင်ငံများအနက် အိန္ဒိယနှင့်ချီလီနိုင်ငံတို့သည် ထိပ်ဆုံး၌ရပ်တည်မည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

ယခုနှစ်အတွင်း ပုစွန်တင်သွင်းမှုအနေဖြင့် ဖွံ့ဖြိုးပြီးနှင့်ဖွံ့ဖြိုးဆဲနိုင်ငံဈေးကွက်နှစ်ခုစလုံး တိုးတက်ကောင်းမွန်မည်ဖြစ်ကြောင်း၊ အရှေ့တောင်အာရှဈေးကွက်သည် ထွန်းသစ်စဈေးကွက်ဖြစ်ပြီး ပုစွန်တင်သွင်းမှုသိသိသာသာတိုးတက်မည်ဟု ခန့်မှန်းထားကြောင်း၊ အမေရိကန်၊ အီးယူနှင့်ဂျပန်တို့မှာလည်း ပုံမှန်အားဖြင့် ပုစွန်အများဆုံးတင်သွင်းသည့်နိုင်ငံကြီးများဖြစ်ရာ ယခုနှစ်တွင် စီးပွားရေးအခြေအနေကောင်းမွန်သည့်အတွက် ပင်လယ်စာ ဝယ်လိုအားမှာလည်း တိုးတက်မည်ဟု ခန့်မှန်းထားကြောင်းသိရှိရပါသည်။

ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီးက ထုတ်ပြန်သည့် ၂၀၁၆ ခုနှစ်၏ ပုစွန်အများဆုံးတင်ပို့သည့်နိုင်ငံများတွင် အိန္ဒိယသည် ထိပ်ဆုံး၌ရပ်တည်နေပြီး အဆိုပါနှစ်၏ ကမ္ဘာ့ပုစွန်အများဆုံး တင်ပို့သည့် ထိပ်တန်းငါးနိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်ပြီး တန်ချိန်၄၃၈၅၀၀တင်ပို့ခဲ့သည်။ဗီယက်နမ်က တန်ချိန် ၄၂၅၀၀၀ဖြင့် ဒုတိယနေရာတွင်ရှိနေပြီး အီကွေဒေါနိုင်ငံကတန်ချိန်၃၇၂၆၀၀ဖြင့် တတိယနေရာတွင် ရပ်တည်ခဲ့ကာ အင်ဒိုနီးရှားက(တန်ချိန်၂၂၀၀၀၀နှင့်ထိုင်းက ၂၀၉၄၀၀) တို့ဖြင့် စတုတ္ထနှင့် ပဉ္စမနေရာတို့၌ ရပ်တည်နေကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# အရန်သိုလှောင်ထားသည့်ပဲများ ပျက်စီးလေလွင့်ခြင်းမှကာကွယ်နိုင်ရန်အတွက် ပြည်တွင်း၌ရောင်းချရန် အိန္ဒိယအစိုးရစီစဉ်

အိန္ဒိယအစိုးရသည် အရန်သိုလှောင်ထားသည့်ပဲများအား ပျက်စီးလေလွင့်ခြင်းမရှိစေရန်အတွက် တန်ချိန်တစ်သန်းနီးပါးခန့်ကို ပြည်တွင်း၌ ရောင်းချဖွယ်ရှိကြောင်း၊ အစိုးရအနေဖြင့် အဆိုပါအရန်ပဲများအား ပြင်ပဈေးကွက်များ၊ ပြည်နယ်များနှင့် မီးရထားလုပ်ငန်း၊ ကာကွယ်ရေး တပ်ဖွဲ့များကဲ့သို့သော အဖွဲ့အစည်းများသို့ ရောင်းချရန်ဆောင်ရွက်နေကြောင်း၊ ယင်းပမာဏသည် အစိုးရက သိုလှောင်ထားသည့် ပမာဏစုစုပေါင်း၏ တစ်ဝက်နီးပါးခန့်ဖြစ်သည်ဟု အမည်မဖော်လိုသည့် သက်ဆိုင်ရာတာဝန်ရှိသူနှစ်ဦးက အောက်တိုဘာ ၁၀ ရက်၌ ပြောကြားခဲ့သည်။

ပြည်နယ်များကမူ အဆိုပါပဲများအား သက်သာချောင်ချိရေးအစီအစဉ်အောက်၌ ဆင်းရဲသားများအား ဖြန့်ဝေပေးနိုင်ရန် ထောက်ပံ့ကြေးနှုန်းထားများဖြင့် ဝယ်ယူရန်ကြိုးစားနေကြောင်း၊ ပြည်ထောင်စုအစိုးရအနေဖြင့် ကာနာတာကာ၊ ဂူဂျာရတ်နှင့် တမီလ်နာဒူး အပါအဝင်ပြည်နယ်များအား ထောက်ပံ့ရန်အတွက် ရူပီး ခြောက်ဘီလီယံ (အမေရိကန်ဒေါ်လာ ၉၂ သန်းခန့်) အသုံးပြုဖွယ်ရှိကြောင်း သိရှိရပါသည်။

ပဲများပျက်စီးလေလွင့်ခြင်းမရှိစေရန်အတွက် တန်ချိန်တစ်သန်းနီးပါးခန့်ရှိသည့် ပဲများကိုပြည်တွင်း၌ ရောင်းချရန်စီစဉ်နေသည့်ကိစ္စအပေါ် စားနပ်ရိက္ခာဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူထံသို့ အီးမေးလ်ဖြင့် ဆက်သွယ်မေးမြန်းခဲ့ရာ ပြန်လည်ဖြေကြားခဲ့ခြင်းမရှိကြောင်း၊ အိန္ဒိယအနေဖြင့် ပဲတန်ချိန် ၇၀၀၀၀၀ သိန်းခန့် ရောင်းချနိုင်ဖွယ်ရှိသည်ဟု ပြီးခဲ့သည့်ရက်သတ္တပတ်က စားနပ်ရိက္ခာဝန်ကြီးက ပြောကြားထားသော်လည်း အဆိုပါပြောကြားချက်၌ ပဲအရည်အသွေးနှင့်စပ်လျဉ်း၍ ပါဝင်ခြင်းမရှိကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးတက်နေပြီး အရောင်းအဝယ်သွက်နေ

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးမြင့်တက်နေပြီး အရောင်းအဝယ်လည်း ကောင်းနေခဲ့ပါတယ်။ ယခင်တစ်ပတ်က ပြောင်းတစ်ပိဿာ ၄၄၅ကျပ်မှ ယခုတစ်ပတ်မှာတော့ ကျပ် ၄၇၀ (တစ်တန် ကျပ် ၂၈၇၈၂၀) ထိဈေးတက်နေခဲ့ပြီး အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ၄၁၃၆၆၉ ပိဿာရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၄၉၃၅၂၅၀ပိဿာထိ ရှိခဲ့တာကြောင့် အရောင်းအဝယ်လည်း သွက်ခဲ့ပါတယ်။ သယ်ယူပို့ဆောင်ခအနေနဲ့ လားရှိုးမှမူဆယ်အထိ ပြောင်းတစ်ပိဿာ ၃၀ကျပ်ရှိပြီး အတက်အကျမရှိကြောင်း သိရပါတယ်။

xxxxxxxxxxxxxxxx

## မုံရွာဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေးကျနေပြီး ပဲတီစိမ်းဈေးငြိမ်

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီတို့ ဈေးကျနေပြီး ပဲတီစိမ်းဈေး တည်ငြိမ်နေကာ အရောင်းအဝယ်လည်းအေးနေကြောင်း သိရပါတယ်။ ပဲတီစိမ်းလုံးကြီး တစ်ပိဿာ ၁၄၂၀ကျပ် (တစ်တန်ကျပ် ၈၇၀၂၀၀) နဲ့ ယခင်တစ်ပတ်ဈေးအတိုင်းငြိမ်နေခဲ့ပါတယ်။ မန္တလေးဝယ်လက်က ပဲတီစိမ်းလုံးကြီးကို အရည်အသွေးကောင်းမွန်မှုအပေါ် ရွေးချယ်ဝယ်ယူသလို ရောင်းလိုအားလည်း နည်းခဲ့တာကြောင့်အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၈၈၅ ကျပ် ဈေးရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၇၂၅ ကျပ် (တစ်တန်ကျပ် ၄၄၃၉၈၀)အထိ ဈေးကျဆင်းခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို မြို့ခံပဲခွဲစက်များက ဝယ်ယူနေကြပေမယ့်လည်း အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်ပိဿာ ၅၇၅ကျပ် ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၅၀၀ (တစ်တန် ကျပ် ၃၀၆၁၉၀) ထိ ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို မြို့ခံဝယ်လက်နဲ့ ဝယ်ရောင်းကုန်သည်များက အရည်အသွေးကောင်းကို လိုချင်ကြလို့ အရောင်းအဝယ်နည်းခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းဖြူ တစ်ပိဿာ ၂၃၆၇ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၂၄၀၀ (တစ်တန်ကျပ် ၁၄၆၉၇၇၀)နဲ့ ဈေးမြင့်နေခဲ့ပြီး မန္တလေးဝယ်လက်တွေကဝယ်ယူခဲ့ကြလို့အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ မြေပဲလုံးဆန် တစ်ပိဿာ ၂၃၂၅ ကျပ် မှ ကျပ် ၂၄၀၀ (တစ်တန် ကျပ် ၁၅၉၂၂၁၀) ပေါက်ဈေးရှိခဲ့ပြီး အရောင်းအဝယ်သွက်ခဲ့ကြောင်း သိရပါတယ်။

xxxxxxxxxxxxxxxx

## မန္တလေးဈေးကွက်မှာ ပဲဈေးများပြန်တက်လာသော်လည်း အစေ့ထုတ်ပြောင်းဈေး တည်ငြိမ်နေ

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ ပဲတီစိမ်း(အညာရွှေဝါ)၊ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးပြန်တက်လာကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၉၀၈ကျပ် ပေါက်ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၉၆၇ ကျပ် (တစ်တန်ကျပ် ၅၉၂၁၈၀)ထိဈေးပြန်တက်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၅၇၅ကျပ်ထိ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၆၁၇ကျပ်(တစ်တန်ကျပ် ၃၇၇၈၄၀)ထိ ဈေးပြန်တက်ခဲ့ပေမယ့် အရောင်းအဝယ်နည်းနေကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း(အညာရွှေဝါ) တစ်ပိဿာ ၁၄၂၂ကျပ်နဲ့ ဈေးရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၄၅၈ကျပ် (တစ်တန်ကျပ် ၈၉၂၈၆၀) အထိ ဈေးပြန်တက်ခဲ့ပါတယ်။ ပဲတီစိမ်း (အညာရွှေဝါ)ကို ပုံမှန်ဝယ်ယူနေတဲ့ တရုတ်တင်ပို့သူများက ဝယ်လိုအားနည်းခဲ့သလို ရောင်းသူကုန်သည်များကလည်း ရောင်းချခြင်းနည်းခဲ့တာကြောင့် အရောင်းအဝယ်နည်းခဲ့ကြောင်း သိရပါတယ်။

ဆီထွက်သီးနှံမျိုးစုံအနက် နှမ်းနက်စမုံ တစ်ပိဿာ ၂၈၄၄ကျပ် (တစ်တန် ၁၇၄၁၆၃၀)နဲ့ ယခင်တစ်ပတ်က ဈေးအတိုင်းအတက်အကျ မရှိကြောင်း သိရပါတယ်။ ဒါပေမယ့်

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၃–၁၀–၂၀၁၇)

သန်းထိုက်အောင်

ယခင်တစ်ပတ်က နှမ်းဖြူတစ်ပိဿာ ၂၃၃၃ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၆၀၀(တစ်တန်ကျပ် ၁၅၉၂၂၁၀) အထိ ဈေးပြန်တက်ခဲ့ပြီး တစ်ရက်ကို နှမ်းဖြူအိတ် ၂၀၀ကျော်ခန့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။ တရုတ်ဝယ်လက်တွေနဲ့ အစာစပ်လုပ်ငန်းရှင်တွေက ပုံမှန်ဝယ်ယူနေတဲ့ အစေ့ထုတ်ပြောင်းဈေးလည်း ယခုတစ်ပတ်မှာ ၄၂၆ကျပ် (တစ်တန်ကျပ် ၂၆၀၈၇၀)ရှိခဲ့ရာ ယခင်တစ်ပတ်ဈေးအတိုင်း အတက်အကျမရှိခဲ့ကြောင်း သိရပါတယ်။

xxxxxxxxxxxxxxxx

## မကွေးဈေးကွက်မှာ ပြည်ပပို့ကုန်ပဲများ ဈေးကျနေပြီး နှမ်းဈေးမြင့်တက်နေ

ယခုတစ်ပတ် မကွေးဈေးကွက်မှာ ပြည်ပပို့ကုန်ပဲများ ဈေးကျဆင်းနေပြီး နှမ်းဈေးမှာမူ ဈေးကောင်းလာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းတစ်ပိဿာ ကျပ် ၁၄၄၀ ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ်၁၄၂၀ (တစ်တန်ကျပ် ၈၆၉၅၉၀) အထိ ဈေးကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ကျပ် ၉၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၇၃၅ ကျပ်(တစ်တန်ကျပ် ၄၅၀၁၀၀)အထိ ဈေးကျခဲ့ပါတယ်။ အလားတူ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၅၈၅ကျပ် နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာက ယခုတစ်ပတ်မှာတော့တစ်ပိဿာ ကျပ် ၅၀၀ (တစ်တန် ကျပ်၃၀၆၁၉၀) အထိ ဈေးပြန်ကျခဲ့ကြောင်း သိရပါတယ်။ နှမ်းရောင်စုံဈေးကွက်မှာတော့ ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ကျပ် ၂၇၉၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၈၀၀(တစ်တန်ကျပ်၁၇၁၄၆၉၀)၊ ယခင်တစ်ပတ်က နှမ်းဖြူထိပ်စ တစ်ပိဿာ ကျပ် ၂၆၀၀ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၇၅၀(တစ်တန်ကျပ်၁၆၈၄၀၇၀)၊ ယခင်တစ်ပတ်က နှမ်းနက်ရိုးရိုးတစ်ပိဿာ ကျပ် ၂၇၇၀ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၂၈၀၀(တစ်တန်ကျပ်၁၇၁၄၆၉၀) ထိ ဈေးတက်ခဲ့သလို နှမ်းနီတစ်ပိဿာ ၂၂၇၀ ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၃၅၀(တစ်တန်ကျပ်၁၄၃၉၁၀၀) နဲ့ ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

xxxxxxxxxxxxxxxx

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းဈေး ကျဆင်းပြီး ကုလားပဲဟော်လန်ဈေးငြိမ်နေ

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲတီစိမ်းဈေး ပြန်ကျလာပြီး ကုလားပဲဟော်လန်ဈေးတည်ငြိမ်နေကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ ကုလားပဲဟော်လန် တစ်ပိဿာ ကျပ် ၂၂၅၀ (တစ်တန် ကျပ် ၁၃၇၇၈၇၀) ထိ ဈေးငြိမ်နေခဲ့သော်လည်း ဈေးမကြိုက်ကြလို့ အရောင်းအဝယ်နည်းခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကလည်း ယခင်တစ်ပတ်အထိ တစ်ပိဿာ ကျပ်၁၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၁၃၀၀(တစ်တန်ကျပ် ၇၉၆၁၀၀) အထိ ဈေးကျခဲ့ကြောင်း သိရပါတယ်။ပဲတီစိမ်းက ဈေးကွက်ဝင်ရောက်မှုနည်းနေသလို မန္တလေးဝယ်လက်လည်း နည်းနေတာကြောင့် အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် နှမ်းနက်ရိုးရိုးက ယခင်တစ်ပတ်ဈေးအတိုင်း တစ်ပိဿာ ကျပ် ၂၁၁၀ (တစ်တန် ကျပ်၁၂၉၂၁၄၀)နဲ့ ဆက်ရှိနေခဲ့ပါတယ်။ နှမ်းနီကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၂၁၁၀ ဈေး ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၂၁၈၀ (တစ်တန် ကျပ် ၁၃၃၅၀၀၀)ထိ ဈေးရှိခဲ့ပြီး ဝယ်လိုအားနည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၂၈၀၀ ဈေးရှိနေခဲ့တဲ့ သိပ္ပံနှမ်းနက်ကတော့ အခုတစ်ပတ်မှာ ဈေးပြန်ကျခဲ့ပြီး တစ်ပိဿာ ကျပ် ၂၇၆၀ (တစ်တန် ကျပ်၁၆၉၀၁၉၀) ရှိခဲ့ကြောင်း သိရပါတယ်။ သိပ္ပံနှမ်းနက်နဲ့ နှမ်းနက်ကို မန္တလေးဝယ်လက်က ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ် ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

xxxxxxxxxxxxxxxx

## မူဆယ်ဈေးကွက်မှာ အစေ့ထုတ်ပြောင်းဈေး ကျဆင်းနေသော်လည်း အရောင်းအဝယ်ဖြစ်နေ

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ အစေ့ထုတ်ပြောင်းဈေး ကျဆင်းနေသော်လည်း အရောင်းအဝယ်ကောင်းနေကြောင်း သိရပါတယ်။ ယခင်တစ်ပတ်ကအစေ့ထုတ်ပြောင်း ၅၀ ကီလိုဂရမ်တစ်အိတ်ကို မြန်မာဘက်ကမ်းမှာ ၇၆ယွမ်မှ ရွှေလီ ဘက်ကမ်းတွင် ၈၂ယွမ်ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ မြန်မာဘက်ကမ်းမှာ ၆၉ယွမ်ရှိပြီး ရွှေလီဘက်ကမ်းမှာ ၇၅ ယွမ်အထိ ဈေးရှိခဲ့ပါတယ်။အရောင်းအဝယ်ဖြစ်မှုအနေနဲ့ကတော့ ယခင်တစ်ပတ်က အစေ့ထုတ်ပြောင်း တန်ချိန် ၁၉၉၃၄ တန်မှ ယခုတစ်ပတ်မှာတော့ တန်ချိန် ၂၃၄၅၆ တန်အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ငွေလဲနှုန်းအနေအထားကတော့ ၁ယွမ်ကို မြန်မာကျပ်ငွေ ၂၀၄ကျပ်အထိပေါက်ဈေးရှိခဲ့ကြောင်း သိရ ပါတယ်။

xxxxxxxxxxxxxxxx

## ဘုရင့်နောင်ပဲဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးဆက်လက်ကျဆင်းနေ

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲ FAQ (RC)၊ မတ်ပဲ SQ(RC) နဲ့ ပဲစင်းငုံနီတို့ ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ (RC) တစ်တန် ကျပ် ၆၉၇၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန် ကျပ် ၄၇၈၀၀၀အထိ၊ မတ်ပဲ SQ(RC) ကလည်း ယခင်တစ်ပတ်က တစ်တန် ကျပ် ၆၄၅၀၀၀ အထိရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန် ကျပ် ၆၀၀၀၀၀ ထိ ဈေးပြန်ကျဆင်းလာခဲ့ကြောင်း သိရပါတယ်။ အလားတူ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်တန် ကျပ် ၃၈၀၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၃၂၅၀၀၀နဲ့ ဈေးပြန်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ မတ်ပဲ FAQ (RC) တစ်တန်ကို ကျပ် ၁၉၀၀၀၊ မတ်ပဲ SQ(RC) တစ်တန်ကို ကျပ် ၄၅၀၀၀ ၊ ပဲစင်းငုံနီ တစ်တန်ကို ကျပ် ၅၅၀၀၀ စသည်ဖြင့် ဈေးအကျကြမ်းခဲ့ကြောင်း သိရပါတယ်။

xxxxxxxxxxxxxxxx

## ဟသ်ာတဈေးကွက်မှာ မတ်ပဲ ဈေးထပ်မံကျဆင်းပြီး အစေ့ထုတ်ပြောင်း ကုန်ပစ္စည်းပြတ်လပ်

ယခုတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေး ထပ်မံကျဆင်းခဲ့ပြီး အစေ့ထုတ်ပြောင်းကတော့ ကုန်လက်ကျန် မရှိတော့ဘူးလို့ သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ကျပ်၈၅၀ ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၇၇၅ ကျပ် (တစ်တန်ကျပ်၄၇၄၆၀၀) အထိ ဈေးကျဆင်းလာခဲ့သလို ယခုတစ်ပတ်အတွင်း ဈေးကွက်ဝင်ရောက်မှု နည်းခဲ့သလို နယ်ခံကုန်သည်နဲ့ ရန်ကုန်ဝယ်လက်တွေက ဝယ်ယူမှုနည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ အစေ့ထုတ်ပြောင်းကတော့ ဈေးကွက်အတွင်း ကုန် ပစ္စည်းမရှိတော့လို့ အရောင်းအဝယ်မဖြစ်တော့ကြောင်း သိရပါတယ်။

# မြန်မာနိုင်ငံတွင် (၁၆) ကြိမ်မြောက် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီ (ASEAN Committee on Consumer Protection-ACCP) အစည်းအဝေးအား အလှည့်ကျ အိမ်ရှင်နိုင်ငံအဖြစ် ပထမဆုံးအကြိမ်ကျင်းပ

| နိုင်ဦး၊ မြင့်မြင့်ချို |

မြန်မာနိုင်ငံ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများအား ဆောင်ရွက်ရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက Focal Ministry အဖြစ် အာဆီယံစားသုံးသူ ကာကွယ်ရေးကော်မတီ (ACCP) နှင့် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် လည်းပူး ပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် သက်ဆိုင်ရာဆက်စပ်ဝန်ကြီးဌာနများပါဝင်သော စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီကိုဖွဲ့စည်းခြင်း၊ တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်များတွင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ များနှင့် ထိုအဖွဲ့အောက်တွင်ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီ၊ တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ (၂)ရပ်ကို ဖွဲ့စည်းခြင်း၊ တစ်နိုင်ငံလုံးရှိ စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုများကို အချိန်တိုအတွင်း ကုစားဖြေရှင်းပေးနိုင်ရေးအတွက် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (Consumer Information and Complaint Center-CICC) များ ဖွဲ့စည်းခြင်းများ ဆောင်ရွက်ကာ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံနှင့် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသော (ACCP) သည် အာဆီယံဒေသတွင်း တစ်စုတစ်စည်းတည်းဖြစ်သော စီးပွားရေးဒေသဖြစ်ပေါ်လာစေရန်အတွက် ဒေသတွင်းပြည်သူများကို အဓိကထားသည့် နည်းလမ်းဖြင့် ဆောင်ရွက်ရာတွင် စားသုံးသူများနှင့် သက်ဆိုင်သော လုပ်ရှားဆောင်ရွက်မှုများကို ဆောင်ရွက်ရန် အရေးကြီးကြောင်း အာဆီယံနိုင်ငံများက အထူးဂရုပြုခဲ့သည်။ စားသုံးသူကာကွယ်ရေးကိစ္စသည် အရေးပါလာသလို၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နည်းလမ်းများ တိုးတက်လာရန်လည်း အရေးကြီးခဲ့သည်။ ထို့ကြောင့်ပင် စားသုံးသူကို အကာအကွယ်ပေးရင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်လျက်ရှိပါသည်။ အာဆီယံ အသိုက်အဝန်းအရ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အာဆီယံနိုင်ငံများတွင် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို အာဆီယံ စားသုံးသူ ကာကွယ်ရေးညှိနှိုင်းကော်မတီ တည်ထောင်မှုမှတစ်ဆင့် ခိုင်မာတိုးတက်စေရန်။

(ခ) စားသုံးသူကာကွယ်ပေးရေးဆိုင်ရာအဖွဲ့အစည်း ကွန်ရက်တည်ထောင်ပြီး သတင်းအချက်အလက် ဖလှယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေရန်

(ဂ) တစ်စုတစ်စည်းတည်းဖြစ်ပေါ်သော အာဆီယံဈေးကွက်အတွက် ပြင်ဆင်ရာတွင် စားသုံးသူ ကာကွယ်ပေးရေး အရာထမ်းများနှင့် စားသုံးသူခေါင်းဆောင်များအတွက် ဒေသတွင်းသင်တန်းများ ဖွင့်လှစ်ပို့ချပေးရန်

**အာဆီယံ စားသုံးသူကာကွယ်ရေးကော်မတီ (ACCP) တည်ထောင်မှု**

အာဆီယံ စီးပွားရေးစုစည်းဆောင်ရွက်မှုအတွက် လူကိုအဓိကထားသည့်နည်းလမ်းဖြင့် ဆောင်ရွက်ရာတွင် လျင်မြန်ချောမွေ့စေရန်၊ အာဆီယံနိုင်ငံများတွင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ခိုင်မာတိုးတက်စေရန်၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အဆင့်မြင့်မားစွာ ဆောင်ရွက်နိုင်စေရန်နှင့် ဒေသတွင်း စားသုံးသူများ၏ အခွင့်အရေးများကို အကာအကွယ်ပေးနိုင်ရေးအတွက် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ဦးဆောင်လှုပ်ရှားမှုများ ဖွံ့ဖြိုးတိုးတက်စေရန်တို့အတွက် အာဆီယံစားသုံး သူကာကွယ်ရေးကော်မတီ (ACCP)ကို အာဆီယံနိုင်ငံများ၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။

**အာဆီယံ စားသုံးသူကာကွယ်ရေးကော်မတီ(ACCP) မှ ဆောင်ရွက်သွားမည့်လုပ်ငန်းများ**

အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီသည် အစားအသောက်နှင့် ဆေးဝါးကဏ္ဍများအပြင် အောက်ဖော်ပြပါ နယ်ပယ်များကိုလည်း ထည့်သွင်းဆောင်ရွက်လျက်ရှိပါသည်-

(က) စားသုံးသူတိုင်ကြားမှုများကို အရေးယူဆောင်ရွက်သော လုပ်ထုံးလုပ်နည်းများ

(ခ) ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် တာဝန်ရှိမှု

(ဂ) ကိန်းဂဏန်းအချက်အလက်များကာကွယ်ထိန်းသိမ်းမှု

(ဃ) ကုန်အညွှန်းအမှတ်အသား

(င) ကြော်ငြာလုပ်ငန်း၊

(စ) ဘဏ်လုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၊

(ဆ) အာမခံလုပ်ငန်း၊

(ဇ) စားသုံးသူများကြွေးမြီကိစ္စ။

**အာဆီယံစားသုံးသူ ကာကွယ်ရေးကော်မတီ (ACCP) အစည်းအဝေးများကျင်းပမှု**

အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီ အစည်းအဝေးများကို တစ်နှစ်လျှင်(၂)ကြိမ် နိုင်ငံ အက္ခရာစဉ်အလိုက် အာဆီယံနိုင်ငံများတွင် အလှည့်ကျကျင်းပပြုလုပ်လျက်ရှိပါသည်။ ပြုလုပ်ခဲ့သော အစည်းအဝေးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပထမအကြိမ်အစည်းအဝေးကို မလေးရှားနိုင်ငံတွင် ၂၄. ၆. ၂၀၀၈ မှ ၂၅. ၆. ၂၀၀၈ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပြီး အောက်ပါအချက်များကို အဓိကထားဆွေးနွေးခဲ့ပါသည်-

(၁) စားသုံးသူကာကွယ်ရေးအဖွဲ့အစည်းများ ဖွဲ့စည်းရန်၊

(၂) စားသုံးသူကာကွယ်ရေးဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ရန်၊

(၃) ACCP or Working Groups များနှင့် ဆက်သွယ်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊

(၄) ACCP ၏ အဖွဲ့ဝင်နိုင်ငံဖြစ်သော မြန်မာနိုင်ငံမှ ACCP ၏ Working Groups များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရေး သီးခြားအဖွဲ့တစ်ဖွဲ့အား သတ်မှတ်တာဝန်ပေးဆောင်ရွက်သွားရန်၊

(၅) စားသုံးသူအကျိုးစီးပွားကာကွယ်ခြင်းဆိုင်ရာ ကိစ္စများအား ပြည်သူတစ်ရပ်လုံး သိရှိစေရေး ဆောင်ရွက်ရန်၊

(ခ) ဒုတိယအကြိမ် အစည်းအဝေးကို မလေးရှားနိုင်ငံတွင် ၅. ၈. ၂၀၀၉ မှ၆. ၈. ၂၀၀၉ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပြီး အောက်ပါအချက်များကို အဓိကထားဆွေး နွေးခဲ့ပါသည်-

(၁) ACCP ၏ Working Groups အဖွဲ့(၃)ဖွဲ့မှ လုပ်ငန်းစီမံချက်များ ချမှတ်ကာ နှစ်အလိုက် ဆောင်ရွက်ရမည့် အချက်များအား ဆောင်ရွက်ရန်၊

(၂) ACCP ၏ အဖွဲ့ဝင်နိုင်ငံများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ရန်၊

(၃) ACCP ၏ လုပ်ငန်းအဖွဲ့ (၃)ဖွဲ့ဖြစ်သည့် Working Groups or Rapid Alert System and Information Exchange၊ Working Groups or Cross Border Consumer Redress နှင့် Working Groups or Training and Education တို့ကို ဖွဲ့စည်းမှု အတည်ပြုရန်၊

(ဂ) တတိယအကြိမ်အစည်းအဝေးကိုလည်း မလေးရှားနိုင်ငံတွင် ၄. ၁၀. ၂၀၁၀ မှ ၅. ၁၀. ၂၀၁၀ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။ မြန်မာနိုင်ငံမှ မတက်ရောက်နိုင်ခဲ့ပေ။ အစည်းအဝေးတွင် အောက်ပါအချက်များကို အဓိကထားဆွေးနွေးခဲ့ပါသည်-

(၁) AEC Scorecard အကောင်အထည်ဖော်မှု၊

(၂) ACCP ၏ Working Groups များမှ ချမှတ်ထားသော လုပ်ငန်းများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု။

(ဃ) စတုတ္ထအကြိမ် အစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံတွင် ၁၂-၇-၂၀၁၁ မှ ၁၃-၇-၂၀၁၇ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပြီး အောက်ပါအချက်များကို အဓိကထားဆွေးနွေးခဲ့ကြပါသည် -

(၁) AEC Scorecard အကောင်အထည်ဖော်မှု။

(၂) သတင်းအချက်အလက်ဖလှယ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်။

(၃) အာဆီယံ-ဩစတြေးလျ ဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်း။

(၄) ကိုရီးယားစားသုံးသူအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှု။

(၅) ACCP Website on Consumer Redress ။

(၆) ASEAN Consumer Complaint Leaflet ။

(င) ပဉ္စမအကြိမ်အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံတွင် ၂-၅-၂၀၁၂ မှ ၄-၅-၂၀၁၂ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံမှ မတက်ရောက်ခဲ့ပါ။ အဓိကဆွေးနွေးသည့် အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) AEC Scorecard အကောင်အထည်ဖော်မှု။

(၂) သတင်းအချက်အလက်ဖလှယ်ခြင်းလုပ်ငန်း။

(၃) ဆွေးနွေးဘက်နိုင်ငံများနှင့်ပူးပေါင်းမှု။

(စ) (၆)ကြိမ်မြောက်အစည်းအဝေးကို ထိုင်းနိုင်ငံတွင် ၄-၉-၂၀၁၂မှ ၆-၉-၂၀၁၂ရက်နေ့ အထိ ကျင်းပပြုလုပ်ခဲ့ပြီး အောက်ပါအချက်များကို အဓိကထားဆွေးနွေးခဲ့ကြသည် -

(၁) (၈)ကြိမ်မြောက် ACCP Meeting နောက်ပိုင်း စားသုံးသူကာကွယ်ရေးနှင့် ဆက်နွယ်သည့်ကိစ္စရပ်များ။

(၂) မိတ်ဖက်အဖွဲ့အစည်းများကိစ္စ။

(၃) ACCP နှင့်လုပ်ငန်းအဖွဲ့ (၃) TOR ပြင်ဆင်ခြင်း။

(၄) ထိုင်းနိုင်ငံ၏ အန္တရာယ်ရှိ ထုတ်ကုန်များ။

(ဆ) (၇)ကြိမ်မြောက်အစည်းအဝေးကို ဗီယက်နမ်နိုင်ငံတွင် ၆-၅-၂၀၁၃ မှ ၈-၅-၂၀၁၃ ရက်နေ့အထိ ပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံမှ မတက်ရောက်ခဲ့ပေ၊ အဆိုပါအစည်းအဝေးတွင် အောက်ပါအချက်များကို အဓိကထားဆွေးနွေးခဲ့ကြသည်-

(၁) ACCP ကိစ္စများ။

(၂) ACCP ၏ လုပ်ငန်းအဖွဲ့ (၃)ခု၏ ဆောင်ရွက်ချက်။

(၃) စားသုံးသူတိုင်တန်းမှု၊ အရေးယူမှု၊ သုတေသနထောက်ပံ့မှု၊ ပြည်သူအလေးဂရုပြုမှုများ။

(ဇ) (၈)ကြိမ်မြောက်အစည်းအဝေးကို စင်ကာပူနိုင်ငံ၌ ၃-၉-၂၀၁၃ မှ ၅-၉-၂၀၁၃ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံမှ မတက်ရောက်ခဲ့ပါ။ အဆိုပါအစည်းအဝေးတွင် အောက်ပါအချက်များကို အဓိကထားဆွေးနွေးခဲ့ကြသည်-

(၁) AEC Scorecard အကောင်အထည်ဖော်မှု။

(၂) လုပ်ငန်းအဖွဲ့ (၃)ခု၏ ဆောက်ရွက်မှု။

(၃) စားသုံးသူကာကွယ်ရေးဖွံ့ဖြိုးစေမှု။

(၄) မိတ်ဖက်အဖွဲ့များနှင့် ပူးပေါင်းမှု။

( ဈ) (၉)ကြိမ်မြောက် အစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံတွင် ၂၃. ၄. ၂၀၁၄မှ ၂၄. ၄. ၂၀၁၄ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပြီး အောက်ပါအချက်များကို အဓိကထားဆွေးနွေးခဲ့ကြသည်-

(၁) ACCP Meeting နှင့်ဆက်နွယ်သည့် အစည်းအဝေးများကိစ္စ၊

(၂) ASEAN မှ ပူးပေါင်းဆောင်ရွက်မှု၊

(၃) ပြည်ပအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှု၊

(၄) E-Commerce နှင့် Online Complaint Handling System ကိစ္စများ၊

(၅) ACCP အစည်းအဝေးများ ပြုလုပ်ရန်လျာထားမှု။

(ည) (၁၀)ကြိမ်မြောက်အစည်းအဝေးကို ဘရူနိုင်းနိုင်ငံတွင် ၇. ၁၀. ၂၀၁၄ မှ ၉. ၁၀. ၂၀၁၄ ရက်နေ့အထိ ကျင်းပခဲ့သည်။ မြန်မာနိုင်ငံမှ မတက်ရောက်နိုင်ခဲ့ပေ။ အဆိုပါအစည်းအဝေးတွင် အောက်ပါအချက်များကို အဓိကထားဆွေးနွေးခဲ့ကြသည်-

(၁) AEC Scorecard အကောင်အထည်ဖော်ခဲ့မှု၊

(၂) အာဆီယံနိုင်ငံအလိုက် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေရေးဆွဲပြဋ္ဌာန်းမှု၊

(၃) ၂၀၁၅ ခုနှစ်အလွန် စားသုံးသူကာကွယ်ရေး လုပ်ငန်း စီမံချက်ကိစ္စ။

(ဋ) (၁၁)ကြိမ်မြောက်အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံတွင် ၁၉. ၅. ၂၀၁၅ မှ ၂၁. ၅. ၂၀၁၅ ရက်နေ့အထိ ကျင်းပခဲ့သည်။ မြန်မာနိုင်ငံမှ မတက်ရောက်နိုင်ခဲ့ပေ။ အဆိုပါအစည်းအဝေးတွင် အောက်ပါအချက်များကို အဓိကထားဆွေးနွေးခဲ့ကြသည်-

**စာမျက်နှာ (၂၁) သို့➤**

# ပြည်တွင်းသို့ ဆိုင်ကယ်တင်သွင်းမှု သိသိသာသာကျဆင်း

ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၃၉ သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၁၆၀၀ စီးကို တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၀၅၂၈ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၈၉၂၈ စီးလျော့နည်းတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ ကန်ပိုက်တီကုန်သွယ်ရေးစခန်းနဲ့ တမူးကုန်သွယ်ရေးစခန်းမှ ပိုမိုတင်သွင်းခဲ့သော်လည်း မူဆယ်ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်တို့မှ သိသိသာလျော့နည်းတင်သွင်းခဲ့ခြင်းကြောင့်ဖြစ်တယ်လို့ သိရပါတယ်။

တင်သွင်းမှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၇၄ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၅၇ စီး၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ သုည ဒသမ ၀၈၇ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၃၁၀ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၅၅ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၂၁၄ စီး၊ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၃ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၉ စီးကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံသို့ လက်ဖက်ခြောက်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၉၁၇၀ တန်ဖိုးရှိ လက်ဖက်ခြောက် ၂၉ တန်ကို တင်ပို့ခဲ့ရာ ယခင်တင်ပို့ခဲ့တဲ့ ၃၂ တန်နဲ့ နှိုင်းယှဉ်လျှင် မူဆယ်မှ တရုတ်နိုင်ငံသို့ လက်ဖက်ခြောက် ပုံမှန်တင်ပို့နေတာ တွေ့ရပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၂၇၆၁၂ တန်ဖိုးရှိ လက်ဖက်ခြောက် တန် ၇၀ ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တန် ၄၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန် ၃၀ ခန့် ပိုမိုတင်ပို့ခဲ့ပါတယ်။

"မြန်မာ့လက်ဖက်ရည်ကြမ်းကို ကြိုက်နှစ်သက်သူတွေအတွက် လက်ဖက်ရည်ဆိုင်တွေ၊ မြန်မာ့ရိုးရာ အစားအစာဆိုင်တွေမှာ စတင်ဝန်ဆောင်မှုတွေပေးနေပါပြီ။ နိုင်ငံခြားသားတွေ အဝင်-အထွက်များတဲ့ လေယာဉ်ကွင်းလိုနေရာမျိုး၊ ပုဂံ၊ အင်းလေး၊ ဦးပိန်၊ ကုသိုလ်တော်လို နေရာမျိုးတွေမှာ မြန်မာ့လက်ဖက်ရည်ကြမ်းဝိုင်းတွေဖြစ်လာအောင် ဆက်လက်စီစဉ်ဆောင်ရွက်နေပါတယ်"ဟု မြန်မာလက်ဖက် အသင်းအစုအဖွဲ့မှ သိရပါတယ်။

**မော်မော်အောင်**

# အိန္ဒိယနယ်စပ်မှ ကွမ်းသီးများ ပိုမိုတင်ပို့

မြန်မာ-အိန္ဒိယ နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၃၆၅ သန်း တန်ဖိုးရှိ ကွမ်းသီး ၄၃၄ တန်ကို တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က ၇၂ တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၆၂ တန် ပိုမိုတင်ပို့နိုင်တယ်လို့ သိရပါတယ်။ ယခုကဲ့သို့ ပိုမိုတင်ပို့နိုင်ခြင်းမှာ ယခင်ရက်သတ္တပတ်များက ရိဒ်ကုန်သွယ်ရေးစခန်းအနီးရှိ လမ်းမကြီးများပြုပြင်မှုကြောင့် ကုန်သွယ်မှုမရှိခဲ့သလို တမူးကုန်သွယ်ရေးစခန်းမှလည်း ကွမ်းသီးတင်ပို့မှု ပိုမိုခဲ့ခြင်းကြောင့်ဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၁၅၅ သန်း တန်ဖိုးရှိ ကွမ်းသီး ၁၇၅ တန်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၁၀ သန်း တန်ဖိုးရှိ ကွမ်းသီး ၂၅၉ တန်ကို တင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန် ဒေါ်လာ သုည ဒသမ ၄၀၄ သန်းတန်ဖိုးရှိ နန့်ဖာလုံကုန်စုံ၊ စီးကရက်၊ ပြုပ်ကောင်းတို့ကို ၂၄ တန်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၈၉ သန်းတန်ဖိုးရှိ မုန့်မျိုးစုံ၊ စီးကရက်၊ ပလတ်စတစ်၊ အချိုရည်၊ ဆပ်ပြာ၊ ငါးသေတ္တာတို့ကို ၁၄၄ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ကော်ဖီစေ့တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာ ၇ ရက်မှ ၁၄ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၄၁၁၂ တန်ဖိုးရှိ ကော်ဖီစေ့ ၁၆ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်ကတင်ပို့မှုမရှိဘဲ စက်တင်ဘာလဆန်းက ခုနစ်တန် တင်ပို့ခဲ့တာ တွေ့ရပါတယ်။

ရှမ်းဒေသထွက်ကော်ဖီကို အမေရိကန်ပြည်ထောင်စုသို့ ပို့ဆောင်ပြီး နိုင်ငံတကာစံနှုန်းများအတိုင်း မြည်းစမ်းလေ့လာမှုပြုလုပ်ခဲ့ရာ အရည်အသွေး၊ အရောင်၊ အနံ့၊ အရသာပေါ်မူတည်ပြီး ရမှတ် ၁၀၀ တွင် ၈၃ မှတ်ကျော်အထိရရှိခဲ့ပြီး အထူးတန်းဝင်ကော်ဖီအဖြစ် သတ်မှတ်ခံခဲ့ရကြောင်း ရှမ်းမြို့နယ်ကော်ဖီအသင်း မှ သိရပါတယ်။ **မော်မော်အောင်**

# ဝါဂွမ်းနဲ့ ပိုးအိမ်တို့ကို တရုတ်ပြည်သို့ တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အောက်တိုဘာ ၇ ရက်မှ ၁၄ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၇၆၀၀၀ တန်ဖိုးရှိ ငွေချည်-၆-ဝါဂွမ်းတန် ၈၀ နဲ့ အမေရိကန် ဒေါ်လာ ၂၈၀၀၀ တန်ဖိုးရှိ ပိုးအိမ်ရှစ်တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က ဝါတင်ပို့မှုမရှိဘဲ ပိုးအိမ်လေးတန်သာ တင်ပို့ခဲ့တာ တွေ့ရပါတယ်။

ဝါပင်ကို မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွေမှာ အဓိကစိုက်ပျိုးပြီး ဝါတင်ပို့ခွင့်ကို နှစ် ၂၀ ကျော်ရပ်ဆိုင်းထားခဲ့ရာမှ ၂၀၁၄ မတ်လ ၁၃ ရက်မှစ၍ ပြန်လည် တင်ပို့ခွင့်ပြုခဲ့ကြောင်း ဝါဂွမ်းတစ်တန်ရဲ့ လိုင်စင်ဈေးမှာ အမေရိကန်ဒေါ်လာ ၂၂၀၀ ရှိကြောင်း သိရပါတယ်။ **မော်မော်အောင်**

# ထိုင်းနယ်စပ်မှ ရေထွက်ကုန်များ ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၂၈ သန်း တန်ဖိုးရှိ ရေထွက်ကုန်မျိုးစုံ ၄၉၉၈ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၄၆၁၆ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၈၂ တန်ပိုမိုတင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်များ တင်ပို့မှုလျော့နည်းခဲ့ပေမယ့် မြိတ်ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်ပိုမိုတင်ပို့ခဲ့တဲ့အတွက် ယခုလိုပိုမိုရခြင်းဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၂၃ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ပုစွန်၊ ကဏန်း၊ အခြားရေထွက်ကုန်တို့ကို ၉၇ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၃၉ သန်းတန်ဖိုး ရှိငါးခြောက်၊ ရေငန်ပုစွန်၊ ကင်းမွန်၊ ကင်းမွန်(လိပ်)၊ သဲကဏန်း၊ ငါးမှုန့်၊ ငါးမျိုးစုံ၊ အေးခဲကဏန်းပျော့၊ ရေငန်ပုစွန်တို့ကို ၂၂၃၉ တန်၊ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၆၆ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ ကဏန်း၊ ပုစွန်၊ ရေဘဝဲ၊ ပင်လယ်ငါးရှဉ့်၊ အခြားရေထွက်ကုန်တို့ကို ၂၆၆၁ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးတင်ပို့မှုကျဆင်း

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၁၁၆ သန်းတန်ဖိုးရှိ ရေချိုငါးမြစ်ချင်းနဲ့ ငါးခေါင်းပွတို့ကို တန် ၁၃၀ ခန့်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၄၂ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၂ တန်ခန့် လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက အမေရိကန်ဒေါ်လာ သုည ဒသမ ၁၀၇ သန်းတန်ဖိုးရှိ ရေချိုငါးမြစ်ချင်း ၁၂၄ တန်နဲ့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၉ သန်း တန်ဖိုးရှိ ငါးခေါင်းပွ ငါးတန်ကျော်ကို တင်ပို့ခဲ့ပါတယ်။

စစ်တွေ ကုန်သွယ်ရေးစခန်းမှ ရေချိုငါးများအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၃၁၈ သန်းတန်ဖိုးရှိ ဧည့်မထ ၂၅ မှတ်ဆန်၊ မန်ကျည်းစေ့၊ ဆီးသီးခြောက်၊ ဆီးဖတ်၊ ချင်း(အစို)၊ ငါးစုံလေးခြောက်၊ ငါးနီတူခြောက်၊ ဆီးယိုထုပ်တို့ကို ၁၄၇၅ တန်တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

Commerce ကာတွန်း



# ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁၀/၂၀၁၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန်တိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၀/၂၀၁၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာလ ၁၇ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)တွင်ကျင်းပခဲ့ရာ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီတို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ ခရိုင်ဦးစီးမှူးများ စုစုပေါင်း ၃၅ ဦး တက်ရောက်ခဲ့ပါတယ်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက စားသောက်ကုန်၊ ဝန်ဆောင်မှုလုပ်ငန်းများသည် ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် မှန်ကန်သည့် နည်းလမ်းများဖြင့် ပြည်သူကိုအကျိုးပြုသည့် လုပ်ငန်းများဖြစ်စေရန်အတွက် ဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း အဖွင့်အမှာစကားပြောကြားခဲ့ပြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးမြင့်ချိုက ၉/၂၀၁၇ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ခဲ့မှု၊ စက်တင်ဘာလအတွင်း မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ ကျောင်း၊ ဈေး၊ ရပ်ကွက်၊ ကျေးရွာ၊ စက်မှုဇုန်တို့တွင် အသိပညာပေးဟောပြောခဲ့မှု၊ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့မှု အခြေအနေနှင့် စားသုံးသူမှ တိုင်ကြားလာသည့် တိုင်ကြားမှုကို အဖွဲ့အနေဖြင့် ဆုံးဖြတ်ပေးနိုင်ရန်ဖြစ်စဉ်များကို တင်ပြခဲ့ပါတယ်။

ထို့ပြင် ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းမြင့်က စက်တင်ဘာလအတွင်း စားသုံးသူများ၏ တိုင်ကြားလာမှုကို ဖြေရှင်းဆောင်ရွက်ပေးခဲ့သည့် အခြေအနေ၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ(ရန်ကုန်)နှင့် ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည့် အခြေအနေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်း၍ စားသောက်ကုန်လုပ်ငန်းများမှ ထုတ်လုပ်သည့်ကုန်စည်များကို စားသုံးသူများမှ ယုံကြည်စိတ်ချစွာ ဝယ်ယူသုံးစွဲနိုင်ရန် အမှတ်တံဆိပ်တွင်ပါရှိရမည့် အချက်အလက်များကို အသိပညာပေးဆောင်ရွက်ခဲ့သည့် အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**အေးအေးခိုင်(စားသုံးသူ)ရန်ကုန်**

# မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တွင် ငါး၊ ပုစွန် မွေးမြူရေးသင်တန်း အမှတ်စဉ်(၁) ဖွင့်လှစ်

ငါး၊ ပုစွန်မွေးမြူရေးသင်တန်း အမှတ်စဉ်(၁)ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရပ်ကွက်၊ ဘုရင့်နောင်လမ်းမပေါ်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တွင် အောက်တိုဘာ ၁၉ ရက်က ကျင်းပခဲ့ပါသည်။ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ လုပ်ငန်းဆိုင်ရာ အသင်းများမှ အလုပ်အမှုဆောင်များ၊ အမေရိကန်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပညာရှင်များနှင့် သင်တန်းသူ/သင်တန်းသားများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဌေးမြင့်က နိုင်ငံတော်၏ ငါးပုစွန် မွေးမြူရေးကဏ္ဍခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့် မွေးမြူရေးဆရာများ၊ ကြီးကြပ်သူများ၊ ကျွမ်းကျင်သူများ မွေးထုတ်ပေးနိုင်ရန် ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း၊ သင်တန်းဆင်းပြီးပါက ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများတွင် အလုပ်အကိုင်နေရာများ ဖန်တီးပေးသွားမည်ဖြစ်ပါကြောင်း၊ သင်တန်းကာလအတွင်း တက်တက်ကြွကြွ ကြိုးကြိုးစားစားဖြင့် တတ်မြောက်အောင် သင်ကြားကြစေလိုကြောင်း၊ လုပ်ငန်းခွင်အတွင်း ထူးချွန်ထက်မြက်သူများကို ပြည်ပနိုင်ငံများသို့ပါ ဆက်လက်သင်တန်းပို့လွှတ်ပေးမည်ဖြစ်ပါကြောင်း၊ လက်တွေ့လုပ်ငန်းခွင်တွင် ထုတ်လုပ်မှုတိုးတက်၍ အကျိုးအမြတ်ပိုမိုရရှိရန် ဆောင်ရွက်ပေးနိုင်ပါက လစာအပြင် ဆုကြေးများကိုပါ ခံစားခွင့်ရရှိစေမည်ဖြစ်ပါကြောင်း၊ သင်တန်းကို စာတွေ့လက်တွေ့နှစ်မျိုးစလုံး ပေါင်းစပ်သင်ကြားပေးမည်ဖြစ်ပါကြောင်း၊ ယခုသင်တန်းကို ငါးပုစွန်မွေးမြူရေးလုပ်ငန်းများတွင် လက်တွေ့ကျွမ်းကျင်စွာမွေးမြူနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် စီစဉ်ရခြင်းဖြစ်ပါကြောင်း၊ သင်တန်းတစ်ကြိမ်ဖွင့်လှစ်ရန်အတွက် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အမေရိကန်ဒေါ်လာ တစ်သန်း(မြန်မာကျပ် ငွေသိန်း ၁၀၀၀ ကျော်ခန့်) အကုန်အကျခံ၍ ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ သင်တန်းဆင်းကျွမ်းကျင်လက်မှတ်များကို ရန်ကုန်တက္ကသိုလ်နှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းသည့် အစီအစဉ်ဖြင့် ပေးအပ်မည်ဖြစ်ပါကြောင်း၊ မကြာမီအပတ်စဉ်အလိုက် သင်တန်းများကို ဆက်တိုက်ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ငါး၊ ပုစွန်မွေးမြူရေးသင်တန်း အမှတ်စဉ်(၁)တွင် သင်တန်းအမျိုးအစား သုံးမျိုးပါဝင်ပြီး အခြေခံပညာအလယ်တန်းအောင်သူများအား ကျွမ်းကျင်သင်တန်း၊ အခြေခံပညာအထက်တန်းအောင်သူများအား ကြီးကြပ်သင်တန်းနှင့် ဘွဲ့ရရှိပြီးသူများအား ဆရာဖြစ်သင်တန်း အစရှိသည့် သင်တန်းအမျိုးအစား ၃ မျိုး သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ ၃ လကြာမြင့်မည်ဖြစ်ပါသည်။ သင်တန်းတစ်မျိုးစီတွင် သင်တန်းသား ၆၀ ဦး လက်ခံသင်ကြားပေးပြီး အမှတ်စဉ်(၁)တွင် စုစုပေါင်း သင်တန်းသား ၁၈၀ ဦး တက်ရောက်ကြမည်ဖြစ်ပါသည်။

သင်တန်းကာလအတွင်း သင်တန်းသားများအတွက် အိပ်ဆောင်နှင့် အဆင့်မြင့်စာသင်ခန်းများ စီစဉ်ဆောင်ရွက်ပေးထားပြီး ကျွမ်းကျင်သင်တန်းနှင့် ကြီးကြပ်သင်တန်းအတွက် သင်တန်းသားတစ်ဦးကို တစ်လလျှင် ကျပ် ၄၀၀၀၀ နှင့် မွေးမြူရေးဆရာ သင်တန်းအတွက် ကျပ် ၆၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးအပ်မည်ဖြစ်ပါသည်။ သင်တန်းပြီးဆုံးပြီးနောက် လုပ်ငန်းခွင် ဝင်ရောက်ပါက လစာအဖြစ် ကျပ် ၂၀၀၀၀၀ မှ ၄၀၀၀၀၀ အတွင်းရရှိရန် ညှိနှိုင်းစီစဉ် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

**ခိုင်သဥ္ဇာ (MYANTRADE)**

# တောင်ကြီးမြို့တွင် အသေးစားစက်မှုလက်မှု ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပ

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင် အသေးစားစက်မှုလက်မှု ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ကို အောက်တိုဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ကျောက်တိုင်ကွင်း အားကစားခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် ပြည်နယ်အစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်က အဖွင့်အမှာစကားပြောကြားခဲ့ရာ ရှမ်းပြည်နယ်တွင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကို ၂၀၁၅- ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်ဖွင့်လှစ်ခဲ့ပါကြောင်း၊ ယနေ့အထိ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ၃၄ ကြိမ်၊ လူသုံးကုန်နှင့်အလှကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်း ကိုးကြိမ်၊ ဝါးအခြေခံလက်မှုထည်သင်တန်း ၁၀ ကြိမ်၊ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်း သင်တန်း ၂၁ ကြိမ်၊ သဘာဝဆိုးဆေးသင်တန်း သုံးကြိမ်၊ အထည်ပန်းပုံရိုက်နှင့်ဆေးရေး ပန်းချီသင်တန်း ငါးကြိမ်၊ စုစုပေါင်း ၈၇ ကြိမ်ဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၁၉၆၂ ဦးကို သင်ကြားပို့ချနိုင်ခဲ့ပါကြောင်း၊ အသေးစားစက်မှုလုပ်ငန်းများကို မှတ်ပုံတင်ပေးခြင်းနှင့် ဖွံ့ဖြိုးရေးဆောင်ရွက်ပေးခြင်းတို့ကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လာခဲ့ပြီး ယခုနှစ်မှာဆိုရင် စားသုံးသူပြည်သူများ အန္တရာယ် ကင်းစေရေးအတွက် စားသောက်ကုန်၊ လူသုံးကုန်များ ခတ်ခွဲစမ်းသပ်ပေးနေပါကြောင်း၊ ရှမ်းပြည်နယ်အတွင်းက ထုတ်ကုန်ပစ္စည်းများသာမက တခြားတိုင်းဒေသကြီး၊ ပြည်နယ်များမှ ထွက်ကုန်ပစ္စည်းများအပြင် ထိုင်းနိုင်ငံ လူငယ်လုပ်ငန်းရှင်များ ထုတ်လုပ်ထားသည့် ထုတ်ကုန်ပစ္စည်းအချို့ကို လေ့လာဝယ်ယူနိုင်စေဖို့ ခင်းကျင်းပြသထားပါကြောင်း၊ ထွက်ကုန်ပစ္စည်းများကို တစ်နေရာတည်းမှာ တွေ့မြင်ရသည့်အတွက် ကုန်ပစ္စည်းတစ်ခုနှင့်တစ်ခုနှိုင်းယှဉ်နိုင်ခြင်း၊ လုပ်ငန်းရှင်အချင်းချင်း အတွေ့အကြုံ၊ အတွေးအမြင်များ ဖလှယ်နိုင်ခြင်း၊ ဈေးကွက်ချဲ့ထွင်ဆောင်ရွက်ခြင်း၊ လုပ်ငန်းနယ်ပယ် တိုးချဲ့ဆောင်ရွက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးတွေကို ရရှိလာမှာဖြစ်ပါကြောင်း၊ တောင်ကြီးမြို့နှင့် ကျောက်မဲမြို့တို့တွင်လည်း ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းများကို ဖွင့်လှစ်ပြီး သင်ကြားပို့ချပေးလျက်ရှိရာ လူငယ်လူရွယ်များ ဘဝရှေ့ရေးအတွက် စိတ်အေးရမှာဖြစ်ပါကြောင်း၊ လုပ်ငန်းရှင်များ အကျိုးရှိအောင် ဆောင်ရွက်ပေးသော ပြပွဲဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြသန်းက ပြပွဲကျင်းပရခြင်း ရည်ရွယ်ချက်ဖြစ်တဲ့ အသေးစားစက်မှုလက်မှုထုတ်ကုန်ပစ္စည်းများကို ပြည်သူများ ပိုမိုသိရှိလာစေရန်၊ အသေးစား စက်မှုလက်မှုလုပ်ငန်းအချင်းချင်း၊ SME များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်၊ မြန်မာ့ရိုးရာ လက်မှုပညာများ တိမ်ကောပပျောက်မှု မရှိစေရန်၊ ပြည်တွင်းသာမက ပြည်ပဈေးကွက် ထိုးဖောက်နိုင်ရန်တို့ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ပြပွဲသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပါတီအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ၊ သတင်းမီဒီယာများ တက်ရောက်ခဲ့ကြပြီး ပြပွဲတွင် ပြခန်းပေါင်း ၁၀၄ ခန်း ပါဝင်ပြသခဲ့ကြကြောင်း သတင်းရရှိပါသည်။

**စောမောင် (တောင်ကြီး)**

# တရုတ်နိုင်ငံသို့ Re-export သကြားတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်ထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၀၈ သန်း တန်ဖိုးရှိ Re-export သကြား ၁၀၆၂၇ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၄၃၇၉ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၃၇၅၂ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်အထိ ရက်သတ္တပတ်အတွင်း သကြားတစ်တန်လျှင် ကျပ် ၇၉၁၈၄၀ ရှိပြီး တစ်ဖက်နိုင်ငံ ဝယ်ဈေးမှာ ယွမ် ၃၉၂၀ ရှိတယ်လို့ သိရပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်မှ ယခုရက်သတ္တပတ်တွင် Re-export သကြားတင်သွင်းမှု မရှိခဲ့တာတွေ့ရပါတယ်။

**မော်မော်အောင်**

## MKK Mya Kyoe Kyar (Whale Logistics) Co.,Ltd.




**HEAD OFFICE**
L-3, Shwe Zabe Housing, Bayint Naung Rd.,
Kamayut Tsp., Yangon, Myanmar.
Tel : +95-1-535571,+95-9-253663414
Fax : +95-1-1535571
Email : mkkwhalelogistics2012@gmail.com

**BRANCH OFFICE**
No.98, 38 Street, Between Merchant Rd.
and Maha Bandula Rd., Kyauktada Tsp.,
Yangon, Myanmar.
Tel : +95-1-252801

## Baoli - A Member of the KION Group

Baoli
Lifting the World

> Made in China with German Standard
> Better Customer Satifaction
> Higher Performance
> Tough and Reliable
> Strong Manoeuvrability
> Lower Overall Cost




**Lifting the World**
Baoli - A Member of the KION Group

**Local Dealer**
**Hosip Family Co.,Ltd.**
No.1380,Ward(60),Dagon Seikkan Tsp,Yangon,Myanmar.
Tel : 959 454899033,959 264880588
E-mail : baoli.myanmar@gmail.com.

## CIT International Trading Ltd.


**Malted Milk Powder** **Hygiene Store**






(Mineral Salt Block) (Aluminium Phosphide Tablet)

**Barrett Communications Equipment(Australia)**




Barrett 4050 HF SDR front Panel

**Veterinary Drug**



Address- Bldg.No 504-506,Room No.A4,Coner of 39th Street & Merchant Road,Kyauktada Township, Yangon.Myanmar.
Tel : 95-1-248 277,388 959
Fax: 95-1-248 277
E-mail:CIT@mptmail.com.mm
CIT@mptmail.net.mm





ကျန်းမာပျော်ရွှင်သော နေ့စဉ်ဘဝအတွက် တီတီ-ဆဲဗင်း ရှိတယ် ...







MEN Myanmar Executive Network Co., Ltd.





# HT LT Company Limited

No.(87),No.(150, 151), Khayaepin Road, Mingalardon Township, Yangon, Myanmar.
Ph: 09-73185793,09-421063202,09-974040066, 09-974040077, 09-974040088, 09-450503010,09-450503020, 09-450503030
fax: (+95) 1-635829, email : info@ht-ltelectric.com, htltelectric@gmail.com, web: www.ht-ltelectric.com

## TRADING & INSTALLATION

- S.A.C/A.C.S.R/H.D.B.C Conductors & Accessories
- H.T/L.T Under Ground Cable & Accessories
- H.T/L.T Transmission & Distribution Line Material
- Power & Distribution Transformers
- H.T/L.T Switchger, Circuit Breaker &
- Sub-Station Equipment (Indoor/Outdoor)
- Tool & Equipment

- Turn Key project for Electric Substation and Transmission Line. (S/S & TL)
- Prepairing for Layout Plan & Design for Substation and Transmission Line.
- Installation for Layout Plan & Design for Substation and Transmission Line.
- Civil construction and Plan for Substation and Transmission Line.






Vol: 17, No.41 Monday October 23 2017




# Intermach Myanamr 2017 နှင့် Manufacturing Myanmar 2017 ပြပွဲပြသ

ကမ္ဘာအနှံ့မှ အကောင်းဆုံးနှင့် အဆန်းသစ်ဆုံး ကုန်ထုတ်လုပ်ရေးဆိုင်ရာ စက်ပစ္စည်းများ၊ ကိရိယာများ၊ နည်းပညာနှင့် ဖြေရှင်းနည်းများကို နိုင်ငံတွင်းသို့ သယ်ဆောင်လာခြင်းဖြင့် မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းဖွံ့ဖြိုးမှုကို ထောက်ကူပေးရန် ရည်ရွယ်၍ Intermach Myanamr 2017 နှင့် Manufacturing Myanmar 2017 ပြပွဲကို ပြသခြင်းဖြစ်သည်။

အဆိုပါပြပွဲကိုရန်ကုန်မြို့၊ မင်းဓမ္မလမ်းရှိ Myanmar Event Park တွင် အောက်တိုဘာ ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြည်တွင်းမှ ကုန်ထုတ်လုပ်ငန်းရှင်များ၊ စက်မှုလုပ်ငန်းရှင်များ၊ စိတ်ပါဝင်စားသူများ လာရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

အဆိုပါ ပြပွဲတွင် ထိုင်းနိုင်ငံမှ အလိုအလျောက်ရွေ့လျားစနစ်၊ ဆောက်လုပ်ရေး၊ လျှပ်စစ်ပစ္စည်းနှင့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများအတွက် အစိတ်အပိုင်း ထုတ်လုပ်သူ ၅၀ ကျော်တို့ ပါဝင်ပြသခဲ့ကြသည်။

ယင်းပြပွဲတွင် ထိုင်း၊ စင်ကာပူ၊ တရုတ်(တိုင်ပေ)အပါအဝင် နိုင်ငံပေါင်း ၁၀ နိုင်ငံမှ စက်မှုလုပ်ငန်းရှင်များ လာရောက်ပြသခဲ့ကြသည်။

"ဒီပြပွဲဟာ ဗဟုသုတတိုးပွားစေရုံသာမက တိုင်းပြည်ရဲ့ကုန်ထုတ်ကဏ္ဍအတွက် ခေတ်မီနည်းလမ်းနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို ဖြစ်ပေါ်စေမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ဂျီဒီပီတိုးတက်နှုန်းဟာ စက်မှုကဏ္ဍအတွက် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်မှာ ၁၁ ဒသမ ၃ရာခိုင်နှုန်းအထိရှိမယ်လို့ ခန့်မှန်းရပြီး စီးပွားရေးကဏ္ဍ အားလုံးအတွက် အမေရိကန်ဒေါ်လာ ၆ ဒသမ ၈ ဘီလီယံရှိမယ်လို့ ခန့်မှန်းထားပါတယ်။ ပြပွဲတွေဟာ စီးပွားရေးလုပ်ကိုင်ဖို့အတွက် အလွန်ကောင်းမွန်ပြီး နည်းပညာသစ်တွေရရှိနိုင်မယ့် အရင်းအမြစ်တစ်ခုဖြစ်သလို လုပ်ငန်းသုံးပစ္စည်းတွေကိုလည်း အကဲခတ်နိုင်ပါတယ်"ဟု မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ ဒုတိယဥက္ကဋ္ဌ ဦးလင်းက ပြောကြားခဲ့သည်။

**မယ်သီတာ**

# အူရီဒူးမြန်မာက Galaxy Star 2017 ဆုရှင် နေမင်းအိမ်နှင့်အတူ မေတ္တာရှင် အမျိုးသမီး မိဘမဲ့ပရဟိတဂေဟာသို့ သွားရောက်လှူဒါန်း

Galaxy Star Myanmar 2017တွင် Main Sponsor အဖြစ် အဓိကပံ့ပိုးကူညီခဲ့သည့် အူရီဒူးမြန်မာက Galaxy Star 2017 ဆုရှင် နေမင်းအိမ်နှင့်အတူ အောက်တိုဘာ ၁၂ရက်က မအူပင်မြို့နယ်၊ အိုင်ဝိုင်းကျေးရွာရှိ မေတ္တာရှင်အမျိုးသမီး မိဘမဲ့ ပရဟိတဂေဟာသို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အူရီဒူးမြန်မာနှင့် နေမင်းအိမ်တို့သည် မေတ္တာရှင်အမျိုးသမီး မိဘမဲ့ပရဟိတဂေဟာအတွက် လိုအပ်လျက်ရှိသော ကလေးကစားကွင်း ဆောက်လုပ်ရန် ကျပ်သိန်း ၅၀ကို လှူဒါန်းခဲ့ကြောင်းသိရသည်။

ထို့ပြင်အဆိုပါ မိဘမဲ့ပရဟိတာဂေဟာရှိ ကျောင်းသားများ၏ ပညာရေးကို အထောက်အကူဖြစ်စေရန်အတွက် စာရေးကိရိယာများကိုလည်း လှူဒါန်းခဲ့ကြသည်။

မေတ္တာရှင် အမျိုးသမီးပရဟိတဂေဟာကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် တည်ထောင်ခဲ့ပြီး မွေးကင်းစအရွယ်မှ အခြေခံပညာအထက်တန်းကျောင်းနေအရွယ်အမျိုးသမီး စုစုပေါင်း ၇၂ယောက်ကို စောင့်ရှောက်ထားကြောင်း သိရသည်။

အူရီဒူးမြန်မာ၏ Chief Marketing Officer ဖြစ်သူ Ms. Charity Safford က 'အူရီဒူးမြန်မာအနေနဲ့ Galaxy Star 2017 သီချင်းဆိုပြိုင်ပွဲအတွက် SMS ဖြင့် မဲပေးမှုမှရရှိသောအမြတ်ငွေစုစုပေါင်း ကျပ်သိန်း ၃၂၀ ခန့်ရရှိခဲ့ပါတယ်။ အဲဒီအမြတ်ငွေအားလုံးကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုအကျိုးပြုလုပ်ငန်းများပြုလုပ်ပေးသွားမှာဖြစ်ပါတယ်။ နေမင်းအိမ်နဲ့အတူ ပထမဆုံးအကြိမ် လူမှုအကျိုးပြုလုပ်ငန်းကို ရန်ကုန်-နေပြည်တော်အမြန်လမ်း၊ ၉၉ မိုင် ၄ ဖာလုံမှာတည်ရှိတဲ့ နန်းရွှေပြည်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှာလိုအပ်နေတဲ့ အဆောက်အဦဆောက်လုပ်ဖို့ မတည်ငွေ ကျပ်သိန်း ၁၀၀ ကို လှူဒါန်းခဲ့ပါတယ်။ ကျွန်မတို့အနေနဲ့ Galaxy Star 2017 ဆုရှင် နေမင်းအိမ်၊ နောက်ဆုံးအဆင့်ပြိုင်ပွဲဝင် Key တို့နဲ့အတူ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် လူမှုအကျိုးပြုလုပ်ငန်းတွေကို ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။ **မယ်သီတာ**

## စာမျက်နှာ (၁၂) အိန္ဒိယနိုင်ငံ၏ ပဲတင်ပို့မှု …… မှအဆက်

ပဲမျိုးစုံထုတ်လုပ်မှုတွင် ယခင်နှစ် မိုးသီးနှံရာသီက တန်ချိန် ၉ ဒသမ ၄၂ သန်း ရှိခဲ့သော်လည်း ယခုနှစ်တွင် တန် ချိန် ၈ ဒသမ ၇၁သန်းသို့ကျဆင်းနိုင်သည်ဟု ခန့်မှန်းထားသည်။ သို့သော် NAFED, SFAC နှင့် FCI တို့ကဲ့သို့သော အစိုးရအေဂျင်စီများ၏လက်ဝယ်၌ အရန်ပဲ တန်ချိန် ၁ ဒသမ ၈သန်းဝန်းကျင်ခန့် ကျန်ရှိနေသဖြင့် ဈေးနှုန်း မြင့်တက်ရန် အလားအလာမရှိကြောင်း ကုန်သည်များကမှတ်ချက်ပြုထားသည်။

မြန်မာနှင့် အိန္ဒိယနိုင်ငံတို့သည် ၁၉၄၈ ခုနှစ်မှစတင်၍ သံတမန်အဆက် အသွယ်ပြုလုပ်ခဲ့ပြီး မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်ကို ၁၉၇၀ ပြည့်နှစ်တွင် ချုပ်ဆိုခဲ့ကာ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်ကို ၁၉၉၄ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ မြန်မာနှင့်အိန္ဒိယနှစ်နိုင်ငံအကြား နှစ်နိုင်ငံကုန်သွယ်ရေး ပူးတွဲကော်မတီအစည်းအဝေး၊ နှစ်နိုင်ငံ အရာထမ်းအဆင့်နယ်စပ်ကုန်သွယ်ရေးကော်မတီ အစည်းအဝေးနှင့် နယ်စပ်ဈေး ပူးတွဲကော်မတီအစည်းအဝေးများကို အပြန်အလှန်ကျင်းပ၍ နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်နိုင်ရန် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်ပစ္စည်းများအနက် ပဲမျိုးစုံတင်ပို့မှုအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၇၇ နိုင်ငံသို့ အမေရိကန်ဒေါ်လာသန်း ၁၄၀၀ နီးပါးတန်ဖိုးရှိ ပဲမျိုးစုံတန်ချိန် ၁၄သိန်းကျော်ကိုတင်ပို့နိုင်ခဲ့ပြီး အိန္ဒိယနိုင်ငံသို့ အမေရိကန်ဒေါ်လာသန်း ၇၀၀ ကျော် တန်ဖိုးရှိ ပဲမျိုးစုံတန်ချိန် ခုနစ်သိန်းနီးပါးကို တင်ပို့နိုင်ခဲ့ပြီးဖြစ်သည်။

ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) တွင်လည်း မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၆၄ နိုင်ငံသို့ အမေရိကန်ဒေါ်လာ သန်း ၆၀၀ ကျော် တန်ဖိုး ရှိ ပဲမျိုးစုံတန်ချိန် ရှစ်သိန်းကျော်ကို တင်ပို့နိုင်ခဲ့ပြီး အိန္ဒိယနိုင်ငံသို့ အမေရိကန်ဒေါ်လာ သန်း ၃၀၀ နီးပါး တန်ဖိုးရှိ ပဲမျိုးစုံတန်ချိန် ငါးသိန်းနီးပါးကို တင်ပို့နိုင်ခဲ့ပြီးဖြစ်သည်။

ယင်းကဲ့သို့ တင်ပို့နေချိန်တွင် အိန္ဒိယနိုင်ငံက သွင်းကုန်ဆိုင်ရာ ကန့်သတ်ချက်ကို ထုတ်ပြန်လိုက်သဖြင့် မြန်မာနိုင်ငံရှိပဲတင်ပို့သူကုန်သည်များ၊ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ ဈေးနှုန်းကျဆင်းမှုနှင့် ရင်ဆိုင်ခဲ့ရကာ အခက်အခဲများစွာနှင့် ရင်ဆိုင်ခဲ့ရသည်။

သို့သော် တင်ပို့ရန်ကျန်ရှိနေသည့် ပဲစင်းငုံများနှင့် ထွက်ရှိလာမည့် ပဲစင်းငုံများကို ယခင်ကကဲ့သို့ ဆက်လက်တင်ပို့ခွင့် ရရှိရေးအတွက် သံတမန်နည်းလမ်းဖြင့် ဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့ တွေ့ဆုံ၍ အဆိုပါကိစ္စအား ကူညီဖြေရှင်းပေးပါရန် ဆွေးနွေးခဲ့သည်။

ယခုအခါတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ပဲရောင်းဝယ်မှု MOU လက်မှတ်ရေးထိုးနိုင်ရေး၊ ရောင်းချမည့် တန်ချိန်၊ ဈေးနှုန်းနှင့် တာဝန်ယူ အကောင်အထည်ဖော်မည့် အဖွဲ့အစည်းများကို အိန္ဒိယနိုင်ငံနှင့်ညှိနှိုင်း၍ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပဲများအား ပြည်ပနိုင်ငံများသို့ ဈေးကွက်ရှာဖွေတင်ပို့ ရောင်းချနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ ကုန်စည်ဒိုင်များနှင့် ပဲစိုက်ပျိုးထုတ်လုပ်သော တောင်သူများပါဝင်သည့် "ပဲမျိုးစုံတင်ပို့မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး အထူးလုပ်ငန်းအဖွဲ့"ကိုလည်း ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။

ဈေးကွက်ရှာဖွေနိုင်မှုအပေါ် မူတည်၍ ဈေးကွက်ရရှိမှု အခြေအနေများအရ ကုန်သွယ်ဖက်နိုင်ငံများနှင့် ပဲရောင်းဝယ်မှုဆိုင်ရာ နားလည်မှု စာချွန်လွှာများကိုလည်း ဆက်လက်ချုပ်ဆိုဆောင်ရွက်သွားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

ယခုအခါတွင် မြန်မာနိုင်ငံတွင် ပဲမျိုးစုံကဏ္ဍအလိုက် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ လက်ရှိ ဆောင်ရွက်နေမှုအခြေအနေများ၊ တောင်သူများ စိုက်ပျိုးထွက်ရှိလာမည့် ပဲများနှင့်ပတ်သက်၍ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် သီးနှံအစားထိုး ပြောင်းလဲစိုက်ပျိုးရန် ကိစ္စများအားသက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မည်သို့ပင်ဆိုစေကာမူ အိန္ဒိယနိုင်ငံအနေဖြင့် ၎င်းနိုင်ငံ၏နိုင်ငံသားများအကျိုးငှာ ပဲတင်သွင်းခွင့်များကို ကန့်သတ်လိုက်သော်လည်း ၎င်းနိုင်ငံ၏ ရာသီဥတုအခြေအနေ၊ ၎င်းနိုင်ငံ၏ပဲ တင်ပို့မှု အလားအလာ၊ နိုင်ငံတကာဈေးကွက်တွင် ပဲဈေးနှုန်းနှင့်ပတ်သက်၍ ယှဉ်ပြိုင်နိုင်မှုမရှိခြင်း၊ ပဲတင်ပို့ခွင့် တားမြစ်ချက်အား ရုပ်သိမ်းလိုက်သော်လည်း မတ်ပဲ၊ ပဲတီစိမ်းနှင့်ပဲစင်းငုံမှအပ အခြားသောပဲများကို တင်ပို့ခွင့်ပြုမထားခြင်း စသည့် အခြေအနေများကြောင့် အိန္ဒိယနိုင်ငံအနေဖြင့် ပဲမျိုးစုံကဏ္ဍမှရရှိလာမည့် အသီးအပွင့်များကို ခံစားနိုင်ရန်မှာ အချိန်ယူစောင့်ဆိုင်းရဦးမည်ဖြစ်သည်။

ထို့ကြောင့် ပဲတင်ပို့/တင်သွင်းခွင့် များအား အလျင်စလို ဖျက်သိမ်း/ကန့်သတ်လိုက်သည့်အတွက် အိန္ဒိယနိုင်ငံအနေဖြင့် ၎င်း၏နောက်ဆက်တွဲ အကျိုးဆက်များကို ကာလတစ်ခုအထိ ခံစားနေရဦးမည်သာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ❑

စာမျက်နှာ (၁၅) ➤➤➤ မြန်မာနိုင်ငံတွင် (၁၆) ကြိမ်မြောက် အာဆီယံစားသုံးသူ..... မှအဆက်

(၁) စားသုံးသူကာကွယ်ရေးအထိမ်းအမှတ် ဆောင်ရွက်မှုများ၊
(၂) လုပ်ငန်းအဖွဲ့ (၃)ခု၏ လုပ်ငန်းများ၊
(၃) အာဆီယံစားသုံးသူကာကွယ်ရေး Leaflet များပြင်ဆင်ခြင်း။

(ဌ) (၁၂)ကြိမ်မြောက်အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ၌ ပင် ၂၈. ၁၀. ၂၀၁၅ မှ ၃၀. ၁၀. ၂၀၁၅ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံမှ မတက်ရောက်နိုင်ခဲ့ပေ။ အဆိုပါ အစည်းအဝေးတွင် အောက်ပါအချက်များကို အဓိကထားဆွေးနွေးခဲ့ကြသည်-

(၁) AEC Blueprint နှင့် Scorecard အကောင်အထည်ဖော်မှု၊
(၂) ACCP ၏လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု၊
(၃) Dialogue Partners များနှင့် ပူးပေါင်းဆောင်ရွက်မှု။

(ဍ) (၁၃)ကြိမ်မြောက်အစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံတွင် ၁၆. ၅. ၂၀၁၆ မှ ၁၈. ၅. ၂၀၁၆ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပြီး အောက်ပါအချက်များကို အဓိကထားဆွေးနွေးခဲ့ကြသည်-

(၁) အာဆီယံစားသုံးသူကာကွယ်ရေးဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၅) စီမံချက်မူကြမ်းကိစ္စ၊
(၂) ၂၀၁၇ ခုနှစ်တွင် အဆင့်မြင့်မားသော စားသုံးသူ ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းများသတ်မှတ်ရန်။

(ဎ)(၁၄)ကြိမ်မြောက် အစည်းအဝေးကို မလေးရှားနိုင်ငံတွင် ၁. ၁၁. ၂၀၁၆ မှ ၃. ၁၁. ၂၀၁၆ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပြီး အောက်ပါအချက်များကို အဓိကထားဆွေးနွေးခဲ့ကြသည်-

(၁) ACCP ၏ လုပ်ငန်းဆောင်ရွက်မှု၊
(၂) လုပ်ငန်းအဖွဲ့ (၃)ခု၏ လုပ်ငန်းဆောင်ရွက်မှု၊
(၃) ACCP ၏ ရှေ့ဆက်လက်ဆောင်ရွက်မည့်ကိစ္စများ။

(ဏ) (၁၅)ကြိမ်မြောက်အစည်းအဝေးကို လာအိုနိုင်ငံတွင် ၁၆. ၅. ၂၀၁၇ မှ ၁၉. ၅. ၂၀၁၇ ရက်နေ့ အထိ ကျင်းပပြုလုပ်ခဲ့ပြီး အောက်ပါအချက်များကို အဓိကထားဆွေးနွေးခဲ့ကြသည်-

(၁) ACCP အစည်းအဝေးကိစ္စများ၊
(၂) ACCP နှင့်မိတ်ဖက်အဖွဲ့အစည်းများကိစ္စ၊
(၃) ACCP အစည်းအဝေးများ ကျင်းပရန်လျာထားမှု။

(တ) (၁၆)ကြိမ်မြောက် အစည်းအဝေးကို မြန်မာနိုင်ငံတွင် ၂၄. ၁၀. ၂၀၁၇ မှ ၂၇. ၁၀. ၂၀၁၇ ရက်နေ့ အထိ ကျင်းပပြုလုပ်မည်ဖြစ်ပြီး အောက်ပါအချက်များကို အဓိကထားဆွေးနွေးကြမည် ဖြစ်ပါသည်-

(၁) အာဆီယံအရာရှိနှင့် စီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့ တင်ပြခဲ့သည့်ကိစ္စများ၊
(၂) ACCP မှ ဆောင်ရွက်မည့် စားသုံးသူကာကွယ်ရေး မဟာဗျူဟာ လုပ်ငန်းစီမံချက် (၂၀၁၆- ၂၀၂၅) ကိစ္စများ၊
(၃) လုပ်ငန်းအဖွဲ့(၃)ခု၏ လုပ်ငန်းကိစ္စရပ်များ၊
(၄) အာဆီယံဆွေးနွေးဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်မှု။

မြန်မာနိုင်ငံသည် စားသုံးသူကာကွယ်ရေးနှင့် ပတ်သက်၍ တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံရှိ ပြည်သူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းရှင်များအား ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေး၊ ပို့ကုန်/သွင်းကုန် လုပ်ငန်းများ၌ အန္တရာယ်ရှိပစ္စည်းများ မပါဝင်စေရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

**မြန်မာနိုင်ငံ၏ ACCP ၊ ပြည်ပအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှု**

မြန်မာနိုင်ငံတွင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၀/၂၀၁၄ ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် စားသုံးသူကာကွယ်ရေးကို သွယ်ဝိုက်၍ အဓိပ္ပာယ်သက်ရောက်သည့် နိုင်ငံတော်သည် နိုင်ငံသားတို့၏ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ပေးမည်ဖြစ်ကာ လိုအပ်လျှင် ဥပဒေများကို ပြဋ္ဌာန်းပေးမည်ဟု ဖော်ပြထားပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ပြည်တွင်းနှင့်အာဆီယံဒေသတွင်း အဓိကဆက်သွယ်ဆောင်ရွက်သည့်ဌာနအဖြစ် ဆောင်ရွက်လျက်ရှိပြီး အာဆီယံစားသုံးသူ ကာကွယ်ရေးကော်မတီ (ASEAN Committee on Consumer Protection - ACCP) နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။**

စားသုံးသူအရေးဆိုမှုကိစ္စနှင့် ဆက်နွယ်သော ဥပဒေများ၊ အစားအသောက်နှင့် ဆေးဝါးများအတွက် အမျိုးသား အစားအသောက် ဥပဒေ(၁၉၉၇)၊ အမျိုးသားဆေးဝါးဥပဒေ(၁၉၉၂)နှင့် တိုင်းရင်းဆေးဝါးဥပဒေ (၁၉၉၆)၊ Electronic Commerce Users တို့၏ အခွင့်အရေးကို ကာကွယ်ပေးသည့် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ (၂၀၀၄)၊ အာမခံသူတို့၏ အခွင့်အရေးကိုကာကွယ်ပေးသည့် Insurance Business Law ၊ ရင်းနှီးမြှုပ်နှံသူတို့အတွက် အခြေခံဥပဒေမူဘောင် ချမှတ်ပေးသည့် Financial Institution of Myanmar Law (၁၉၉၀)၊ ရန်ကုန်မြို့ရှိ ရေ၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍများအတွက် စားသုံးသူများ၏ အခွင့်အရေးများကို ကာကွယ်ပေးသည့် Yangon Municipal Law (၂၀၁၃) စသည်ဖြင့် ကဏ္ဍအလိုက် ဥပဒေများအသီးသီး ပြဋ္ဌာန်းထားပါသည်။

စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၁၄ ဖြင့် ဖွဲ့စည်းခဲ့ပြီး ယခုအခါ ပြည်ထောင်စုအစိုးရအဖွဲ့၊ အမိန့်ကြော်ငြာစာအမှတ် ၁၁၂/၂၀၁၆ ဖြင့် ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များကို ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့တွင် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၄ ဖြင့် ဖွဲ့စည်းပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့များကိုလည်း ၂၀၁၆ ခုနှစ် ဇွန်လ ၂၃ ရက်နေ့မှစတင်၍ ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါသည်။

မြန်မာနိုင်ငံတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို အဓိကတာဝန်ယူ ဆောင်ရွက်လျက်ရှိကာ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန လက်အောက်တွင် စားသုံးသူရေးရာဦးစီးဌာနကို ၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစတင်၍ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် စားသုံးသူရေးရာဦးစီးဌာန လက်အောက်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးရုံးများကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများအားလုံးမှ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေမူဘောင် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ ထုတ်ကုန်လုံခြုံစိတ်ချရမှုအတွက် ဈေးကွက်အတွင်း ကွင်းဆင်းစစ်ဆေးခြင်း၊ ပညာပေးဆောင်ရွက်ခြင်းနှင့် တည်ဆဲဥပဒေများနှင့်အညီ ညှိနှိုင်းအရေးယူဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များမှ စားသုံးသူများအနေဖြင့် မိမိတို့ဝယ်ယူစားသုံးသည့် ကုန်စည်နှင့် ဝန်ဆောင်မှုတို့ကြောင့် နစ်နာဆုံးရှုံးမှုများအတွက် အရေးယူဖြေရှင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါ သည်။ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် လူထုအလေးဂရုပြုစေရေး လုပ်ငန်းများကိုလည်း အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများကျင်းပခြင်းဖြင့်လည်းကောင်း၊ လူထုဆက်သွယ်ရေးနည်းလမ်းများဖြင့် သတင်းများ ဖြန့်ဝေခြင်းဖြင့်လည်းကောင်း၊ စားသုံးသူ အသိပညာပေး လက်ကမ်းစာစောင်များ၊ လက်စွဲစာအုပ်များ ဖြန့်ဝေခြင်းဖြင့်လည်းကောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ စာသင်ကျောင်းများ၌ စားသုံးသူအသိပညာပေး ဆောင်ရွက်ခြင်းကိုလည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန အသီးသီးမှလည်း စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြပါသည်။

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အရင်းအမြစ် တည်ဆောက်ရေးလုပ်ငန်းများအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများထံမှ နည်းပညာအကူအညီများ ရယူ၍ ဆောင်ရွက်လျက်ရှိပါသည်။ စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများအတွက် လေ့လာမှု စစ်တမ်း ကောက်ယူခြင်းနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကိုလည်း လုပ်ဆောင်လျက်ရှိပါသည်။

ပညာရေးကဏ္ဍတွင်လည်း သက်ဆိုင်ရာဘာသာရပ်များတွင် စားသုံးသူကာကွယ်ရေးဆိုင်ရာ သင်ခန်းစာများကို ဆွေးနွေးပို့ချလျက်ရှိပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ပြဋ္ဌာန်းပေးခြင်း၊ လိုက်နာကျင့်သုံးရန် အားပေးခြင်း၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအား စားသုံးသူတို့အတွက် သတင်းဖြန့်ဖြူးပေးရန် တိုက်တွန်းခြင်း စသည်တို့ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လက်အောက်ရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် စားသုံးသူတို့နှင့် သက်ဆိုင်သည့် အစားအသောက်၊ ဆေးဝါး၊ အလှကုန်၊ ဆေးပစ္စည်း ကိရိယာနှင့် အိမ်သုံးပစ္စည်းများအတွက် တာဝန်ယူကြီးကြပ်ဆောင်ရွက်လျက် ရှိပါသည်။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ကမ္ဘာလုံးဆိုင်ရာ အစားအသောက်နှင့် ဆေးဝါးလက်မှတ်ကိုလည်း ထုတ်ပေးပါသည်။ အခြားတစ်ဖက်တွင်လည်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ဈေးကွက်အတွင်းတွင်ရှိသော ထုတ်ကုန်အချို့ကို နမူနာယူ စစ်ဆေးပြီး ပြည်သူများ စားသုံးရန်မသင့်သောအရာများ ကြေညာပေးကာ သင့်လျော်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ပေးနေပါသည်။ ထိုနည်းတူ စက်မှုဝန်ကြီးဌာနမှ လျှပ်စစ်သုံးစွဲသူများ လုံခြုံစေရန် လျှပ်စစ်ထုတ်ကုန်များ စံချိန်စံညွှန်းပြည့်မီစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် တင်ပို့သည့်ကုန်ပစ္စည်းများနှင့် တင်သွင်းသောကုန်ပစ္စည်းများ လုံခြုံစိတ်ချရမှုအတွက် ထုတ်ကုန်သွင်းကုန်လိုင်စင်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ထောက်ခံချက် ပါ/မပါနှင့် မှန်ကန်သော စံချိန်စံညွှန်း၊ ဈေးနှုန်း၊ ကုန်အမှတ်တံဆိပ်တို့ ဟုတ်/မဟုတ် တိုက်ဆိုင်စစ်ဆေးပြီးမှ စိစစ်ထုတ်ပေးလျက်ရှိပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို ပြည်တွင်းနှင့် အာဆီယံဒေသတွင်း အဓိကဆက်သွယ်ဆောင်ရွက်သည့်ဌာနအဖြစ် ဆောင်ရွက်လျက်ရှိပြီး အာဆီယံစားသုံးသူကာကွယ်ရေး ကော်မတီ (ASEAN Committee on Consumer Protection - ACCP) နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် အာဆီယံစားသုံးသူ ကာကွယ်ရေးကော်မတီနှင့်အတူ အာဆီယံစားသုံးသူ ကာကွယ်ရေးဆိုင်ရာ မဟာဗျူဟာလုပ်ငန်း စီမံချက် (၂၀၁၆-၂၀၂၅) ကို မဟာဗျူဟာရည်မှန်းချက် ၄ ရပ်ဖြစ်သော တူညီသော အာဆီယံစားသုံးသူကာကွယ်ရေး မူဘောင်တည်ဆောက်ခြင်း၊ စားသုံးသူများ၏ စွမ်းဆောင်နိုင်မှုနှင့် ဗဟုသုတ အဆင့်မြင့်မားစေခြင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် နိုင်ငံဖြတ်ကျော် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများတွင် စားသုံးသူယုံကြည်မှု မြင့်မားစေခြင်းနှင့် အခြားအာဆီယံမူဝါဒများတွင် စားသုံးသူအရေးကိစ္စများကို ထည့်သွင်းဆောင်ရွက်ခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်များတွင် Consumer Information and Complaint Center များကို တည်ဆောက်ခြင်း၊ စားသုံးသူစွမ်းဆောင်နိုင်မှု မြင့်မားစေခြင်းနှင့် စားသုံးသူထောက်ခံအားပေးသည့် လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

သို့ပါ၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ မြန်မာနိုင်ငံရှိ (၅၁)သန်းကျော်သော စားသုံးသူပြည်သူများအတွက် စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိရေး၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော လူသုံး၊ အိမ်သုံးပစ္စည်းနှင့် ဝန်ဆောင်မှုများ ရရှိသုံးစွဲနိုင်ရေး၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရေးအတွက် သက်ဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့်ပူးပေါင်း၍ လည်းကောင်း၊ ACCP၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍လည်းကောင်း၊ ယခု(၁၆) ကြိမ်မြောက် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီ (ACCP) အစည်းအဝေးအား အလှည့်ကျ အိမ်ရှင်နိုင်ငံအဖြစ် ပထမဆုံးအကြိမ်အဖြစ် ကျင်းပပြုလုပ်၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါကြောင်း စားသုံးသူပြည်သူများ သိရှိစေရန် တင်ပြလိုက်ရပေသည်။

❑

# ကျောင်းကုန်းမြို့နယ်တွင် ARCCI မှ ဦးဆောင်၍ မျိုးသန့်စပါးသုံးစွဲရေးနှင့် ကန်ထရိုက်လယ်ယာစိုက်ပျိုးမှုစနစ်အတွက် ဒေသခံတောင်သူများနှင့် တွေ့ဆုံပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီးစက်မှုကုန်သည်များအသင်းချုပ်မှ ဦးဆောင်၍ မျိုးသန့်စပါးသုံးစွဲရေးနှင့် ကန်ထရိုက်လယ်ယာ စိုက်ပျိုးမှုစနစ် ဖော်ဆောင်ရေးနှင့်ပတ်သက်၍ ဒေသခံတောင်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားကို အောက်တိုဘာလ ၁၆ ရက်တွင် ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ ကျောင်းကုန်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်၊ ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ပုသိမ်ခရိုင်စားသုံးသူရေးရာ ဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် မြို့နယ် တာဝန်ခံဝန်ထမ်းများ၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်း များ၊ ဒေသခံတောင်သူများ စုစုပေါင်း ၁၀၀ ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

တွေ့ဆုံပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးက ကျောင်းကုန်းမြို့နယ်အတွင်း တောင်သူများအနေနှင့် စိုက်ပျိုးရေးကဏ္ဍနှင့် ပတ်သက်၍ တိုးတက်ဖွံ့ဖြိုးစေရန်ရည်ရွယ်၍ မြို့နယ်အတွင်း မျိုးကောင်းမျိုးသန့်များသုံးစွဲနိုင်ရေးနှင့်အကျိုးတူကန်ထရိုက် လယ်ယာစနစ် ဖော်ဆောင်လုပ်ကိုင်နိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီး စက်မှုကုန်သည်များအသင်းချုပ်မှ ဦးဆောင်၍ စိတ်ပါဝင်စားသူ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ သို့အတွက် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မိမိတို့လိုအပ်သောမျိုး၊ အရင်းအနှီး၊ စက်ကိရိယာ၊ သွင်းအားစုများကို ရရှိနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။ ဆက်လက်၍ ပုသိမ်ခရိုင်စားသုံးသူရေးရာ ဦးစီးဌာန ခရိုင်ဦးစီးမှူးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြည်ပပို့ကုန်(၃)ဆ တင်ပို့နိုင်ရေးဆောင်ရွက်လျက်ရှိရာ လက်ရှိစိုက်ပျိုးနေသော စပါးများနေရာတွင် အရည်အသွေး၊ အထွက်နှုန်းကောင်းမွန်သော မျိုးစပါးများကို တောင်သူများအနေနှင့် ပြောင်းလဲစိုက်ပျိုးရန် လိုအပ်ပါကြောင်း၊ ထို့အပြင် တောင်သူများလိုအပ်သော စိုက်ပျိုးမှုနည်းစနစ်၊ အရင်းအနှီး၊ သွင်းအားစု၊ ဧကကွက်စိုက်ပျိုးမြေများဖော်ဆောင်၍ စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်၊ ရိတ်သိမ်းချိန်လွန် နည်းပညာများအား ကန်ထရိုက်လယ်ယာစနစ် ဖော်ဆောင်သော လုပ်ငန်းရှင်များမှ ပူးပေါင်းကူညီသွားမည်ဖြစ်သဖြင့်တောင်သူများအနေနှင့် ရေရှည်တွင် အကျိုးအမြတ်များ ပိုမိုခံစားလာရမည်ဖြစ်ပြီး နိုင်ငံအတွက်လည်း ဆန်စပါး ပိုမိုထွက်ရှိလာမည်ဖြစ်ကာ အရည်အသွေးမီသောဆန်များကို ပြည်ပသို့ ပိုမိုတင်ပို့လာနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။ ခရိုင်စိုက်ပျိုးရေးဦးစီးမှူးက တောင်သူအများစုမှာ မျိုး၊ အရင်းအနှီး၊ နည်းပညာများ လိုအပ်လျက်ရှိရာ ကန်ထရိုက်လယ်ယာစနစ် ဖော်ဆောင်စိုက်ပျိုးပါက လိုအပ်သည်များကို ပူးပေါင်းအဖွဲ့က ကူညီဆောင်ရွက်ပေးမည်ဖြစ်သည့်အပြင် လိုအပ်သော နည်းပညာပံ့ပိုးမှုများကိုလည်း မိမိတို့ဌာနမှ ပူးပေါင်းကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီး စက်မှုကုန်သည်လုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ၊ တောင်သူများနှင့် ကန်ထရိုက်လယ်ယာစနစ် ပူးပေါင်းဆောင်ရွက်မှု အခြေအနေလုပ်နည်းလုပ်ပုံများ၊ မျိုး၊ သွင်းအားစု၊ မြေပြင်ခြင်း၊ စက်ကိရိယာများ ပံ့ပိုးပေးမည့်အခြေအနေ၊ သီးနှံအာမခံဝယ်ယူပေးမည့် အခြေအနေများအား အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသောတောင်သူများကလည်း သိရှိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ကြောင်း သတင်းရရှိပါသည်။

**မောင်ပုသိမ်**

## ရေဦးမြို့နယ်ရှိ ဌာနဆိုင်ရာများနှင့်အခြေခံပညာကျောင်းများတွင် စားသုံးသူ အကာအကွယ်ပေးရေးအသိပညာပေး ဟောပြောပွဲများကျင်းပ



ရေဦးမြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်တာဝန်ခံနှင့် မိတ်ဖက်ဌာနများ ပူးပေါင်း၍ အောက်တိုဘာလ ၁၁ ရက်က ရွှေပြည်သာရပ်ကွက် အခြေခံပညာ မူလတန်းကျောင်းတွင်လည်းကောင်း၊ အောက်တိုဘာလ ၁၂ ရက်က ရေဦးမြို့၊ ဗိုလ်အောင်ဇေယျရပ်ကွက်ရှိ Super ကိုယ်ပိုင် အထက်တန်းအဆင့် စာသင်ကျောင်းတွင်လည်းကောင်း၊ အောက်တိုဘာ ၁၇ ရက်က ရေဦးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရွှေနဒီဦး အစည်းအဝေးခန်းမ၌ လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောခဲ့ပါသည်။ အဆိုပါ ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန အပါအဝင် မိတ်ဖက်ဌာနအသီးသီးမှ တာဝန်ရှိသူများက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာသိကောင်းစရာများ၊ ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများ၊ မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာ သိကောင်းစရာများနှင့် စာပေဖတ်ရှုရခြင်း၏အကျိုးကျေးဇူးများကို အသီးသီး ဟောပြောဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။ ဟောပြောပွဲသို့ ဆရာ/ ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ၊ ရပ်/ ကျေးအုပ်ချုပ်ရေးမှူးများ၊ ဝန်ထမ်းများ၊ စုစုပေါင်း ၄၄၇ ဦး တက်ရောက်ခဲ့ပြီး ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပညာပေးခဲ့ကြောင်း သိရှိရပါသည်။

**အောင်ညွန့် (ရေဦး)**

## ကားတင်သွင်းခွင့်ကြေညာချက်ထွက်ပေါ်လာပြီး စလစ်ဈေးခုန်တက်၊ ကားဈေးတစ်ရှိန်ထိုး မြင့်တက်လာ

အောက်တိုဘာလ တတိယပတ် ရန်ကုန်မြို့ကားဈေးကွက်အခြေအနေမှာ ယခင်ရက်သတ္တပတ်များထက် ထူးထူးခြားခြား ကောင်းမွန်လာပြီး အဝယ်သမားများလာကာ အရောင်းသမားများမှာ ဈေးစောင့်ဆိုင်းရောင်းချမှုများရှိလာကြောင်း သိရသည်။

အောက်တိုဘာ ၁၆ ရက်တွင် ကားလောကသားများ စောင့်ဆိုင်းနေကြသော ၂၀၁၈ ခုနှစ် မော်တော်ယာဉ်တင်သွင်းခွင့်မူဝါဒထွက်ရှိလာသဖြင့် မထုတ်ပြန်မီ အနည်းငယ်အဝယ်လိုက်နေသော ကားဈေးကွက်မှာ ကြေညာချက်ထုတ်ပြန်ပြီးနောက်ပိုင်းမှစတင်၍ ညာမောင်းကားလေးများ နည်းတူစလစ်ကပ်ကားများလည်း ဈေးမာလာပြီး စလစ်ဈေးများလည်း ၁၀ သိန်းကျော်ကျော် ထပ်မံမြင့်တက်သွားကြောင်း သိရသည်။

လတ်တလော ညာမောင်းကားများမှာ မူဝါဒကြေညာချက်မထွက်ပေါ်မီကဈေးထက် ၁၅ သိန်းမှ ၂၅ သိန်းထိ ဈေးမြင့်တင် ခေါ်ရောင်းလာပြီး အမေးသာများကာ ဈေးနှုန်းကွာခြားမှုကြောင့် မေးသလောက်အလုပ်မဖြစ်ကြောင်း သိရသည်။ စလစ်ဈေးတန်းမြင့်တက်လာရခြင်းမှာ ယခုနှစ် တင်သွင်းခွင့်အမီ ညာမောင်းစလစ်ကပ်ကားများ၊ မော်ဒယ်မြင့်ကားလေးများ တင်သွင်းရန်အတွက် ကားတစ်ပိုင်တစ်နိုင် တင်သွင်းသူများနှင့် ကုမ္ပဏီများမှ ဝယ်ယူစုဆောင်းလာကြပြီး နှစ်မကုန်မီအထိ ဈေးမာနေပြီး ဆက်လက်မြင့်တက်ရန်ရှိကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်းကိုမြင့်ကျော်က ပြောသည်။

တင်သွင်းခွင့်မူဝါဒအရ ဘယ်မောင်းကားအသစ်များ (၂၀၁၄ ခုနှစ်ထုတ်မှစ၍ သတ်မှတ်ထားသဖြင့်) သာ တင်သွင်းရလျှင် ဘယ်မောင်းကားထုတ်လုပ်သည့် နိုင်ငံများဘက်မှ ပြောင်းလဲ မှာယူတင်သွင်းရမည်ဖြစ်သဖြင့် မြန်မာနိုင်ငံသို့ ညာမောင်းအများဆုံးသွင်းပြီး လူအများလက်ခံနှစ်သက်သည့် ဂျပန်နိုင်ငံထုတ်ကားများမှာ ထပ်မံတင်သွင်းရန် ခက်ခဲသွားပြီး ပြည်တွင်းရှိရောက်ရှိပြီး၊ စီးနင်းပြီးကားများ ၂၀၁၇ ခုနှစ်ကုန်ထိ သွင်းခွင့်ရကာလအထိ တင်သွင်းလာမည့် ဂျပန် ညာမောင်းကားများသာ လတ်တလောဈေးကွက် ထိပ်ဆုံးရောက်ရှိနိုင်ကြောင်း ဝါရင့်ဝယ်ရောင်းသမားများက သုံးသပ်ပြောကြားသည်။

**SN**

## သာပေါင်းမြို့နယ်၊ ရေကျနောက်စိုက်မိုးစပါးများ စိုက်ပျိုးရန်အတွက် မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်များထုတ်ချေး

သာပေါင်းမြို့နယ်သည် ရေကြီးရေလျှံဒေသဖြစ်၍ ရေကျနောက်စိုက်စပါးများသာစိုက်ပျိုးပြီး ၂၀၁၇ ခုနှစ်၊ မိုးစပါးရာသီအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို စက်တင်ဘာလမှစ၍ ထုတ်ချေးပေးလျက်ရှိရာ ယခုလက်ရှိအချိန်အထိ ကျေးရွာအုပ်စု ၆၀ စု၊ အစုအဖွဲ့ ၂၈၇ ဖွဲ့၊ တောင်သူဦးရေ ၈၄၂၇ ဦး၊ စိုက်ပျိုးဧက ၅၁၇၈၁ ဧကအတွက် ငွေကျပ်သိန်းပေါင်း ၇၇၆၇၁ ဒသမ ၅ သိန်းထုတ်ချေးပြီးကြောင်း အဆိုပါဘဏ်မှသိရသည်။

ငွေထုတ်ချေးမည့် တောင်သူများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ ငွေစုစာအုပ်၊ မှတ်ပုံတင်မူရင်း၊ လယ်ယာမြေလုပ်ကိုင်ခွင့်ပြုပုံစံ(၇) မူရင်း၊ အိမ်ထောင်စုစာရင်းမူရင်းတို့နှင့် ကိုယ်တိုင်လာရောက်ရမှာဖြစ်ပြီး ယခင်နှစ်ကြွေးဟောင်းကျေသူများကိုသာ ထုတ်ချေးပေးမှာဖြစ်ကြောင်း သိရသည်။

**မင်းမင်းဦး၊ ထွန်းမင်းလတ်(ပုသိမ်)**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ရက်တစ် (၂၀၁၀) | စတိ | ၁၇၅ သိန်း | 1.5 ဓာတ်ဆီ၊ နယ်လိုင်စင်၊ ကီလိုနည်း |
| ၂။ | ဟွန်ဒါဖစ် (၂၀၁၁) | စတိ | ၁၆၈ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၃။ | ဘယ်လ်တာ (၂၀၁၁) | ယာယီ | ၂၂၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၄။ | ဝုရှ် (၂၀၀၆) | ယာယီ | ၂၃၅ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | အာလ်ဖတ် (၂၀၀၃) | ယာယီ | ၄၁၅ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ဗီရာ (၂၀၁၀) | ယာယီ | ၁၂၅ သိန်း | 0.6 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၇။ | အာတီဝါ (ဆူဇူကီး) (၂၀၁၇) | ယာယီ | ၂၃၀ သိန်း | 1.5 ဓာတ်ဆီ၊ အခွန်မပါ |
| ၈။ | ပရိုဘောက် (၂၀၁၁) | ယာယီ | ၁၆၈ သိန်း | 1.5 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၉။ | အပ်ကား နှစ် ၂၀ | | ၁၁၈ သိန်း | ကားကောင်း |

# တရုတ်နိုင်ငံတွင် Lancang-Mekong Sub Regional Commodity Exposition (LMCE) ကုန်စည်ပြပွဲ ကျင်းပမည်

တရုတ်နိုင်ငံ၊ ကူမင်းမြို့၊ Kunming Dianchi International Convention and Exhibition Center တွင် Lancang-Mekong Sub Regional Commodity Exposition (LMCE) ကုန်စည်ပြပွဲကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြပွဲတွင် ပြခန်း (၁) ခန်းလျှင် တရုတ်ယွမ် ၅၀၀၀ နှင့် ယွမ် ၅၅၀၀ ကျသင့်မည်ဖြစ်ပြီး မြန်မာနိုင်ငံအတွက် ပြခန်းတစ်ခန်းလျှင် တရုတ် ယွမ် ၃၀၀၀ နှုန်းဖြင့် ပြသနိုင်ရေးညှိနှိုင်းဆောင်ရွက်ထားပြီး ကုန်စည်ပြပွဲနှင့် တစ်ဆက်တည်းE-Commerce သင်တန်းကိုလည်း တစ်ရက်တာပူးတွဲပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလန်ချန်း-မဲခေါင်ဒေသခွဲ ကုန်စည်ပြပွဲနှင့်အတူ တျန်ချီ နိုင်ငံတကာအစည်းအဝေးကိုလည်း ပူးတွဲကျင်းပသွားမည်ဖြစ်ပါသည်။ Lancang-Mekong Sub Regional Commodity Exposition (LMCE) ကုန်စည်ပြပွဲတွင် မဲခေါင်ဒေသနိုင်ငံများအပြင် ကိုရီးယားသမ္မတနိုင်ငံ၊ ပါကစ္စတန်နှင့် မလေးရှားနိုင်ငံတို့မှလည်း ပါဝင်ပြသသွားမည်ဖြစ်ကြောင်း၊ ၈၀၀၀၀ စတုရန်းကီလိုမီတာကျယ်ဝန်းသော ဧရိယာအတွင်းပြခန်းပေါင်း ၃၆၀၀ ကျော် ပါဝင်ပြသမည်ဖြစ်ပြီး တရုတ်-လာအိုရင်းနှီးမြှုပ်နှံမှုဖိုရမ်၊ ဆွေးနွေးပွဲများ၊ ကျန်းမာရေးဆိုင်ရာ ဆွေးနွေးပွဲများနှင့် အခြားဆွေးနွေးပွဲများကိုပါ တစ်ချိန်တည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ နေပြည်တော် ဖုန်း ၀၆၇-၄၃၀၁၂၈၊ ၀၆၇-၄၃၀၄၄၇၊ Email: moctradefair@gmail.com၊ ရန်ကုန် ဖုန်း ၀၁-၂၅၄၀၂၄၊ Email: itpic.moc@gmail.com နှင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့လည်းမေးမြန်းနိုင်ပါကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ (ကုန်သွယ်ဖွံ့ဖြိုး)**

# မြောင်းမြမြို့တွင် စားသုံးသူနစ်နာမှုတိုင်ကြားရန်အတွက် စာတိုက်ပုံးများထားရှိ



ဧရာဝတီတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ မြောင်းမြခရိုင်၊ ခရိုင်ဦးစီးမှူး ဦးတိုးလွင်နှင့် ဝန်ထမ်းများသည် အောက်တိုဘာလ ၁၃ ရက်က မြောင်းမြမြို့ မရမ်းကုန်းရပ်ကွက် စားသုံးသူရေးရာ အဖွဲ့ဝင်များနှင့်လည်းကောင်း၊ အ-ထ-က (၁)ကျောင်း မုန့်ဈေးတန်းစားသုံးသူရေးရာ အဖွဲ့ဝင်များနှင့်လည်းကောင်း၊ မြို့မဈေး၊ ဈေးစားသုံးသူရေးရာ အဖွဲ့ဝင်များနှင့် လည်းကောင်းတွေ့ဆုံ၍ စားသုံးသူ ပြည်သူများ၊ အစားအသောက်၊ ကုန်စည်၊ ဝန်ဆောင်မှုများနှင့်ပတ်သက်ပြီး ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာထိခိုက်နစ်နာမှုများ၊ မကျေနပ်မှုများရှိပါက လွယ်လွယ်ကူကူ၊ လွတ်လွတ်လပ်လပ် တိုင်ကြားနိုင်ရန် စာသင်ကျောင်း၊ စည်ပင်သာယာဈေးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် ယခုကဲ့သို့ စာတိုက်ပုံးများ ထားရှိမည်ဖြစ်ကြောင်း၊ မြောင်းမြခရိုင်နှင့် လပွတ္တာ ခရိုင်မြို့နယ်များတွင်လည်း စာသင်ကျောင်း၊ စည်ပင်သာယာဈေးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများမှာ ဆက်လက်ထားရှိ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးတိုးလွင်က ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ ဒုတိယခရိုင်ဦးစီးမှူး ဦးဇော်မင်း၊ ဌာနခွဲမှူး ဦးလှထွန်းဦးနှင့် ဌာနခွဲမှူး ဒေါ်ချယ်ရီမြင့်တို့က စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (CICC) မှာ စားသုံးသူတိုင်ကြားမှုများကို လက်ခံဆောင်ရွက်သည့် လုပ်ငန်းစဉ် အဆင့်ဆင့်တို့အား အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ စားသုံးသူနစ်နာမှုတိုင်ကြားရန် စာတိုက်ပုံးများကို ခရိုင်ဦးစီးမှူးရုံးနှင့် မြို့နယ်တာဝန်ခံရုံးများတွင် ထားရှိဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ယခုမြောင်းမြမြို့ပေါ်ရှိစာသင်ကျောင်း၊ စည်ပင်သာယာဈေးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးများတွင် စုစုပေါင်း(၃)ပုံးထားရှိခဲ့ကာ စားသုံးသူနစ်နာမှု၊ မကျေနပ်မှု တိုင်ကြားစာများကိုလက်ခံပြီး စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများကို အချိန်တိုအတွင်း ထိရောက်မှုရှိအောင်ဆောင်ရွက်နိုင်ရေးနှင့် စားသုံးသူပြည်သူများကလည်း ယုံကြည်အားကိုးမှုရှိလာအောင် သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းပြီး စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားမှာဖြစ်ကြောင်း သတင်းရရှိပါသည်။

**တိုးလွင်(မြောင်းမြ)**

# ပုသိမ်မြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းတွင် စက်ချုပ်သင်တန်းနှင့် မြန်မာ့ရိုးရာအစားအစာသင်တန်း အမှတ်စဉ် (၇/၂၀၁၇) ဖွင့်လှစ်

ပုသိမ်မြို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်ရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းတွင် စက်ချုပ်သင်တန်းနှင့် မြန်မာ့ရိုးရာ အစားအစာမုန့်မျိုးစုံ (အခြေခံ၊ အဆင့်မြင့်) သင်တန်းအမှတ်စဉ် (၇/၂၀၁၇) ကို အောက်တိုဘာလ ၁၆ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ အဆိုပါသင်တန်းကို အောက်တိုဘာ ၁၆ ရက်မှ ၂၄ ရက်အထိ နံနက် (၀၉:၃၀) နာရီမှ (၁၂:၃၀) နာရီ၊ နေ့လည် (၁:၀၀) နာရီမှ ညနေ (၄:၀၀) နာရီအထိ စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်ပြီး ပုသိမ်မြို့ပေါ်ပတ်ဝန်းကျင် မြို့နယ်နှင့်ကျေးရွာများမှ အမျိုးသား၊ အမျိုးသမီး ၁၂၀ /၁၃၀ ဦးခန့် တက်ရောက်လျက်ရှိကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေဝင်းက ပြောပါသည်။

သင်တန်းဝင်ကြေး ဈေးနှုန်းသက်သာ၍ မြို့ပြ၊ ကျေးလက်နှင့် အခြေခံလူတန်းစားများအတွက် အိမ်တွင်းသက်မွေး ပညာတတ်မြောက်ကာ သင်တန်းသား၊ သင်တန်းသူများ ဝင်ငွေရရှိစေရန် ရည်ရွယ်၍ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။ မိန်းမဝတ်လက်မ (အခြေခံ၊ အဆင့်မြင့်)၊ ကလေးဝတ်၊ ကျားရှပ်(အခြေခံ၊ အဆင့်မြင့်)၊ ဘော်လီ/ဘရာစီယာ (အခြေခံ၊ အဆင့်မြင့်)၊ ဇာထိုးပန်းထိုး (အခြေခံ၊ အဆင့်မြင့်)၊ မြန်မာ့ရိုးရာအစားအစာ၊ မုန့်မျိုးစုံ (အခြေခံ၊ အဆင့်မြင့်)၊ သီးယိုဆီစိမ် သင်တန်းများအတွက် သင်တန်းကြေးမှာ ကျပ် ၄၀၀၀ သာရှိကြောင်း သိရသည်။ တိုက်ပုံ၊ စက်ကြီးပန်းထိုး သင်တန်း ကျပ် ၁၅၀၀၀၊ မော်တာစက်ချုပ် သင်တန်းကျပ် ၁၀၀၀၀ နှင့် စတိုင်ဘောင်းဘီ သင်တန်းကြေး ကျပ် ၂၀၀၀၀ ဖြစ်ကြောင်း အဆိုပါကျောင်းမှ သိရသည်။

အိမ်တွင်းမှုသင်တန်းတွင် တက်ရောက်ခြင်းဖြင့် မိမိအိမ်မှာပင် အိုးမကွာ အိမ်မကွာတစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေရရှိလျက် အသက်မွေးဝမ်းကျောင်း ပညာရပ်တစ်ခုအနေဖြင့် ဘဝရပ်တည်နိုင်ရေးအတွက်ပါ ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေဝင်းက ဆက်လက်ပြောကြားပါသည်။

**မင်းမင်းဦး(ပုသိမ်)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနဖြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၂၃-၁၀-၂၀၁၇ မှ ၂၉-၁၀-၂၀၁၇ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** ပဲ၊ ပြောင်း၊ ဂျုံတို့နှင့်ပတ်သက်သောလုပ်ငန်း၊ ဓာတ်သတ္တုတူးဖော်ရှာဖွေရေးလုပ်ငန်း၊ အကျိုးဆောင်လုပ်ငန်းများ အကျိုးပေးပါသည်။ ပညာရေးကံကောင်းသည်။ ဥပဒေပညာရပ်များအကျိုးပေးသည်။ အချစ်ရေးတွင်စိုးရိမ်ပူပန်မှုများရှိနေတတ်သည်။ အိမ်ထောင်ရှိသူများလည်း အလိုလိုက်အကြိုက်ဆောင်နေရတတ်သည်။ ကျန်းမာရေးကောင်းနေတတ်ပါသည်။ သို့သော်ပင်ပန်းမှုများလာသောအခါ ကိုယ်လက်ကိုက်ခဲနာကျင်ခြင်းဝေဒနာဖြစ်တတ်ပါသည်။

**ယတြာ။ ဘုရားတွင်ကံပွင့်ဂါထာရွတ်ဖတ်ပူဇော်ပါ။**



**တနင်္လာသားသမီးများအတွက်** ကိုယ်ပိုင်လုပ်ငန်းတို့ကိုလုပ်ကိုင်လိုသော စိတ်ဆန္ဒများပြင်းပြနေတတ်ပါသည်။ ရေထွက်ပစ္စည်းများနှင့်လက်လီလက်ကားဒိုင်များ၊ ပွဲရုံလုပ်ငန်းများအကျိုးပေးပါသည်။ ပညာရေးတွင် မျှော်လင့်ချက်များနေမည်။ တိတ်တခိုးချစ်မိနေတတ်သည်။ အိမ်ထောင်ဖက်အပေါ် ချစ်ခင်ယုယစွာဖြင့် အလိုလိုက်အကြိုက်ဆောင်နေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် အသည်းနှင့်ပတ်သက်သောရောဂါသတိပြုသင့်ပါသည်။ **ယတြာ။ ။ငါးများ၊ လိပ်များကိုကန်စွန်းရွက်ကျွေးပါ။**




**အင်္ဂါသားသမီးများအတွက်** မိုဘိုင်းဖုန်းနှင့်လျှပ်စစ်ပစ္စည်းများ၊ စက်ကိရိယာများ လုပ်ကိုင်ပါက အကျိုးပေးပါသည်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတိုးမြှင့်ခြင်း၊ အပြောင်းအရွှေ့ ကြုံရတတ်သည်။ ကျောင်းနေဘက်သူငယ်ချင်းဖြစ်သူနှင့် ချစ်သူကြင်ဖက် ဖြစ်သွားတတ်သည်။ ပညာရေးဉာဏ်အားကောင်းနေမည်။ ကျန်းမာရေးတွင် အနေအစား အသွားအလာ သတိထားသင့်ပါသည်။ ထိခိုက်ဒဏ်ရာရတတ်သော သဘောရှိသည်။ သို့သော် စိုးရိမ်စရာမရှိပါ။ **ယတြာ။ ။အရပ် (၁၀) မျက်နှာမေတ္တာပို့ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** နှမ်း၊ မြေပဲ၊ ပြောင်း၊ ဂျုံနှင့် ဂျုံထွက်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ဆောင်ပါက အောင်မြင်အကျိုးရှိမည်ဖြစ်ပါသည်။ ပညာသင်ယူနေသောအရွယ်တွင် ပညာရေးကိုဦးစားပေးထားရမည်။ သူငယ်ချင်းအပေါင်းအသင်းများနှင့် အပျော်အပါးများကိုရှောင်သင့်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတို့တွင် စိတ်တိုင်းကျမှု အားနည်းနေလိမ့်မည်။ ကျန်းမာရေးတွင် အရိုးအဆစ်ရောင်ခြင်း၊ အကြောအားနည်းခြင်း၊ သွေးလေမမှန်ခြင်းတို့ ဖြစ်တတ်ပါသည်။

**ယတြာ။ ။ကလေးငယ်လေးများကို ချိုချဉ်သကြားလုံးကျွေး၍ လက်ဆောင်ပေးပါ။ မိမိဆန္ဒ ပြည့်ဝပါလိမ့်မည်။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် လျာထားသတ်မှတ်ချက်များကို ကျော်လွန်၍အမြတ်အစွန်းများ ပိုမိုရရှိလာတတ်ပါသည်။ လယ်ယာကိုင်းကျွန်းထွက်ကုန်ပစ္စည်းများ အကျိုးပေးအားကောင်းလိမ့်မည်။ ပညာရေးသင့်တင့် ကောင်းမွန်နေမည်။ အချစ်ရေးတွင် အဝေးခရီးရောက်နေသူထံမှ နှလုံးသားတေးသံများ လွင့်ပြန့်လာနေတတ်ပါသည်။ ကျန်းမာရေးတွင် ဆီးနည်းခြင်း၊ ဆီးကျဉ်ခြင်း၊ ဆီးအိမ်တွင် ကျောက်တည်ခြင်း၊ အင်္ဂါစပ်အနာရောဂါဖြစ်တတ်ပါသည်။ **ယတြာ။ ။မိတ်ဆွေများအား လက်ဖက်ထမင်းကျွေး၍ လက်ဖက်ရည်တိုက်ပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေကောင်းမွန်လာသလို တိုးချဲ့လုပ်ကိုင်ထားသော စီးပွားရေးလုပ်ငန်းများလည်း အောင်မြင်မှုရနေတတ်ပါသည်။ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများနှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်း အကျိုးပေးအားကောင်းနေတတ်ပါသည်။ ပညာရေးတွင် စီမံခန့်ခွဲမှုပညာ၊ စာရင်းအင်းပညာ၊ စိတ်ပညာတို့ ထူးချွန်နေလိမ့်မည်။ တူနှစ်ကိုယ်ချစ်နေကြသော်လည်း အိမ်ထောင်ပြုရန်ငွေကြေးဥစ္စာ စုဆောင်းရှာနေရတတ်ပါသည်။ ကျန်းမာရေးကောင်းမွန်နေမည်။

**ယတြာ။ ။သံဃာတော်နှင့်သီလရှင်အား ဝိနည်းစာအုပ်ကပ်လှူပါ။**



**စနေသားသမီးများအတွက်** တိုးချဲ့လုပ်ကိုင်သောပြည်တွင်းစီးပွားရေးလုပ်ငန်းနှင့်ပြည်ပပို့ကုန်၊ သွပ်၊ သံနှင့်သံထည်ပစ္စည်းများပိုမိုအကျိုးရှိနေမည်။ ဝန်ထမ်းဖြစ်လျှင်ရိုးသားကြိုးစားမှုတို့ကြောင့် ဆုကြေးများရတတ်ခြင်း၊ ရာထူးတိုးတက်ခြင်းတို့ဖြစ်တတ်ပါသည်။ ပညာရေးတွင် မိမိ၏ကြိုးစားမှုပေါ် မူတည်ပြီး အောင်မြင်မှုရရှိနေလိမ့်မည်။ အချစ်ရေးတွင် လွှမ်းမိုးအနိုင်ယူအကြပ်ကိုင်မှုများသည် လောက၏သစ္စာတရားကိုချိုးဖောက်သလိုမျိုးဖြစ်နေတတ်သည်။ ကျန်းမာရေးတွင် ချောင်းဆိုး၊ ရင်ကြပ်၊ နှာစေးစသောရောဂါတို့ကို ခံစားရတတ်သည်။ **ယတြာ။ ။ မိဘ၊ ဆရာသမား၊ သက်ကြီးရွယ်အိုတို့အား လျှုဒါန်းဖွယ်ရာတို့နှင့်ကန်တော့ပါ။**

# ကရင်ပြည်နယ် ဆန်စက်လုပ်ငန်းရှင်များအသင်း ပြန်လည်ဖွဲ့စည်းခြင်း အခမ်းအနား ကျင်းပ



ကရင်ပြည်နယ်အစိုးရအဖွဲ့၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းနှင့် ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ ကရင်ပြည်နယ် ဆန်စက်လုပ်ငန်းရှင်များ အသင်းပြန်လည်ဖွဲ့စည်းခြင်း အခမ်းအနားကို ဘားအံမြို့ တော်ဝင်ရတနာဟိုတယ်ခန်းမတွင် အောက်တိုဘာလ ၁၉ ရက်က ကျင်းပခဲ့ရာ ကရင်ပြည်နယ် အစိုးရအဖွဲ့၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဆန်စက်လုပ်ငန်းရှင်များအသင်း ရွေးချယ်ရေး ကော်မတီအဖွဲ့ဝင်များ၊ ပြည်နယ်ဆန်စက်လုပ်ငန်းရှင်များ အသင်းကိုယ်စားလှယ်များ စုစုပေါင်း ၄၀ ဦး တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးတင်ဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးနေလင်းဇင်တို့က ဆန်စက်လုပ်ငန်းရှင်များအသင်း သမိုင်းကြောင်းနှင့် လက်ရှိအခြေအနေများကို ရှင်းလင်းခဲ့သည်။ ထို့နောက်ကရင်ပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းက ပြန်လည်ဖွဲ့စည်းရခြင်း ကိစ္စများအား ရှင်းလင်းပြောကြားခဲ့ပါသည်။ ယင်းနောက် ကရင်ပြည်နယ် ဆန်စက်လုပ်ငန်းရှင်များအသင်း အမှုဆောင် ၂၇ ဦးအား အတည်ပြု ရွေးချယ်ခဲ့ကြပါသည်။ ထို့နောက် မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး ဦးဇေယျာမျိုးက စပါးခွံလောင်စာ တောင့် ထုတ်လုပ်ခြင်းအကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး ရွေးချယ်ခံ ကရင်ပြည်နယ် ဆန်စက်လုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌ (သစ်) ဦးအောင်ဇော်ထက်က နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**အေးအေးစိုး (ကရင်ပြည်နယ်၊ ဘားအံ)**

# တောင်ကြီးမြို့တွင် ရှမ်းပြည်နယ်စားသုံးသူရေးရာဦးစီးဌာနနှင့် SSCCI အသင်းတို့ပူးပေါင်း၍ ပဲစားပွဲတော်ကျင်းပ

ရှမ်းပြည်နယ် စားသုံးသူရေးရာဦးစီးဌာနနှင့် ရှမ်းပြည် နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်း ရှင်များအသင်းတို့ပူးပေါင်း၍ တောင်ကြီးမြို့ရှိSSCCI ရုံးတွင် အောက်တိုဘာလ ၁၈ ရက်က ပဲစားပွဲတော်ပြုလုပ်ခဲ့တယ်လို့ သတင်းရရှိပါတယ်။

အဆိုပါ ပဲစားပွဲတော်သို့ ရှမ်းပြည်နယ်စားသုံးသူရေးရာ ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်နှင့်ဝန်ထမ်းများ၊SSCCI ဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ညီနောင်အသင်းအဖွဲ့များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ NGO အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ ကုန်သည်များ၊ ပဲမျိုးစုံစိုက် ပျိုးသော တောင်သူများ တက်ရောက်ခဲ့ကြပါတယ်။

အဆိုပါ ပဲစားပွဲတော် ကျင်းပရခြင်းမှာ အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းမှုဆိုင်ရာ သွင်းကုန်မူဝါဒ ပြောင်းလဲလိုက်ပြီး ပဲတင်သွင်းခွင့်ကန့်သတ်လိုက်ခြင်းကြောင့် ရှမ်းပြည်နယ်တွင် ၂၀၁၆-၂၀၁၇ ပဲစင်းငုံလက်ကျန် တန်ချိန်၇၀၀၀ ခန့်ကျန်ရှိနေပြီး ၂၀၁၇-၂၀၁၈ နှစ်သစ်တွင် ထွက်ရှိမည့် ပဲစင်းငုံတန် ၃၀၀၀၀ စုစုပေါင်းတန်ချိန် ၃၇၀၀၀ ကျန်ရှိကြောင်း၊ ထို့ကြောင့် တောင်သူနှင့် ကုန်သည်များ ဆုံးရှုံးနစ်နာမှုမရှိစေရန် ပြည်သူများတွင်တွင်ကျယ်ကျယ် ပဲစားသုံးကြခြင်းဖြင့် ပြည်ပသို့တင်ပို့မှု လျော့နည်းစေသော်လည်း ပဲလက်ကျန်များကို အကျိုးရှိစွာ အသုံးချနိုင်ရေး၊ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပြုလုပ်ခြင်းဖြစ်တယ်လို့ သိရပါတယ်။

ပဲစားပွဲတော်တွင် ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်းတို့ဖြင့် အချို၊ အချဉ်၊ အစပ်၊ အကြော်၊ အလှော် အချက် ဟင်းမျိုးစုံပြုလုပ်၍ ဧည့်ခံခဲ့ကြပြီး ချက်နည်းပြုတ်နည်းနှင့် ပဲရဲ့ အာဟာရတန်ဖိုးများပါတဲ့ လက်ကမ်းစာစောင်များကိုလည်း အသီးသီးဝေငှခဲ့ကြကြောင်း သတင်းရရှိပါတယ်။ **စောမောင် (တောင်ကြီး)**

# လပွတ္တာမြို့ အ-လ-က (၁) စာသင်ကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

လပွတ္တာမြို့စားသုံးသူရေးရာဦးစီးဌာန လပွတ္တာမြို့နယ်ကဦးစီး၍ အ. လ. က (၁) ကျောင်းတွင် အောက်တိုဘာလ ၁ ရက်က စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ကျင်းပခဲ့ပါသည်။ အဆိုပါဟောပြောပွဲတွင် လပွတ္တာမြို့နယ်၊ မြို့နယ်တာဝန်ခံ ဦးဝင်းမင်းစိုးက ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (CICC) ဖွင့်လှစ်ပြီး တိုင်ကြားစာများလက်ခံဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဟောပြောခဲ့ပါသည်။ လက်ထောက်ကြီးကြပ်ရေးမှူး ဦးမြင့်ဌေးက ကျောင်းသားကလေးသူငယ်များ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များကို ရွေးချယ်စားသောက်တတ်စေရန်၊ သက်တမ်းလွန်နေသည်ဟု ယူဆရသည့် မုန့်များ၊ သီးနှံများကို မျက်မြင်ရွေးချယ်စားသုံးတတ်စေရန်နှင့် အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာဗဟုသုတများကို မုန့်နမူနာများပြသ၍ ဟောပြောဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ မြို့နယ်တာဝန်ခံနှင့်အဖွဲ့သည် ကျောင်းမုန့်ဈေးတန်းဆိုင်ရှင်များအား ကွင်းဆင်းစိစစ်ပြီး သက်ဆိုင်ရာဌာနမှ တားမြစ်ထားသည့် မုန့်အစားအသောက်များ၊ သက်တမ်းလွန်မုန့် အစားအသောက်များ၊ ဆိုးဆေးလွန်ကဲသောမုန့်အစားအသောက်များကို ရောင်းချခြင်းမပြုရန်၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်သောမုန့်၊ အစားအသောက်နှင့် သီးနှံများကိုသာရောင်းချရန်၊ ကျောင်းမုန့် ဈေးတန်းဆိုင်ရှင်များအား အသိပညာပေးဆွေးနွေးခဲ့ပါသည်။ အဆိုပါဟောပြောပွဲသို့ ဆရာ/ဆရာမ ၁၇ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၂၄၃ ဦး၊ မုန့်ဈေးတန်းဆိုင်ရှင် ၄ ဦး စုစုပေါင်း ၂၆၄ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**တိုးလွင်(မြောင်းမြ)**

# ဗန်ကောက် အိမ်ခြံမြေဈေးကွက်နှင့်ပတ်သက်၍ သိကောင်းစရာများပါဝင်မည့် Bangkok Luxury Property Exhibition ကျင်းပမည်

စင်ကာပူနိုင်ငံရှိ အိမ်ခြံမြေကုမ္ပဏီ ဖြစ်သော DWG (Dennis Wee Group) နှင့် ပြည်တွင်းမှ အိမ်ခြံမြေအကျိုးဆောင် Your Propety Finder (YPF) real estate ကုမ္ပဏီတို့ပူးပေါင်း၍ Bangkok Luxury Property Exhibition ကို ယခုလအတွင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။




အဆိုပါပြပွဲကို အောက်တိုဘာလ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၊ ရန်ကင်းခန်းမတွင် ကျင်းပသွားမည်ဖြစ်ပြီး ပြည်ပရှိ Properties များတွင် ရင်းနှီးမြှုပ်နှံလိုသူများအတွက် ရည်ရွယ်ကြောင်း သိရသည်။

"ပြည်တွင်းအခြေစိုက် အေဂျင်စီကနေ ဝယ်ယူတာဖြစ်တဲ့အတွက် နောက်ပိုင်းမှာ အရောင်း၊ အငှားပြုလုပ်ချင်ရင်လည်း တာဝန်ယူဆောင်ရွက်ပေးပါတယ်။ ဝယ်ယူမှုစနစ်မှာလည်း အရင် ၃၀ ရာခိုင်နှုန်းပေးသွင်းပြီး အားလုံးပြီးမှ ၇၀ ရာခိုင်နှုန်းပေးသွင်းရမှာဖြစ်လို့ ရင်းနှီးမြှုပ်နှံချင်သူတွေအတွက် သင့်တော်ပါတယ်။ အခုပြပွဲမှာ ရောင်းချပေးမယ့် ကွန်ဒိုတွေက ဘိုးဘွားပိုင်မြေပေါ်မှာ ဆောက်ထားတာဖြစ်သလို GradeA ကွန်ဒိုမီနီယံထဲမှာလည်း ပါပါတယ်" ဟု Your Propety Finder (YPF) Real Estate ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ချမ်းမေသူက ပြောသည်။

"ပြပွဲမှာလည်း တစ်ရက်ကို နှစ်ကြိမ် (မနက် ၁၁ နာရီနဲ့ ညနေ ၃နာရီ) Short Seminar တွေ လုပ်ပေးသွားမှာပါ။ အဲဒီမှာ ဗန်ကောက် အိမ်ခြံမြေနဲ့ပတ်သက်တဲ့ အကြောင်းတွေ၊ ဘာကြောင့် ရင်းနှီးမြှုပ်နှံသင့်တယ်ဆိုတာတွေကို ပြောပြပေးသွားမှာပါ"ဟု ၎င်းက ထပ်မံပြောကြားခဲ့သည်။

ပြပွဲသို့ လာရောက်ဝယ်ယူသူများအတွက် မိမိဝယ်ယူထားသော ကွန်ဒို၏ Actual Site ကို သွားရောက်ကြည့်ရှုနိုင်ရန် ဗန်ကောက်သို့ တစ်ညအိပ်နှစ်ရက်ခရီးစဉ်နှင့် ကြယ်ငါးပွင့်ဟိုတယ် တည်းခိုခွင့် (၂ဦးစာ)တို့ကို ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ကွန်ဒိုမီနီယံဈေးကွက်နှင့်ပတ်သတ်၍ ဆွေးနွေးသွားမည့် အချိန်များအတွက်ကိုလည်း လူဦးရေ ကန့်သတ်ထားသည့်အတွက် ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရ သည်။

ရောင်းချပေးသွားမည့် ကွန်ဒိုများ၏ ဈေးနှုန်းမှာ တစ်စတုရန်းမီတာလျှင် ဘတ် ငွေ ၂သိန်း ၃ သောင်းမှ ၂ သိန်း ၆ သောင်းအထိရှိကြောင်း၊ ပြပွဲတွင်လည်း ဘန်ကောက် Properties များအပြင် အခြားသောနိုင်ငံများဖြစ်သော စင်ကာပူ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လန်ဒန်၊ နယူးဇီလန်၊ ဆစ်ဒနီနှင့် မဲလ်ဘုန်း စသောနိုင်ငံများမှ Properties များကိုပါ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချောစု**

# နိုင်ငံခြားကုမ္ပဏီများနှင့် မြန်မာကုမ္ပဏီများမှခန့်အပ်ထားသော နိုင်ငံခြားသားများ၏ ဗီဇာကိစ္စနှင့် ပတ်သက်၍ DICA မှ အသိပေးချက်ထုတ်ပြန်

နိုင်ငံခြားကုမ္ပဏီများနှင့် မြန်မာကုမ္ပဏီများမှ ခန့်အပ်ထားသော နိုင်ငံခြားသားပညာရှင်များ၊ မိသားစုဝင်များ၏ ဗီဇာကိစ္စနှင့်ပတ်သက်၍ ကုမ္ပဏီများသို့ အသိပေးကြေညာချက်ကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ အောက်တိုဘာ ၂၀ ရက်စွဲဖြင့် ကြေညာချက်ထုတ်ပြန်လိုက်သည်။

ကြေညာချက်တွင် ဗီဇာသက်တမ်းတိုးထောက်ခံနိုင်ရေးအတွက် ကုမ္ပဏီများအနေဖြင့် တင်ပြရမည့် အချက်အလက်များအဖြစ် ညွှန်ကြားရေးမှူးထံသို့ လိပ်မူထားသော အုပ်ချုပ်မှုဒါရိုက်တာ လက်မှတ်ရေးထိုးထားသည့် လျှောက်လွှာ၊ နိုင်ငံခြားသားဝန်ထမ်း ခန့်အပ်ခြင်းအတွက် ကိစ္စအရပ်ရပ်အား တာဝန်ယူကြောင်း အုပ်ချုပ်မှုဒါရိုက်တာ၏ ကတိဝန်ခံချက်၊ နိုင်ငံကူးလက်မှတ်မိတ္တူ၊ ဓာတ်ပုံနှစ်ပုံ (ကာလာဖြင့်)၊ ကုမ္ပဏီ မှတ်ပုံတင် လက်မှတ်မိတ္တူ၊ Form of Permit နှင့် ပုံစံ(၂၆) သို့မဟုတ် ပုံစံ (၁၈) မိတ္တူတို့ လိုအပ်ကြောင်း ပါရှိသည်။

ထို့အပြင် ကုမ္ပဏီမှဆောင်ရွက်နေသည့်လုပ်ငန်းကို တိကျစွာဖော်ပြရန်၊ လုပ်ငန်းနှင့်သက်ဆိုင်သည့် ဌာနသို့မဟုတ် အဖွဲ့အစည်းမှထုတ်ပေးထားသော လုပ်ငန်းလိုင်စင် သို့မဟုတ် အခွန်ပေးဆောင်ထားသော အထောက်အထားတင်ပြရန်၊ ကုမ္ပဏီတွင် ခန့်အပ်ထားသော နိုင်ငံခြားသားဝန်ထမ်း စာရင်းနှင့် နိုင်ငံသားဝန်ထမ်းစာရင်းတို့အား အုပ်ချုပ်မှုဒါရိုက်တာမှ လက်မှတ်ရေးထိုးတင်ပြရန်၊ နိုင်ငံခြားသားဒါရိုက်တာ (သို့) ပညာရှင်ကိုယ်တိုင် လာရောက်နိုင်ခြင်းမရှိပါက မန်နေဂျင်းဒါရိုက်တာ (သို့) ဒါရိုက်တာ လက်မှတ်ရေးထိုးထားသည့် ကိုယ်စားလှယ်လွှဲစာ၊ နိုင်ငံခြားသားအား မိမိလုပ်ငန်းတွင် တာဝန်ပေးထားကြောင်း စာချုပ်အထောက်အထား (Contract)မိတ္တူနှင့် နိုင်ငံခြားသားကျွမ်းကျင်သူပညာရှင်များအတွက် ကျွမ်းကျင်မှုဆိုင်ရာ အသိအမှတ်ပြု လက်မှတ်၊ နိုင်ငံခြားသားအား ကုမ္ပဏီတွင် ပေးအပ်သည့် ရာထူးနှင့် တာဝန်ကို တိတိကျကျ ဖော်ပြရန် လိုအပ်ကြောင်း သိရသည်။

ကုန်သွယ်မှု ဆောင်ရွက်သော ကုမ္ပဏီဖြစ်ပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသို့သာ လျှောက်ထားရန်လိုအပ်ပြီး ယခုလိုအပ်သော အချက်အလက်များအား ဗီဇာသက်တမ်းမကုန်ဆုံးမီ သုံးပတ်အလိုနောက်ဆုံးထား၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများဦးစီးဌာနသို့ တင်ပြရမည်ဖြစ်ကြောင်း၊ သတ်မှတ်ကာလထက်နောက်ကျမှ တင်ပြလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း DICA မှ သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါကြေညာချက်မှာ ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် စတင်အကျိုးသက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများဦးစီးဌာနအနေဖြင့် နိုင်ငံခြားသားပညာရှင်များနှင့် ၎င်းတို့မိသားစုဝင်များအတွက် ပြည်ဝင်ခွင့်ဗီဇာသက်တမ်းတိုးခြင်း ထောက်ခံဆောင်ရွက်ပေးလျက်ရှိရာ လုပ်ငန်းပိုမိုလွယ်ကူချောမွေ့စေရန်နှင့် အထောက်အကူဖြစ်စေရန် ကုမ္ပဏီများမှ ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ကြေညာချက်တွင် မေတ္တာရပ်ခံခဲ့သည်။

**ချောစု**

# စတုတ္ထအကြိမ်မြောက် မြန်မာအိမ်ခြံမြေဆောက်လုပ်ရေးဆုပေးပွဲ ပြိုင်ပွဲအတွက်လျှောက်လွှာများ စတင်လက်ခံ

စတုတ္ထအကြိမ်မြောက် မြန်မာအိမ်ခြံမြေဆောက်လုပ်ရေးဆုပေးပွဲပြိုင်ပွဲအတွက် လျှောက်လွှာများကို ယခုလ ၂၆ ရက်နေ့မှစတင်၍ လက်ခံမည်ဖြစ်ကြောင်း သိရသည်။

မြန်မာအိမ်ခြံမြေ ဆောက်လုပ်ရေးဆုပေးပွဲပြိုင်ပွဲ (PropertyGuru Myanmar Property Award 2018) ကို PropertyGuru Group က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ အကောင်းဆုံး အိမ်ခြံမြေလုပ်ငန်းကို ဂုဏ်ပြုချီးမြှောက်နိုင်ရန်နှင့် အရည်အသွေးပိုင်းတိုးတက်ဖွံ့ဖြိုးမှုကို စံတစ်ခုအဖြစ် အသိအမှတ်ပြုနိုင်ရန် ရည်ရွယ်ကြောင်း သိရသည်။

"အခုလတ်တလောမှာ ပြည်တွင်း အိမ်ခြံမြေဈေးကွက် အခက်အခဲတွေ တွေ့နေပေမယ့် လာမယ့်နှစ်တွေမှာ စည်းမျဉ်းဥပဒေပိုင်းဆိုင်ရာ စိန်ခေါ်မှုတွေကို ရင်ဆိုင်ပြီးတာနဲ့ မြန်မာနိုင်ငံက အာရှမှာ အိမ်ခြံမြေလုပ်ငန်းအတွက် ထိပ်တန်းရင်းနှီးမြှုပ်နှံမှုတွေလုပ်ရမယ့် နေရာတစ်ခု ပြန်ဖြစ်လာမယ်လို့ ယုံကြည်ပါတယ်" ဟု PropertyGuru အာရှအိမ်ခြံမြေဆုပေးပွဲ၏ အုပ်ချုပ်မှုဒါရိုက်တာ မစ္စတာတယ်ရီဘာလက်ဘန်းက ပြောသည်။

"ဒီပွဲ အတွက် အရည်အချင်းသတ်မှတ်ချက်အနေနဲ့ အနိမ့်ဆုံး ၂၀၂၀ မှာပြီးရမယ့် သို့မဟုတ် အသင့်ဖြစ်နေရမယ့် ပရော့ဂျက်ဖြစ်ရမယ်ဆိုတဲ့ သတ်မှတ်ချက်ရှိပါတယ်။ ဟိုတယ်လိုဟာမျိုးအတွက်တော့ မလိုပါဘူး။ ဒီလိုပွဲက နေရမယ့် အကျိုးကျေးဇူးက အရည်အသွေးပိုင်းကို တန်ဖိုးထားတတ်မယ်။ ဝယ်သူတွေဘက်ကလည်း အရည်အသွေးကောင်းတဲ့ အိမ်ရာတွေကို ရွေးချယ်ဝယ်ယူနိုင်မယ်။ နောက်ပြီး တခြားဒေသတွေနဲ့ ယှဉ်ပြိုင်ရမှာဖြစ်လို့ လုပ်ငန်းရှင်တွေအနေနဲ့ အရည်အသွေးကို ဦးစားပေးရမယ်ဆိုတဲ့ အသိရမယ်။ နိုင်ငံ့စီးပွားရေးအတွက်လည်း အထောက်အကူဖြစ်ဖို့ မျှော်လင့်ပါတယ်"ဟု ၎င်းက ထပ်မံ ပြောကြားသည်။

လာမည့်နှစ်အတွက် ပြိုင်ပွဲ အစီအစဉ်တွင် အကောင်းဆုံး ဆောက်လုပ်သူ၊ အသေးစားဆောက်လုပ်သူ၊ ကွန်ဒိုမီနီယံ၊ အိမ်ရာစီမံကိန်း၊ ဘက်စုံရောနှောဆောက်လုပ်မှု၊ ဝန်ဆောင်မှုပါတိုက်ခန်း၊ ဟိုတယ်၊ ရုံးခန်း၊ အကောင်းဆုံးအရောင်းပြခန်းနှင့် အကောင်းဆုံးသဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်း စောင့်ရှောက်ထားသည့် ဆောက်လုပ်မှုတို့ ပါဝင်မည်ဖြစ်ပြီး လူနေအဆောက်အဦဆိုင်ရာနှင့် စီးပွားရေးအဆောက်အဦဆိုင်ရာ ဒီဇိုင်းကဏ္ဍများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ပါဝင်ယှဉ်ပြိုင်ရန် အရည်အချင်းပြည့်မီသူများအနေဖြင့် ယခုလ ၂၆ရက်နေ့မှ ၂၀၁၈ ခုနှစ် ဇွန်လ ၈ ရက်နေ့အထိ ဝင်ခွင့်ပုံစံပေးပို့နိုင်ကြောင်း၊ ဝင်ကြေး ကောက်ခံခြင်းမရှိဘဲ စည်းကမ်းသတ်မှတ်ချက်များအတိုင်း လုပ်ငန်းခွင်နယ်ပယ်ဆိုင်ရာနှင့် ယုံကြည်စိတ်ချရသည့် ဒိုင်အဖွဲ့များမှ ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချောစု**

# ပျော်ရွှင်ဆင်နွဲ ခနောဟင်းချက်ပြိုင်ပွဲမှတစ်ဆင့် အရည်အသွေးပြည့်ဝသည့် မိသားစုစားဖိုမှူးများကို ခနောမှ ရှာဖွေဂုဏ်ပြု

ပျော်ရွှင်ဆင်နွဲ ခနောဟင်းချက်ပြိုင်ပွဲ၏ နောက်ဆုံးအဆင့်ယှဉ်ပြိုင်မှုကို ရန်ကုန်မြို့ရှိ City Mall စိန့်ဂျွန်းတွင် အောက်တိုဘာလ ၁၅ ရက်၌ ကျင်းပခဲ့သည်။

ဟင်းချက်ပြိုင်ပွဲကျင်းပရခြင်းမှာ အစားအသောက် တီထွင်ဖန်တီး ချက်ပြုတ်ချင်သူများကို မြေတောင်မြှောက်ပေးခြင်းဖြစ်သလို ခနောဖြင့် မြန်မာဟင်းလျာများကို ဖန်တီးချက် ပြုတ်နိုင်ကြောင်း သိရှိစေရန်အတွက် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ဟင်းချက်ပြိုင်ပွဲတွင် ကနဦး လူရွေးချယ်သည့်အဆင့် ပြိုင်ပွဲ ၄ ပွဲနှင့် နောက်ဆုံးအဆင့်ပြိုင်ပွဲတစ်ပွဲတို့ ကျင်းပခဲ့ပြီး Home Cooks များ၊ ဟင်းချက်ကျွမ်းကျင်မှု အတန်အသင့်ရှိပြီး အချက်အပြုတ်ဝါသနာပါသူများကို Facebook မှတစ်ဆင့် ရွေးချယ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"ပါဝင်ယှဉ်ပြိုင်ကြတဲ့ ပြိုင်ပွဲဝင်တွေကို ကိုယ့်အိမ်ရဲ့ မီးဖိုဆောင်ကနေ အပြင်ကိုထွက်ပြီး တီထွင်ဆန်းသစ်နိုင်ကြဖို့နဲ့ သူတို့ချက်ပြုတ်ပြင်ဆင်နေကြတဲ့ ဟင်းလျာတွေကို အရသာ ပိုထူးကဲအောင် စမ်းသပ်ကြည့်ကြဖို့ ဒီပြိုင်ပွဲက တစ်ဆင့် အားပေးချင်တာပါ။ ဒီပြိုင်ပွဲကတစ်ဆင့် ဟင်းချက်နည်းတွေကို လေ့လာနိုင်သလို ကြည်နူးစရာ အချိန်တွေနဲ့ မိသားစုနွေးထွေးမှုတွေကို ဖန်တီးနိုင်ဖို့ မျှော်လင့်ပါတယ်"ဟု ခနောမှ မန်နေဂျာ မချောစုစုဌေးက ပြောသည်။

ပြိုင်ပွဲ၏ Theme မှာ မြန်မာ့ရိုးရာဟင်းလျာဖြစ်သည့် အတွက် မြန်မာ့ရိုးရာ အကြော်ဟင်းလျာများ၊ အဓိကဟင်းပွဲများနှင့် ဟင်းပွဲနှင့်လိုက်ဖက်သည့် ဟင်းချိုများကို ပြင်ဆင်ချက်ပြုတ်ရမည်ဖြစ်သည်။ နောက်ဆုံးအဆင့် ပြိုင်ပွဲဝင်များထဲမှ ပြိုင်ပွဲဝင်သုံးဦးကို ရွေးချယ်၍ ပထမဆုအတွက် ဆုငွေကျပ်ငါးသိန်း၊ ဒုတိယဆုအတွက် ဆုငွေကျပ်သုံးသိန်းနှင့် တတိယဆုအတွက် ဆုငွေကျပ်နှစ်သိန်းတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲဝင်ချိန်တွင် အိုးရှင်းစင်တာသို့ ဈေးပြေးဝယ်ရသည့် အစီအစဉ်ပါရှိသည့်အတွက် မိသားစုဝင်များက ဝင်ရောက်ဝယ်ယူပေးခြင်းဖြင့် နွေးထွေးမှုရှိသည့် ဟင်းတစ်ခွက်ဖန်တီးနိုင်အောင်လည်း စီစဉ်ပေးခဲ့ကြောင်း သိရသည်။ **ချောစု**

# ပဉ္စမအကြိမ်မြောက် အာရှအက်စ်အမ်အီး ကွန်ဖရင့် ၂၀၁၇ ကို နေပြည်တော်၌ ကျင်းပ

ပဉ္စမအကြိမ်မြောက် အာရှအက်စ်အမ်အီးကွန်ဖရင့် ၂၀၁၇ ( The 5th Asian SME Conference 2017) ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုစင်တာ-၂ ၌ အောက်တိုဘာ ၁၄ ရက်မှ ၁၅ရက်ထိ နှစ်ရက်တိုင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။




အဆိုပါ ကွန်ဖရင့်ကို စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သောငွေကြေးရင်းမြစ်အား ချဉ်းကပ်ရှာဖွေနိုင်မည့်နည်းလမ်းများကို သိရှိအသုံးချလာစေရန်၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးလာနိုင်စေရန်အတွက် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအား အပြုသဘောဖြင့် တိုးမြှင့်ထောက်ကူလာစေရန်၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုပိုမိုအားကောင်းလာစေရန်၊ စီးပွားရေးလုပ်ငန်းများအပေါ်တွင် အစိုးရ၏သက်ရောက်မှုအား အပြုသဘောဆောင်သည့် အသွင်သို့ဆောင်ကြဉ်းပေးရန်နှင့် စီးပွားရေးစီမံကိန်းများအား အောင်မြင်မှုရရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုအားကောင်းလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ပြုလုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေရဲ့ အရေးပါမှုဟာ အချက်သုံးချက်ရှိပါတယ်။ ပထမတစ်ချက်က အလုပ်အကိုင်ဖန်တီးပေးမှုပါ။ အက်စ်အမ်အီးတွေဟာ တခြားလုပ်ငန်းတွေထက်ကို ပိုပြီး အလုပ်အကိုင်တွေ ဖန်တီးပေးနိုင်ပါတယ်။ ဒုတိယအချက်က တီထွင်ဖန်တီးနိုင်မှုပါ။ ကမ္ဘာမှာ အဆန်းသစ်ဆုံး တီထွင်ဖန်တီးမှုတွေဟာ အသေးစားလုပ်ငန်းတွေ၊ စွန့်ဦးတီထွင်သူတွေက စတင်ခဲ့တာပါ။ တတိယအချက်ကတော့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုပါ။ မြန်မာစီးပွားရေးလုပ်ငန်းတွေဟာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အားကောင်းလာခြင်းနဲ့အတူ နိုင်ငံတကာနဲ့ယှဉ်ပြိုင်လုပ်ကိုင်လာရတဲ့အတွက် တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် အရေးပါတဲ့ကဏ္ဍတစ်ခုဖြစ်လာပါလိမ့်မယ်" ဟု ICSB Myanmar ၏ ဒုတိယဥက္ကဋ္ဌ Mr.Richard Dare က ပြောကြားသည်။

ပဉ္စမအကြိမ်မြောက် အာရှအက်စ်အမ်အီးကွန်ဖရင့် ၂၀၁၇ ကို The International Council For Small Business Myanmar (ICSB Myanmar) မှ စီစဉ်၍ UK Department of International Development (DFID)၊ The DaNa Facility၊ The International Leadership Academy (ILA) နှင့် Ford Motors တို့မှ ကူညီပံ့ပိုးပေးကြောင်း သိရသည်။

## YBS ယာဉ်လိုင်းဝန်ဆောင်မှုလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နိုင်ရန် ဖိတ်ခေါ်

YBS ယာဉ်လိုင်းဝန်ဆောင်မှုလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နိုင်ရန်အတွက် စိတ်ဝင်စားသောကုမ္ပဏီများကို ဖိတ်ခေါ်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ သတင်းထုတ်ပြန်ထားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပိုမိုကောင်းမွန်သော ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် ခရီးသည်ပို့ဆောင်ရေး YBS ယာဉ်ပေါ်တွင် ခရီးသည်များ အဆင်းအတက်နှင့် ယာဉ်ပေါ်တွင် စနစ်တကျနေရာချထားပေးရန်၊ ခရီးသည်များ သတ်မှတ်ယာဉ်စီးခနှုန်းပေးနိုင်ရန် (ငွေပုံးထဲထည့်မှု၊ ငွေပေးချေကတ် အသုံးပြုမှု)၊ သတ်မှတ်ခရီးစဉ်အတွင်း ခရီးသည်များ လုံခြုံစွာသွားလာနိုင်ရေး ယာဉ်မောင်းများ ထိန်းကျောင်း မောင်းနှင်စေခြင်း စသည့် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနိုင်ရန် စီစဉ်နေကြောင်း သိရသည်။

အထက်ပါဝန်ဆောင်မှုများကို ဆောင်ရွက်နိုင်ရန် ခရီးသည်ယာဉ်ထိန်းကျောင်းသူ၊ လမ်းညွှန်ပြသနိုင်သူဝန်ထမ်းများ (Bus Guide, Bus Marshal) ခန့်အပ်နိုင်ရန်၊ ငွေသားအခြေခံ လက်မှတ်စနစ် (Cash Based Ticketing System)၊ စီစီတီဗွီ စနစ်တို့ကို နည်းပညာများဖြင့် ပြုပြင်ပြောင်းလဲ ကျင့်သုံးသွားမည်ဖြစ်ရာ စိတ်ဝင်စားသော နည်းပညာကုမ္ပဏီများ၊ ဝန်ဆောင်မှုဆောင်ရွက်ပေးနိုင်သော ကုမ္ပဏီများကို ဖိတ်ခေါ်ထားကြောင်း သိရသည်။

ထို့ပြင် စိတ်ဝင်စားသော နည်းပညာကုမ္ပဏီများ၊ ဝန်ဆောင်မှုဆောင်ရွက်ပေးနိုင်သော ကုမ္ပဏီများအနေဖြင့် YBS-CEO Office၊ ရန်ကုန်တိုင်း ဒေသကြီးသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့၊ အခန်းအမှတ် (၂၁၄)၊ အလုံလမ်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ဖုန်း ၀၉-၇၇၇၈၃၃၃၃၁ သို့ လာရောက်ဆွေးနွေးနိုင်ကြောင်း သိရသည်။

ရန်ကုန်မြို့အတွင်း အများပြည်သူ သယ်ယူပို့ဆောင်ရေးအတွက် မထသ စနစ်မှ YBS စနစ်သို့ ယခုနှစ် ဇန်နဝါရီလအတွင်း ပြောင်းလဲခဲ့ပြီး ယာဉ်လိုင်းပေါင်း ၉၀ ကျော်ဖြင့် ပြေးဆွဲပေးနေကြောင်း သိရသည်။

## GOLDEN CITY BUSINESS CENTER ကို တရားဝင်စတင်ဖွင့်လှစ်



ပြည်တွင်းပြည်ပစီးပွားရေးလုပ်ငန်းများအတွက် ရုံးခန်းနေရာရရှိနိုင်ရေး ရည်ရွယ်၍ Golden City Business Center (GCBC) ကို အောက်တိုဘာ ၁၇ ရက်က ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်ရှိ Golden City အဆင့်မြင့်ကွန်ဒိုအိမ်ရာ၌ စတင်ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိသည်။

" ရန်ကုန်မြို့ဟာ စီးပွားရေးတိုးတက်မှုတွေ အရှိန်အဟုန်နဲ့ဖြစ်ပေါ်နေတဲ့အတွက် ကမ္ဘာတစ်ဝန်းက ကုမ္ပဏီကြီးတွေ လာရောက်ရင်းနှီးမြှုပ်နှံဖို့ စိတ်ဝင်စားနေကြပါတယ်။ အခုလိုကာလမှာ Golden City Business Center (GCBC) က ပြည်တွင်းပြည်ပ ကုမ္ပဏီကြီးတွေအတွက် သက်သောင့်သက်သာလည်းရှိ၊ ဝန်ထမ်းများရဲ့ ကြိုးစားအားထုတ်လိုစိတ်ကို ပိုမိုလှုံ့ဆော်ပေးနိုင်မယ့်၊ အောင်မြင်မှုကို ပိုမို ဆောင်ကြဉ်းပေးနိုင်မယ့် ပတ်ဝန်းကျင် တစ်ခုဖြစ်လာပါလိမ့်မယ်။ Golden City Business Center (GCBC) မှာ အထပ်လေးထပ်ပါဝင်ပြီး Grade-A အဆင့် ရုံးခန်းတာဝါတစ်ခုဖြစ်ပါတယ်"ဟု Golden City အဆင့်မြင့်ကွန်ဒိုအိမ်ရာစီမံကိန်းကို တာဝန်ယူတည်ဆောက်နေသည့် Golden Land Real Estate Development Co.,Ltd ၏ ဒုတိယဥက္ကဋ္ဌ Mr.Alex Li က ပြောကြားသည်။

ယခုဖွင့်လှစ်လိုက်သော Golden City Business Center (GCBC) မှာ စုစုပေါင်းစတုရန်းပေ ၁၅၀၀၀၀ ဝန်းကျင်ရှိပြီး နှစ်ရှည်ငှားရမ်းနိုင်မည့် ရုံးခန်းအကျယ်အဝန်းများမှာ ၁၀၄၄ စတုရန်းပေ (၉၇ စတုရန်းမီတာ) မှ ၁၂၇၅၅ စတုရန်းပေ (၁၁၈၅ စတုရန်းမီတာ) အထိဖြစ်ကြောင်း သိရသည်။

"ရုံးခန်းတွေကို ကမ္ဘာ့အဆင့် ဗိသုကာပညာရှင်တွေရဲ့လက်ရာတွေနဲ့ တည်ဆောက်ထားပြီး အဆင့် ၅ ဆင့်ပါဝင်တဲ့ နိုင်ငံတကာလုံခြုံရေးစနစ်၊ ရေကူးကန်၊ အားကစားခန်းမ၊ အဆင့်မြင့်ကလပ်တို့လို ဝန်ဆောင်မှုတွေလည်း ရရှိနိုင်မှာဖြစ်ပါတယ်"ဟု Mr.Alex Li က ဆက်လက်ပြောကြားသည်။

Golden City အဆင့်မြင့်ကွန်ဒိုအိမ်ရာစီမံကိန်းကို ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၂၉၀ ဖြင့် ၂၀၁၄ ခုနှစ် မတ်လက စတင်ကာ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုဖွင့်လှစ်လိုက်သည့် Golden City Business Center အပါအဝင် လူနေအဆောက်အအုံတာဝါ ၄ ခုတို့ ပါဝင်ကြောင်း သိရသည်။

## သိန်း ၁၅၀ နှင့်အထက် တန်ဖိုးသင့် အိမ်ရာများ ရောင်းချပွဲကို နိုဝင်ဘာ ပထမပတ်အတွင်း ပြုလုပ်မည်

Shwe Property မှ စီစဉ်သော တတိယအကြိမ်မြောက် Shwe Property တန်ဖိုးသင့်အိမ်ရာပြပွဲကို ရန်ကုန်မြို့၊ လှည်းတန်းစင်တာ၌ နိုဝင်ဘာ ၃ရက်မှ ၅ရက်အထိ သုံးရက်တိုင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီတတိယအကြိမ် တန်ဖိုးသင့်အိမ်ရာပြပွဲမှာ အဓိကအားဖြင့် လှိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်၊ စမ်းချောင်းမြို့နယ်နဲ့ တောင်ဥက္ကလာပမြို့နယ်တို့က တန်ဖိုးသင့်အိမ်ရာတွေကို ဦးစားပေး ရောင်းချသွားမှာဖြစ်သလို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမြို့နယ်စုံက တန်ဖိုးသင့်အိမ်ရာတွေကို တစုတစည်းတည်း ပါဝင်ပြသရောင်းချပေးသွားမှာပါ။ အိမ်ရာကုမ္ပဏီတွေရဲ့ တန်ဖိုးသင့်အိမ်ရာတွေထဲက မိမိနဲ့အသင့်တော်ဆုံး အိမ်ရာတစ်ခုကို ရွေးချယ်ဝယ်ယူနိုင်ဖို့ Shwe Property က အကြံပြုပေးသွားမှာပါ" ဟု Shwe Property ၏ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါပြပွဲတွင် ငွေကျပ် သိန်း ၁၅၀ မှစတင်ကာ ဝယ်ယူသူနှင့် အကိုက်ညီဆုံးဈေးနှုန်းများကို ရွေးချယ်ဝယ်ယူနိုင်ခြင်း၊ ကနဦးပေးသွင်းငွေကို ညှိနှိုင်းပေးသွင်းပြီး ကျန်ငွေကို အရစ်ကျ လစဉ်ပေးသွင်းကာ ဝယ်ယူနိုင်ခြင်း၊ အခြားတန်ဖိုးသင့်အိမ်ရာပြပွဲတွေနှင့် မတူဘဲ အထူးလျှော့ဈေးအစီအစဉ်များ ရရှိနိုင်ခြင်း၊ ၂ နှစ်အရစ်ကျမှ ၁၅ နှစ်အထိ အရစ်ကျ ငွေပေးချေနိုင်မည့် အစီအစဉ်များ ရှိခြင်း စသည့်ဝန်ဆောင်မှုများကို ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

သန်းထိုက်အောင် စုစည်းဖော်ပြသည်



## မြို့ကြီးများ၏ ၂၃-၁၀-၂၀၁၇ မှ ၂၇-၁၀-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၃-၁၀-၂၀၁၇) | အင်္ဂါ(၂၄-၁၀-၂၀၁၇) | ဗုဒ္ဓဟူး(၂၅-၁၀-၂၀၁၇) | ကြာသပတေး(၂၆-၁၀-၂၀၁၇) | သောကြာ(၂၇-၁၀-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | တိမ်အသင့်အတင့် ၃၁°C/၈၈°F | ၆၀% ၃၁°C/၈၇°F | ၄၀% ၃၁°C/၈၈°F | ၄၀% ၃၁°C/၈၈°F | ၄၀% ၃၁°C/၈၈°F |
| ရန်ကုန်မြို့ | ၅၀% ၃၁°C/၈၇°F | ၇၀% ၃၁°C/၈၇°F | တိမ်အသင့်အတင့် ၃၁°C/၈၇°F | တိမ်အသင့်အတင့် ၃၁°C/၈၇°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F |
| မန္တလေးမြို့ | နေသာ ၃၁°C/၈၈°F | ၇၀% ၃၀°C/၈၆°F | ၆၀% ၃၀°C/၈၆°F | ၄၀% ၃၀°C/၈၆°F | ၆၀% ၃၂°C/၉၀°F |
| မြစ်ကြီးနား | တိမ်အသင့်အတင့် ၂၈°C/၈၂°F | တိမ်အသင့်အတင့် ၂၉°C/၈၄°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၀°C/၈၆°F |
| လားရှိုး | ၈၀% ၂၄°C/၇၅°F | ၆၀% ၂၄°C/၇၅°F | ၇၀% ၂၄°C/၇၅°F | ၆၀% ၂၄°C/၇၆°F | ၆၀% ၂၅°C/၇၇°F |
| ကျိုင်းတုံ | ၆၀% ၂၅°C/၇၇°F | ၅၀% ၂၄°C/၇၆°F | ၇၀% ၂၆°C/၇၈°F | ၃၀% ၂၆°C/၇၉°F | ၄၀% ၂၇°C/၈၁°F |
| လွိုင်ကော် | ၆၀% ၂၆°C/၇၉°F | ၇၀% ၂၆°C/၇၈°F | ၅၀% ၂၆°C/၇၈°F | ၄၀% ၂၆°C/၇၈°F | ၃၀% ၂၆°C/၇၉°F |
| တောင်ကြီး | တိမ်အသင့်အတင့် ၁၇°C/၆၃°F | တိမ်အသင့်အတင့် ၁၅°C/၅၆°F | တိမ်အသင့်အတင့် ၁၄°C/၅၁°F | တိမ်အသင့်အတင့် ၁၄°C/၅၁°F | တိမ်အသင့်အတင့် ၁၄°C/၅၂°F |
| မော်လမြိုင် | ၄၀% ၃၀°C/၈၆°F | ၆၀% ၃၀°C/၈၆°F | ၄၀% ၃၀°C/၈၆°F | တိမ်အသင့်အတင့် ၃၁°C/၈၇°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F |
| ဘားအံ | ၃၀% ၃၁°C/၈၈°F | ၄၀% ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F |
| တောင်ငူ | ၆၀% ၃၁°C/၈၇°F | ၃၀% ၃၁°C/၈၇°F | ၅၀% ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F |
| မုံရွာ | တိမ်အသင့်အတင့် ၃၁°C/၈၈°F | ၇၀% ၃၁°C/၈၇°F | ၆၀% ၃၁°C/၈၇°F | ၅၀% ၃၁°C/၈၇°F | ၄၀% ၃၁°C/၈၇°F |
| ပုသိမ် | ၉၀% ၃၁°C/၈၇°F | ၇၀% ၃၁°C/၈၇°F | ၇၀% ၃၁°C/၈၈°F | ၆၀% ၃၁°C/၈၈°F | ၄၀% ၃၁°C/၈၈°F |
| မြိတ် | ၅၀% ၃၀°C/၈၆°F | ၅၀% ၃၁°C/၈၈°F | ၆၀% ၃၁°C/၈၇°F | ၄၀% ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F |
| စစ်တွေ | ၄၀% ၂၉°C/၈၅°F | ၃၀% ၂၉°C/၈၅°F | ၆၀% ၂၉°C/၈၅°F | ၆၀% ၂၉°C/၈၅°F | တိမ်အသင့်အတင့် ၂၉°C/၈၅°F |
| မကွေး | ၆၀% ၃၂°C/၈၉°F | ၄၀% ၃၂°C/၈၉°F | ၄၀% ၃၁°C/၈၈°F | ၆၀% ၃၁°C/၈၈°F | ၄၀% ၃၁°C/၈၇°F |
| ဖလမ်း | တိမ်အသင့်အတင့် ၂၂°C/၇၂°F | ၄၀% ၂၂°C/၇၁°F | ၇၀% ၂၁°C/၇၀°F | ၆၀% ၂၁°C/၇၀°F | ၆၀% ၂၀°C/၆၈°F |

# ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းကို တိုင်ဖွန်းမုန်တိုင်း လန် ဝင်ရောက်တိုက်ခတ်မည်

ဖိလစ်ပိုင်နိုင်ငံ အရှေ့ပိုင်းတွင် တည်ရှိနေသည့် တိုင်ဖွန်းမုန်တိုင်း လန်သည် စူပါတိုင်ဖွန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိလာကာ ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းသို့ ယခုတစ်ပတ် အစောပိုင်းတွင် ဝင်ရောက်တိုက်ခတ်နိုင်ကြောင်း wunderground သတင်းတွင် ဖော်ပြထားသည်။

အဆိုပါတိုင်ဖွန်းမုန်တိုင်း လန်သည် ဖိလစ်ပိုင်နိုင်ငံ၏ အရှေ့ဘက် မိုင် ၆၀၀ ခန့်အကွာတွင် တည်ရှိနေပြီး ပါလာလူကျွန်း၏ နောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းသို့ အင်အားပြင်းမုန်တိုင်းအဖြစ် ဝင်ရောက်တိုက်ခတ်မည်ဖြစ်သည်။

အဆိုပါမုန်တိုင်းသည် အောက်တိုဘာလ ၂၃ ရက်တွင် ဂျပန်ပင်လယ်အော်သို့ ရောက်ရှိလာမည်ဟု ခန့်မှန်းထားပြီး ဂျပန်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့ပါက အမေရိကန်ဒေါ်လာ ၃၅ သန်းခန့် ဆုံးရှုံးမှုများဖြစ်ပေါ်နိုင်ကြောင်း ခန့်မှန်းလျက်ရှိသည်။

ယင်းမုန်တိုင်းသည် တစ်နာရီလျှင် မိုင် ၁၅၀ နှုန်းဖြင့် ရွေ့လျားလျက်ရှိပြီး အဆင့်-၄ရှိသည့် အင်အားပြင်းမုန်တိုင်းအဖြစ် သတ်မှတ်ထားသည်။

မုန်တိုင်းဖြစ်ပေါ်လျက်ရှိသဖြင့် တိုကျိုမြို့တောင်ပိုင်းတွင် အောက်တိုဘာ ၂၂ ရက်မှစတင်ကာ မိုးများရွာသွန်းမည်ဖြစ်ကြောင်း၊ အဆိုပါမုန်တိုင်းသည် တစ်နာရီလျှင် ၁၁၅ မိုင်နှုန်းဖြင့် ဂျပန်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်နိုင်ကြောင်း ဂျပန်နိုင်ငံ မိုးလေဝသအေဂျင်စီက ခန့်မှန်းထားသည်။

"နာဆာအိကျွန်းတွင် မိုးသည်းထန်စွာ ရွာသွန်းနိုင်ပါတယ်။ အချို့ဒေသတွေမှာဆိုရင် တော်တော်လေးကို ပြင်းပြင်းထန်ထန် ရွာသွန်းနိုင်ပါတယ်"ဟု အဆိုပါအေဂျင်စီက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

မုန်တိုင်း၏ဗဟိုချက်တွင် လေတိုက်နှုန်းသည် တစ်နာရီလျှင် ၁၃၈မိုင်ရှိပြီး ဂျပန်နိုင်ငံနှင့် နီးကပ်လာချိန်တွင် အနည်းငယ်အားပျော့သွားဖွယ်ရာရှိကြောင်း နာဆာ၏ အစီရင်ခံစာများအရ သိရသည်။

ဂျပန်နိုင်ငံ အရှေ့ဘက်ကမ်းခြေတစ်လျှောက်ရှိ စီရင်စုများတွင် နေထိုင်ကြသူများအား မုန်တိုင်းနှင့် လွတ်ရာဒေသများတွင် သွားရောက်နေထိုင်ကြရန် နှိုးဆော်ထားသည်။

အဆိုပါမုန်တိုင်း ဂျပန်နိုင်ငံနှင့် နီးကပ်လာချိန်တွင် ဂျပန်နိုင်ငံ၌ရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**



## ထိုင်းနိုင်ငံတစ်ဝန်း ရေလွှမ်းမိုးမှုများ ဖြစ်ပွားလျက်ရှိ ခွန်ခန်းခရိုင်တွင် အဆိုးရွားဆုံး ရေလွှမ်းမိုးမှုဖြစ်ပေါ်

ထိုင်းနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိရာ ခွန်ခန်းခရိုင်သည် အဆိုးရွားဆုံးဖြစ်ကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ခွန်ခန်းခရိုင်ရှိ ကျေးရွာသုံးရွာမှာ ရေနစ်မြုပ်ခဲ့ရပြီး လယ်မြေများလည်း ရေနစ်မြုပ်ခဲ့ရကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ခွန်ခန်းခရိုင်၏ နမ်ဖောင်နှင့် မြောင်ခရိုင်ရှိ အချို့သောနေရာများတွင် ရေလွှမ်းမိုးမှုမှာ အဆိုးရွားဆုံးဖြစ်ပေါ်လျက်ရှိပြီး အောက်တိုဘာ ၂၀ ရက်ညနေပိုင်းအထိ ရေကျသွားခြင်းမရှိသေးဟုဆိုသည်။

အဆိုပါခရိုင်အတွင်း ရေဝင်ရောက်နိုင်သည့် နေရာများတွင် သဲအိတ်များဖြင့် ကာရံထားသော်လည်းရေမျက်နှာပြင်မှာ ပိုမိုမြင့်တက်လာသဖြင့် သဲအိတ်များ ပြိုကျကာ ရေလွှမ်းမိုးခြင်းဖြစ်ပေါ်ခဲ့ရသည်ဟုဆိုသည်။ ထို့ပြင် ခွန်ခန်းခရိုင်အတွင်းရှိ အူဘွန်ရတ်ဆည်မှ ရေများအားဖောက်ချခဲ့သဖြင့် အဆိုးရွားဆုံး ဖြစ်ခဲ့ရခြင်းဖြစ်သည်ဟုဆိုသည်။

အူဘွန်ရတ်ဆည်တွင် ရေဝင်ရောက်မှုပမာဏသည် ပိုမိုမြင့်တက်လာသဖြင့် ရေများကို ယခုကဲ့သို့ လွှတ်ချနေရခြင်းဖြစ်ကြောင့် အဆိုပါဆည်မှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ရေလွှမ်းမိုးမှုကြောင့် ခွန်ခန်းခရိုင်တွင် နေအိမ်များ၊ ဘုရားကျောင်းများ၊ စာသင်ကျောင်းများနှင့် လယ်ယာမြေဧရိယာပေါင်း ရိုင်နှစ်သောင်းခန့် ရေနစ်မြုပ်ခဲ့ကြောင်း သိရသည်။

ရေလွှမ်းမိုးမှုနှင့်ပတ်သက်၍ စိုးရိမ်စရာမရှိကြောင်း၊ အဆိုပါရေများသည် နောက်ခုနစ်ရက်အတွင်း ထိုင်းပင် လယ်ကွေ့အတွင်းသို့ စီးဝင်သွားလိမ့်မည်ဖြစ်ကြောင်း၊ ကျောက်ဖယားမြစ်တားဆည်မှလည်း တစ်စက္ကန့်လျှင် ရေကုဗမီတာ ၂၆၀၀ ထုတ်လွှတ်လျက်ရှိကြောင်း စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီးချတ်ချိုင်းက ပြောကြားခဲ့သည်။

ယခုအခါတွင် ပိုင်းမြစ်ပေါ်တွင်ရှိသည့် ဘူမိဘောဆည်နှင့် နမ်မြစ်ပေါ်တွင်ရှိသည့် ဆီရိခေတ်ဆည်တို့တွင် ရေပြည့်ရန်အတွက် ၃၀ ရာခိုင်နှုန်းနှင့် ၂၀ရာခိုင်နှုန်းအသီးသီး လိုအပ်နေသေးကြောင်း၊ ထို့ကြောင့် အဆိုးရွားဆုံးရေလွှမ်းမိုးမှု မဖြစ်ပေါ်နိုင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**မယ်သီတာ**

## ဒီးမော့ဆိုမြို့နယ်အတွင်းရှိ အ.ထ.ကကျောင်းများ၌ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

လွိုင်ကော်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးစီးမှူး ဒေါ်မြို့ရီ ဦးဆောင်သော ဝန်ထမ်း (၃) ဦးတို့သည် အောက်တိုဘာလ ၁၇ ရက်တွင် ဒီးမော့ဆိုမြို့နယ် အတွင်းရှိဒေါရောက်ခူ အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း၊ အောက်တိုဘာလ ၁၉ ရက်နေ့တွင် လိုဘာခို အခြေခံပညာ အထက်တန်းကျောင်း၌ လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပါသည်။

အဆိုပါဟောပြောပွဲတွင် ဦးစီးမှူးနှင့် ဝန်ထမ်းများသည် စားသုံးသူ ပြည်သူများ စားသုံးသူအခွင့်အရေး အပြည့်အဝရရှိစေရန်နှင့် ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာတွင် လိမ်လည်လှည့်ဖြားမှုမခံရစေရန်၊ ရွေးချယ်ဝယ်ယူရာတွင် သေချာဖတ်ရှုဝယ်ယူရမည့်အချက်များ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲသည့်အခါ နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာပါက စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဌာနသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပြီး တက်ရောက်လာသော ကျောင်းသား /သူများ၏ သိရှိလိုသည့် မေးမြန်းမှုများကို တစ်ချက်ချင်း ရှင်းလင်းဖြေကြား၍ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပြီး သက်ဆိုင်ရာ ကျောင်းအုပ်ဆရာ/ဆရာမကြီးများနှင့် ကျောင်းမုန့်ဈေးတန်း ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိခဲ့ပါသည်။

**ကျော်ဇင်ထွေး (စားသုံးသူ၊ ကယား)**

## မကွေးမြို့၊ အ. ထ. က (၂) တွင် Mobile ပြခန်းပြသ

မကွေးမြို့၊ အ. ထ. က(၂)ကျောင်းတွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် ပတ်သက်၍ Mobile ပြခန်းကို အောက်တိုဘာလ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ပြသခဲ့ရာ အ. ထ. က(၂)ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ/ ဆရာမများ၊ ကျောင်းသားကျောင်းသူများစုစုပေါင်း ၁၂၅၅ ဦး တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ Mobile ပြခန်းတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာများ၊ အန္တရာယ်ရှိအစားအသောက်များကို ပြသခဲ့ပြီး ထုတ်ကုန်လုံခြုံ စိတ်ချရမှုအတွက် ပါဝင်သည့်အချက်များ ပါဝင်သော လက်ကမ်းစာစောင်များ ဝေငှခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း သတင်းရရှိပါသည်။

အဆိုပါ Mobile ပြခန်းများ ပြသ၍ အသိပညာပေးခြင်းမှာ မကွေးမြို့တွင် သုံးကြိမ်၊ ချောက်မြို့တွင်တစ်ကြိမ် စုစုပေါင်းလေးကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး အထက်တန်းကျောင်းများပြီးပါက အလယ်တန်း၊ မူလတန်းကျောင်းများအထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ **စန္ဒာစိုးလွင် (မကွေး)**

## ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောပွဲကျင်းပပြီး ကျောင်းမုန့်ဈေးတန်းများအား ကွင်းဆင်းစစ်ဆေး

ရန်ကုန်အရှေ့ပိုင်းခရိုင် စားသုံးသူရေးရာ ဦးစီးဌာန ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ အောက်တိုဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲများတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံးမှ စာရင်းကိုင်(၃) ဦးနေလင်းက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများအကြောင်းကိုလည်းကောင်း၊ စာရင်းကိုင်(၃) ဒေါ်အေးအေးမော်က စားသုံးရန်မသင့်သော အစားအသောက်များ အကြောင်းကိုလည်းကောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**ဖြိုးသီဟ**

## ငပုတောမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲနှင့် မုန့်ဈေးတန်းများအားကွင်းဆင်းစစ်ဆေး

ငပုတောမြို့နယ် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများသည် အောက်တိုဘာလ ၁၇ ရက်တွင် ငပုတောမြို့နယ် ကျောက်တန်းအုပ်စု၊ ရေတွင်းရိုးကျေးရွာ၊ အခြေခံပညာမူလတန်းလွန်ကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲနှင့် ကျောင်းပြင်ပရှိမုန့်မျိုးစုံအရောင်းဆိုင်များအား ကွင်းဆင်းစစ်စစ်အသိပညာပေးခြင်းများ ပြုလုပ်ခဲ့ပါသည်။

အဆိုပါဟောပြောပွဲတွင် ငပုတောမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်မြင့်မြင့်စန်းက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့် စားသုံးသူ၏အခွင့်အရေး၊ ရွေးချယ်ပိုင်ခွင့်၊ အစားအသောက်နှင့် ဆေးဝါးများ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူအသုံးပြုရာတွင် ပါရှိရမည့်အချက်များ၊ ဝယ်ယူအသုံးပြုတတ်စေရန်တို့ကိုလည်းကောင်း၊ ငပုတောမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ အကြီးတန်းစာရေး ဦးသန်းထွဋ်က အစားအသောက်များတွင် သုံးစွဲရန်မသင့်သော ခွင့်မပြုဓာတုဆိုးဆေးများ၏ အန္တရာယ်နှင့် ဆိုးကျိုးများအကြောင်း၊ ဓာတုဆိုးဆေးနှင့် တာရှည်ခံဆေးများ သုံးစွဲတတ်လေ့ရှိသော မုန့်မျိုးစုံ စားသောက်ကုန်နမူနာတို့ဖြင့် ပြသ၍လည်းကောင်း ဟောပြောခဲ့ကြသည်။

ထို့နောက် ကျောင်းပြင်ပရှိ မုန့်မျိုးစုံရောင်းချနေသောဆိုင်သုံးဆိုင်အား ကျေးရွာစားသုံးသူရေးရာအဖွဲ့များနှင့်အတူ ပူးပေါင်း၍ကွင်းဆင်းစိစစ် အသိပညာပေးခြင်းများပြုလုပ်ခဲ့ပါသည်။

အဆိုပါဟောပြောပွဲသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများ၊ ရပ်မိ/ရပ်ဖနှင့် ကျေးရွာစားသုံးသူအဖွဲ့များ၊ မုန့်မျိုးစုံရောင်းချသူများ စုစုပေါင်း ၂၂၄ ဦးတက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**သန်းထွဋ်၊ မင်းမင်းဦး(ပုသိမ်)**

## ဘားအံမြို့ အမှတ်(၇)ဆက်သွယ်ရေးတပ်ရင်းတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

ကရင်ပြည်နယ်၊ စားသုံးသူရေးရာ ဦးစီးဌာနနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ကြီးမှူး၍ အောက်တိုဘာ ၁၂ ရက်က အမှတ်(၇)ဆက်သွယ်ရေး တပ်ရင်းတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့ကြောင်း သတင်းရရှိပါသည်။

အဆိုပါဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းက ‘စားသုံးသူအကာအကွယ်ပေးရေးနှင့်ကုန်သွယ်မှုများ၊ တရားမဝင်ကုန်သွယ်မှုများ လုံခြုံစိတ်ချရမှုရှိစေရေး’ အကြောင်းကိုလည်းကောင်း၊ ဦးစီးမှူး ဒေါ်ခင်ဒေဝီထွန်းက ‘စားသုံးသူအကာအကွယ်ပေးရေး ဥပဒေသိကောင်းစရာ’အကြောင်းကိုလည်းကောင်း၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာနိုနိုဇင်သက် (အာဟာရအဖွဲ့ခေါင်းဆောင်)က ‘သက်ရှည်ကျန်းမာ အာဟာရပြည့်စွာ စားသုံးပါ’ အကြောင်းကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။ အဆိုပါ ဆွေးနွေးပွဲသို့ ဒုတိယတပ်ရင်းမှူး၊ တပ်ရင်းစစ်သည်များ၊ တပ်မိသားစုရဲမေများ တက်ရောက်ခဲ့ပြီး တက်ရောက်လာကြသူများအား စားသုံးသူအကာအကွယ်ပေးရေး ဥပဒေစာအုပ်နှင့် လက်ကမ်းစာစောင်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်ကြည်(ကရင်ပြည်နယ်)**

## မင်္ဂလာဒုံမြို့နယ်ရှိ အောင်မင်္ဂလာအဝေးပြေးဝင်း၌ စားသုံးသူအကာအကွယ်ပေးရေး ဝန်ဆောင်မှုကိစ္စရပ်များအား အသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိသူဝန်ထမ်းများ၊ အရှေ့ပိုင်းခရိုင်ဦးစီးမှူးနှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (ရန်ကုန်)တို့ ပူးပေါင်း၍ အောက်တိုဘာလ ၁၉ ရက်တွင် အောင်မင်္ဂလာအဝေးပြေးဝင်းရှိ စည်ပင်ရုံးဟောင်း၌ စားသုံးသူအကာအကွယ်ပေးရေးနှင့် ဝန်ဆောင်မှုဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်သည့် အသိပညာပေး ဟောပြောဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ပါတယ်။

ဟောပြောဆွေးနွေးရာတွင် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးအရာရှိဒေါ်ဝါဝါခိုင်က စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းခဲ့ပြီး အဝေးပြေး ခရီးသည်ပို့ဆောင်ရေး ဝန်ဆောင်မှုများသည် စားသုံးသူအကာအကွယ်ပေးရေးနှင့် ဆက်စပ်နေကြောင်း၊ ယာဉ်ပိုင်ရှင်၊ တာဝန်ခံ၊ မန်နေဂျာများသည် စီးပွားရေးလုပ်ငန်းရှင်များဖြစ်သောကြောင့် မိမိတို့၏ကိုယ်ကျိုးကို မကြည့်ဘဲ ခရီးသည်များ၏အကျိုးကိုကြည့်၍ ဝန်ဆောင်မှုပေးစေလိုကြောင်း၊ ဝန်ဆောင်မှု လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်မှုမရှိသဖြင့် စံချိန်စံညွှန်း၊ စနစ်၊ လူ၊ မော်တော်ယာဉ်အခြေအနေနှင့် စက်ပစ္စည်းများကြောင့် စားသုံးသူများ နစ်နာရခြင်းကြောင့် ဝန်ဆောင်မှုသည် အရေးကြီးကြောင်းတို့ကို ဟောပြောဆွေးနွေးခဲ့ပါတယ်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ(ရန်ကုန်) မှ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်စောစန္ဒာဦးက စားသုံးသူအကာအကွယ်ပေးရေးအတွက် ဈေးကွက်မတင်မီနှင့် ဈေးကွက်တင်ပြီး စိစစ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဈေးကွက်နမူနာကောက်ယူခြင်းနှင့် ပြည်ပမှတင်သွင်းသည့် စားသောက်ကုန်များ၊ ပြည်တွင်းမှ ထုတ်လုပ်သည့် စားသောက်ကုန်များကို ခွင့်ပြုထောက်ခံချက်ထုတ်ပေးနေမှုများကိုလည်းကောင်း၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက ဝန်ဆောင်မှုအမျိုးအစားများအကြောင်းနှင့် ဝန်ဆောင်မှု၏ အဓိပ္ပာယ်၊ ခရီးသွားဝန်ဆောင်မှုဆိုင်ရာ ဖြစ်ပွားခဲ့မှုများအကြောင်းနှင့် စားသောက်ဆိုင် ဝန်ဆောင်မှုဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး ယာဉ်လိုင်းပိုင်ရှင်များသည် ခရီးသည်များအတွက် စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိစေရေး၊ စိတ်ကျေနပ်မှုရှိသော ဝန်ဆောင်မှုများ ပေးအပ်ရေးတို့ကို ကတိပြုထားသည့်အတိုင်း ဆောင်ရွက်ပေးစေလိုကြောင်းနှင့် စားသုံးသူခရီးသည်များအတွက် ယာဉ်လိုင်းပိုင်ရှင်များ၊ ယာဉ်ပိုင်ရှင်များ၊ ဂိတ်မှူးများ/ ဂိတ်စာရေးများ၊ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်/ ယာဉ်အကူများ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ စားသောက်ဆိုင်ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (ရန်ကုန်)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အောင်မင်္ဂလာအဝေးပြေးဝင်း တာဝန်ခံနှင့် တာဝန်ရှိသူများ၊ အဝေးပြေးယာဉ်လိုင်းများမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်၊ စားသောက်ဆိုင်လုပ်ငန်းရှင်များ စုစုပေါင်း ၈၀ ဦးခန့် တက်ရောက်ခဲ့ပါတယ်။

အလားတူ အောက်တိုဘာလတတိယပတ်အထိ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၏ ကြီးကြပ်မှုအောက်ရှိအရှေ့ပိုင်းခရိုင်တွင် ၁၀ နေရာ၊ အနောက်ပိုင်းခရိုင်တွင်ငါးနေရာ၊ တောင်ပိုင်းခရိုင်တွင် ၃၁ နေရာ၊ မြောက်ပိုင်းခရိုင်တွင် ခြောက်နေရာတို့တွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေးပွဲများနှင့် ကွင်းဆင်းအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။ **ခင်မြဦး (စားသုံးသူ)ရန်ကုန်**

# ရန်ကုန်အရှေ့ပိုင်းခရိုင် စားသုံးသူအခြေင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၈/၂၀၁၇) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန်အရှေ့ပိုင်းခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၈/၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၇ ရက်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ အဖွဲ့ဝင်ကိုယ်စားလှယ်များ၊ အရှေ့ပိုင်းခရိုင်မှ ခရိုင်ဦးစီးမှူးနှင့်ဝန်ထမ်းများစုံလင်စွာ တက်ရောက်ခဲ့ကြပါသည်။



အစည်းအဝေးတွင် ရန်ကုန် အရှေ့ပိုင်းခရိုင်၊ ခရိုင်စားသုံးသူအငြင်း ပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးခြင်း လုပ်ငန်းများသည် စားသုံးသူများတွင် သာမက ကုန်ပစ္စည်းထုတ်လုပ်သူများ၊ ကုန်ပစ္စည်းတင်ပို့သည့် လုပ်ငန်းရှင်များ၊ တိုင်းအတွင်း ထုတ်လုပ်ခြင်းနှင့် တင်ပို့ခြင်းလုပ်ကိုင်သူများ၊ ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူများကိုလည်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးခြင်း ဟောပြောပွဲများကို ပြုလုပ်ပေးမှသာ အန္တရာယ်ကင်းရှင်းသော ကုန်ပစ္စည်း၊ အာမခံချက်ရှိသော ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်ပြီး ထုတ်လုပ်သော ကုန်ပစ္စည်းများကို မြေပြင်တွင် ကွင်းဆင်းစစ်ဆေးသောအခါ သတ်မှတ်ထားသော စံချိန်စံညွှန်း ညွှန်ကြားချက်များနှင့်အညီ မထုတ်လုပ်နိုင်ပါက စားသုံးသူများအား ဘေးအန္တရာယ်မဖြစ်ပွားစေရေးအတွက် ထုတ်လုပ်သူများကို အရေးယူပြီး ဥပဒေအတိုင်း ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ အတွင်းရေးမှူးက ၂၀၁၇ ခုနှစ် စက်တင်ဘာလအတွင်း ကွင်းဆင်းပညာပေးခြင်းများကို ဒဂုံ(ဆိပ်ကမ်း)မြို့နယ်ရှိ ကျောင်းများတွင် (၁၀) ကြိမ် ပြုလုပ်ခဲ့ကြောင်း၊ ဒဂုံ (ဆိပ်ကမ်း) မြို့နယ်ရှိ စီးပွားရေး လုပ်ငန်းရှင် တစ်ဦးထံမှ ဖော်မလင် ပါဝင်သော အမဲသွေးများအား သိမ်းဆည်း၍ မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ကွင်းဆင်းပညာပေးခြင်းများကိုလည်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

အဖွဲ့ဝင်စီးပွားရေးလုပ်ငန်းရှင် ကိုယ်စားလှယ် ဦးကျော်စွာထွန်းမြင့်က စားသုံးသူ အသိပညာပေးဟောပြောပွဲများကို ကျောင်းများတွင်သာမက ကုန်ပစ္စည်းထုတ်လုပ်သူ၊ ဖြန့်ဖြူး ရောင်းချသူများကိုလည်း အသိပညာပေး ဟောပြောပွဲများပြုလုပ်ပေးခြင်းတို့ကို ပိုမိုဆောင်ရွက်စေလိုကြောင်း နှင့် စားသုံးသူပြည်သူများအထိ သိရှိလိုက်နာ ဆောင်ရွက်နိုင်ရေးအတွက် သတင်းဖြန့်ဝေပေးနိုင်အောင် ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**လှိုင်ထွန်း**

## မြောင်းမြပညာရေးကောလိပ်တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံးမှကြီးမှူး၍ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာလ ၁၉ ရက်က မြောင်းမြပညာရေးကောလိပ် ခန်းမတွင် ကျင်းပခဲ့ပါသည်။

ဟောပြောပွဲတွင် ဧရာဝတီတိုင်း ဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးသိန်းနိုင်က ဌာန၏ လက်ရှိဆောင်ရွက်နေသောလုပ်ငန်းများနှင့် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေကိုလည်းကောင်း၊ ခရိုင်ဦးစီးမှူးဦးတိုးလွင်က မြောင်းမြခရိုင်နှင့် လပွတ္တာခရိုင်တို့တွင် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဆောင်ရွက်နေမှု၊ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေး စင်တာ ဖွင့်လှစ်ဖျန်ဖြေ စီမံဆောင်ရွက်နေမှု၊ Market Surveillance ဆောင်ရွက်နေမှု၊ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဖြင့် စာသင်ကျောင်း၊ ဈေး၊ အလုပ်ရုံများကို ရှောင်တခင်စစ်ဆေးနေမှု အခြေအနေတို့ကိုလည်းကောင်း၊ တိုင်းဒေသကြီးဦးစီးမှူးရုံး ဌာနခွဲမှူး ဦးစောမိုက်ကယ်က စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများကို နမူနာပြပုံများ၊ ပညာပေး ကာတွန်းများဖြင့်လည်းကောင်း ရှင်းလင်းဟောပြောခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲ အခမ်းအနားသို့ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ သင်တန်းသားဆရာ/ဆရာမများ စုစုပေါင်း ၁၈၈ ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**တိုးလွင်(မြောင်းမြ)**

## ထားဝယ်မြို့ ဇဟာကျေးရွာတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

တနင်္သာရီတိုင်းဒေသကြီးစားသုံးသူရေးရာ ဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးဆောင်သောအဖွဲ့နှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ဝန်ထမ်းများသည် အောက်တိုဘာလ ၉ ရက်က ဇဟာကျေးရွာတွင် ကျေးရွာသူ/သားများအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့သည်။

အဆိုပါဟောပြောဆွေးနွေးပွဲတွင် ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်စိုးရိ က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဦးစီးမှူး ဦးဇော်မင်းလတ်က စားသုံးသူအခွင့်အရေးများနှင့် တာဝန်များ၊ လုပ်ငန်းရှင်လိုက်နာရမည့် တာဝန်နှင့် တားမြစ်ချက်များ၊ ကုန်ပစ္စည်းများ ဝယ်ယူသုံးစွဲခြင်းမပြုမီ သတိပြုရမည့် အချက်များ၊ မိမိတို့နေ့စဉ် ဝယ်ယူသုံးစွဲတဲ့ ကုန်ပစ္စည်းများအပေါ် ပေးထားသော ဝန်ဆောင်မှုများ အပြည့်အဝရရှိရေးများကိုလည်းကောင်း၊ ကုန်စည်နှင့် ဝန်ဆောင်မှုကြောင့် ထိခိုက်နစ်နာဆုံးရှုံးမှုတို့ကို တိုင်ကြားနိုင်သည့် အခွင့်အရေးများ၊ တိုင်ကြားလာသည့် နစ်နာဆုံးရှုံးမှုများအပေါ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖြေရှင်းဆောင်ရွက်ပုံနည်းလမ်းများကို အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့ပါသည်။ အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနမှ ဒုတိယကြီးကြပ်ရေးမှူး ဦးဟိန်းစည်သူက စားသုံးရန်မသင့်သော အစားအစာများ စားသုံးခြင်းဖြင့် ကျန်းမာရေးကိုထိခိုက်နိုင်၍ နာတာရှည်ရောဂါများဖြစ်ပွားနိုင်မှု၊ ဆိုးဆေးပါဝင်သည့် အစားအစာများ ရှောင်ကြဉ်စားသုံးရန်နှင့် နိုင်ငံတော်မှ တရားဝင်တားမြစ်ထားသော ကုန်စည်နှင့် အလှကုန်ပစ္စည်းများအကြောင်း ဆွေးနွေးဟောပြောခဲ့ကြသည်။ ထို့နောက် စားသုံးသူပြည်သူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ရွှေဝယ်သား**

## မုဒုံမြို့နယ်၊ ကလော့သော့ကျေးရွာတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဟောပြောပွဲကျင်းပ

မွန်ပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းများပူးပေါင်း၍ စက်တင်ဘာလ ၁၂ ရက်တွင် မုဒုံမြို့နယ်၊ ကလော့သော့ကျေးရွာကျေးလက်ကျန်းမာရေး ဦးစီးမှူးရုံး၌ အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်များ ဘေးအန္တရာယ်ကင်းရှင်းရေး သိကောင်းစရာများ၊ စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုအကြောင်း သိကောင်းစရာများအား အသိပညာပေးဟောပြော ဆွေးနွေးခဲ့ပါသည်။

ဆွေးနွေးပွဲတွင် မွန်ပြည်နယ်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒေါ်ပန်းရိပ်အောင်၊ စားသုံးသူရေးရာဦးစီးဌာန၊ မော်လမြိုင်ခရိုင်ဦးစီးမှူး ဒေါ်ခင်နွဲ့မူဆွေဦးနှင့် မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ် ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူးဦးနေဇင်သက်တို့က ဆေးဝါးနှင့် အလှကုန်များ၏ ဘေးအန္တရာယ်များ၊ သုံးစွဲရန်မသင့်သည့် တားမြစ်ထားသည့်ဆေးဝါးများ၊ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာများ အကြောင်းတို့ကို အသေးစိတ်ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ကျေးလက်ပြည်သူများ၊ စတိုးဆိုင်ပိုင်ရှင်များ၊ ဆေးဆိုင်ပိုင်ရှင်များ၊ မြို့နယ်ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ခဲ့ကြပါသည်။ ထို့နောက် ပူးပေါင်းအဖွဲ့သည် ကျေးရွာအတွင်းရှိစတိုးဆိုင်များ၊ ဆေးဆိုင်များသို့ တားမြစ်ကုန်စည်များရောင်းချနေခြင်း ရှိ/မရှိ စိစစ်ခြင်း၊ ထပ်မံတားမြစ်ထားသည့် ဆေးဝါးများ၊ အလှကုန်များနှင့် အစားအသောက်များ၏ အမည်၊ အမှတ်တံဆိပ်တို့ပါသော ဓာတ်ပုံမှတ်တမ်း၊ လက်ကမ်းစာစောင်များ၊ စားသုံးသူ အကာအကွယ်ပေးရေး သိကောင်းစရာ လက်ကမ်းစာစောင်များ ဝေငှ၍ ဆွေးနွေးအသိပညာပေးခဲ့ကြပါသည်။

**နေဇင်(မွန်)**

## ပုလဲမြို့နယ်ရှိ အေးမြကြည်လင် ဆီစက်လုပ်ငန်းရှင်နှင့် တွေ့ဆုံ၍ ထုတ်ကုန်လုံခြုံ စိတ်ချရမှုဆိုင်ရာများအား ဆွေးနွေး

ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ခံဦးမင်းခန့်နှင့် တာဝန်ရှိသူများသည် အောက်တိုဘာလ ၁၀ ရက်က ပုလဲမြို့နယ်ရှိ အေးမြကြည်လင် ဆီစက် သို့သွားရောက်၍ ဆီစက်ပိုင်ရှင် ဦးသိန်းမောင်+ ဒေါ်ခင်ပုတို့နှင့် တွေ့ဆုံကာ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာများအား ဆွေးနွေးခဲ့သည်။

ယင်းသို့ဆွေးနွေးခဲ့ရာတွင် ဆီစက်ပိုင်ရှင်အနေဖြင့် လုပ်ငန်းလိုင်စင်၊ စည်ပင်လိုင်စင်များ လုပ်ဆောင်ထားခြင်း ရှိမရှိ မေးမြန်းခဲ့ပြီး ကုန်ကြမ်းများအား သိုလှောင်ရာတွင် စနစ်တကျနှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရန်၊ ထုတ်လုပ်ပြီးသည့် စားဆီများအား ရောင်းချရာတွင် ဆီသန့်နှင့်ရောဆီဟူ၍ မှန်ကန်စွာဖော်ပြပြီးမှ ရောင်းချသင့်ကြောင်း၊ စားသုံးသူများအပေါ် လိမ်လည်လှည့်ဖြား၍ ရောင်းချခြင်းမပြုစေရန်လို ကြောင်း၊ မိမိတို့ ထုတ်လုပ်သည့် ကုန်ကျစရိတ်နှင့်ကိုက်ညီသည့် ဈေးနှုန်းအတိုင်း ရောင်းချရန်၊ စားသုံးသူ၊ ထုတ်လုပ်သူများအနေဖြင့် နစ်နာမှုရှိပါက ခရိုင်စားသုံးသူရေးရာဦးစီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် CICC ရုံးတွင် အထောက်အထားများဖြင့် တိုင်ကြားနိုင်ကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**ခိုင်မို့မို့(မြင်းမူ)**

# ဂျပန်နိုင်ငံ၏ လယ်ယာထွက်ကုန်နှင့် စားသောက်ကုန်တင်သွင်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအကြောင်း တစေ့တစောင်း

| ကျော်စိန်ဝင်း (ပြည်တွင်း/ပြည်ပ) |

<u>ယခင်တစ်ပတ်မှအဆက်</u>

**ဓာတုဓာတ်ကြွင်းပါဝင်မှု စောင့်ကြည့်စစ်ဆေးခြင်း**

တင်သွင်းလာတဲ့ ကောက်ပဲသီးနှံများအတွက် ဓာတုဓာတ်ကြွင်းပါဝင်မှုစစ်ဆေးခြင်းကို MHLW Quarantine Office ကဆောင်ရွက်ပြီး ပြည်တွင်းထုတ်သီးနှံများနဲ့တင်သွင်းတဲ့သီးနှံနှစ်မျိုးလုံးအတွက် စစ်ဆေးခြင်းကိုတော့ ပြည်တွင်းအစိုးရဓါတ်ခွဲခန်းများက ဆောင်ရွက်ပါတယ်။ အဲဒီလိုစစ်ဆေးကြီးကြပ်ရတဲ့ရည်ရွယ်ချက်ကတော့ ဈေးကွက်အတွင်းမှာရှိတဲ့ ကောက်ပဲသီးနှံနဲ့မွေးမြူရေးထုတ်ကုန်များဟာ MRLs များနဲ့ အခြားအစားအစာဘေးကင်းလုံခြုံမှုလုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုရှိ/မရှိသေချာစေရန် ဖြစ်ပါတယ်။ MRLs လုပ်ထုံးလုပ်နည်းတွေနဲ့မကိုက်ညီတဲ့ ထုတ်ကုန်ကိုတော့ ဂျပန်နိုင်ငံတွင်းမှာ ရောင်းချခွင့်မပြုပါဘူး။ အစားအစာဘေးကင်းလုံခြုံမှုဥပဒေနဲ့ မကိုက်ညီတဲ့ကောက်ပဲသီးနှံများဟာ စွန့်ပစ်ခြင်း၊ ပြန်လည်တင်ပို့ခြင်း (သို့မဟုတ်) စားသောက်ကုန်အတွက် အသုံးပြုမှုမဟုတ်သောပုံစံသို့ပြောင်းလဲစေခြင်းစတဲ့ အရေးယူမှုတွေကိုရင်ဆိုင်ရမှာဖြစ်ပါတယ်။

**စိုက်ပျိုးရေးဓာတုပစ္စည်းများအတွက်** MRLs **များ ထူထောင်ဆောင်ရွက်ခြင်း**

သက်ဆိုင်ရာအဖွဲ့အစည်းများအနေနဲ့စိုက်ပျိုးရေးဓါတုပစ္စည်းများအတွက် MRLs များကို ထူထောင်နိုင်ရန်အတွက် MHLW ဝန်ကြီးဌာနသို့ လျှောက်လွှာတင်ပြလျှောက်ထားရမှာ ဖြစ်ပါတယ်။ လျှောက်လွှာများကို Extensive Review Process ဖြင့်ဆောင်ရွက်ပြီး အစားအစာဘေးကင်းလုံခြုံမှုကော်မရှင်ရဲ့အန္တရာယ်ရှိမှုအကဲဖြတ်ချက်လည်း အပါအဝင်ဖြစ်ပါတယ်။ လိုအပ်တဲ့စာရွက်စာတမ်း အချက်အလက်တွေကတော့ acute toxicity, sub-acute toxicity, chronic toxicity, carcinogenicity, reproductive toxicity, teratogenicity, mutagenicity, pharmacokinetic and general pharmacological parameters, animal metabolism, plant metabolism နှင့် residue data တို့ဖြစ်ကြပါတယ်။ MRLs establishment လျှောက်ထားခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်းများကို http:// www.mhlw. go.jp/english/topics/foodsafety/residue/index.html. မှာ အသေးစိတ် ဝင်ရောက်ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။

တစ်ခုသတိထားရမယ့်အချက်က လျှောက်လွှာရဲ့ executive summary ဟာ ဂျပန်ဘာသာစကားနဲ့ဖြစ်ရပါမယ်။ အခြားပူးတွဲပါရှိရမယ့် စာရွက်စာတမ်းများ၊ လေ့လာမှုအစီရင်ခံစာများကိုတော့ အင်္ဂလိပ်ဘာသာနဲ့ဖော်ပြနိုင်ပါတယ်။ တင်ပို့တဲ့နိုင်ငံမှာ စိုက်ပျိုးရေးဓါတုပစ္စည်းများအတွက် MRLs တွေကို ထူထောင်လို့မပြီးသေးရင်တောင်မှ Import Tolerance (IT) လျှောက်လွှာများကိုစတင် လက်ခံပေးမယ်လို့ MHLW ဝန်ကြီးဌာနက ၂၀၁၃ ခုနှစ်၊ မေလ ၁၄ ရက်မှာကြေညာခဲ့ပါတယ်။ အဆိုပါကြေညာချက် မထုတ်ပြန်မီက တင်ပို့နိုင်ငံမှာ MRLs များကို တရားဝင်ထူထောင်ပြီးမှသာ IT application ကို MHLW ဝန်ကြီးဌာနက ခွင့်ပြုပေးပါတယ်။

**အခြားမသန့်သော ပစ္စည်းများပါဝင်မှုနှင့် ချို့ဖောက်မှုကိုဖြစ်စေသော အကြောင်းရင်းများ**

ထုတ်လုပ်မှုလုပ်ငန်းစဉ်အတွင်း အန္တရာယ်ရှိသော အရာဝတ္ထုများ၊ မျိုးဗီဇများပါဝင်မှုကြောင့် မသန့်သောပစ္စည်းများပါဝင်မှု (သို့မဟုတ်) သဘာဝအလျောက်အန္တရာယ်ရှိပစ္စည်းများ ပါဝင်မှုဖြစ်စေခြင်းစသည်တို့ကို သံသယရှိပါက ဂျပန်နိုင်ငံမှ စစ်ဆေးရေးအရာရှိများဟာ အောက်ဖော်ပြပါအမယ်များကို ရှာဖွေစစ်ဆေးနိုင်ပါတယ်။

(က) မြေပဲ၊ မြေပဲထွက်ကုန်များ၊ အခွံမာသီးများနှင့် ၎င်းတို့ကို ဆင့်တက်ပြုပြင်ထားသော ထုတ်ကုန်များ၊ အခွံမာသီးများ၊ ဟင်းခတ်အမွှေးအကြိုင်များနှင့် အစေ့အဆန်ပါသော ထွက်ကုန်များတွင် မှိုဆိပ်ပါဝင်မှုအဆင့်

(ခ) အမဲသား၊ မြင်းသား၊ သဘာဝဒိန်ခဲစသည့် အပူပေးမထားသော အသားထွက်ကုန်များစသည်တို့တွင် အီးကိုလိုင်ပိုးပါဝင်မှု

(ဂ) အစိမ်းစားသည့် ယောက်သွားနှင့် ကဏန်းကွက်တို့တွင် Norovirus ပါဝင်မှု

(ဃ) အစိမ်းစားသည့်ယောက်သွားနှင့်ကဏန်းကွက်တို့တွင် အသဲရောင်ရောဂါ အေဗိုင်းရပ်စ်ပါဝင်မှု

(င) ငါးနှင့် ကဏန်းကွက်တို့တွင် ပြဒါးပါဝင်မှု

(စ) အမဲသား၊ ဝက်သား၊ ငါးနှင့် ကဏန်းကွက်တို့တွင် polychlorinated biphenyls (PCB) ပါဝင်မှု

(ဆ) အဆိပ်ရှိသောငါး

(ဇ) ကဏန်းကွက်အဆိပ်

(ဈ) ထောပတ်ပဲ၊ ပဲဖြူနှင့် စွန်တာနီပဲများတွင် ပြင်းထန်အဆိပ်ဓာတ်ငွေ့ပါဝင်မှု

(ည) ပေါင်းခံထားသည့် ယမကာနှင့်ဝိုင်များတွင် Methanol ပါဝင်မှု

(ဋ) ဆီထုတ်ယူခြင်းမှအပ ဝါစေ့များတွင် Gossypol ပါဝင်မှု

(ဌ) အစိမ်းစားသုံးရန်ရည်ရွယ်သည့် အသားများတွင် အစာအဆိပ်သင့်မှုဖြစ်စေနိုင်သော salmonella ပါဝင်မှု

(ဍ) သဘာဝဒိန်ခဲစသည့် အပူပေးမထားသော အသားထွက်ကုန်များတွင် ကူးစက်ရောဂါဖြစ်စေနိုင်သော listeria ဘက်တီးရီးယားပါဝင်မှု

(ဎ) ငုံး၊ ရစ်၊ ခါ စသည့်သတ္တဝါများ(Game Bird)တွင် Trichina ပါဝင်မှု

(ဏ) ဥရောပပင်ရင်းဒေသမှ စားသောက်ကုန်များတွင် ရေဒီယိုသတ္တိကြွပစ္စည်းပါဝင်မှု

(တ) ပျက်စီး၍ စားသုံးရန်မသင့်သည့် စားသောက်ကုန်များအားလုံး

**ဓာတ်ရောင်ခြည်ပေးခြင်း** (Irradiation)

Irradiation သည် အစာအဆိပ်သင့်မှုဖြစ်စေသောရောဂါပိုးမွှားများကို ဖယ်ရှားရှင်းလင်းရန်နှင့်အစားအစာအဆိပ်သင့်ခြင်းကို တားဆီးရန်အတွက် ဓာတ်ရောင်ခြည်ပေးခြင်းကို နိုင်ငံများစွာမှာ အသုံးပြုကြသော်လည်း ဂျပန်နိုင်ငံမှာ အာလူးမှအပကျန်ထုတ်ကုန်ပစ္စည်းများတွင် ခွင့်မပြုကြောင်း သိရပါတယ်။ အာလူးမှာလည်း ဓာတ်ရောင်ခြည်အသုံးပြုဖယ်ရှားခြင်းကို ခွင့်ပြုထားသော်လည်း အဲဒီလိုပြုလုပ်ထားကြောင်း တံဆိပ်ကပ်ဖော်ပြရမှာဖြစ်ပါတယ်။ ဓာတ်ရောင်ခြည်အသုံးပြုမှုအတွက် စစ်ဆေးတဲ့ကုန်စည်တွေကတော့ အသား၊ နို့ထွက်ပစ္စည်း၊ ပင်လယ်စာ၊ အခြားလယ်ယာထွက်ကုန်ပစ္စည်းများနှင့် ၎င်းတို့ကိုဆင့်တက်ပြုပြင်ထားသော ထုတ်ကုန်များဖြစ်ကြပါတယ်။

**ထုပ်ပိုးမှုနှင့်ကွန်တိန်နာဆိုင်ရာ လုပ်ထုံးလုပ်နည်းများ**

MHLW ဝန်ကြီးဌာနရဲ့အစားအစာကျန်းမာရေးနှင့်ညီညွတ်မှုဥပဒေ၊ ပုဒ်မ ၁၆ အရ အဆိပ်ဓာတ်ပါဝင်သော (သို့မဟုတ်) ရောဂါဖြစ်စေနိုင်သော ပစ္စည်းများပါဝင်တဲ့ထုပ်ပိုးမှုများ၊ ကွန်တိန်နာများနှင့် ကိရိယာတန်ဆာပလာများကို စီးပွားရေးလုပ်ငန်းတွင်အသုံးပြုရန် (သို့မဟုတ်) ရောင်းချရန်အတွက် တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းတို့ကိုခွင့်မပြုပါဘူး။ MHLW ဝန်ကြီးဌာနဟာ ဖန်၊ ကြွေ (သို့မဟုတ်) ရော်ဘာတို့ဖြင့်ပြုလုပ်ထားသောဘူးများ/အထုပ်များနှင့်သတ္တုဘူးနှင့် ကော်စေ့များစသည်တို့အတွက် သီးခြားသတ်မှတ်ချက်များကို ပြဋ္ဌာန်းထားပြီး အသေးစိတ်အချက်အလက်များကို http://www. jetro.go.jp/en/reports/ regulations မှာ ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ ပုဂ္ဂလိကလုပ်ငန်းများဟာ ပြန်လည် အသုံးပြုခြင်း (recycling) နှင့်ဆက်စပ်တဲ့ ကုန်ကျစရိတ်အားလုံးကို ပေးဆောင်ရန်လိုအပ်တယ်လို့သိရပါတယ်။ တင်သွင်းလာတဲ့ကုန်စည်အတွက် recycling cost ရဲ့တစ်စိတ်တစ်ပိုင်းကို သွင်းကုန်လုပ်ငန်းရှင်က ကျခံရမှာဖြစ်ပါတယ်။ တင်သွင်းလာတဲ့ကုန်စည်တွေအတွက် အသုံးပြုတဲ့ထုပ်ပိုးမှုနဲ့ ကွန်တိန်နာတွေအပေါ်မှာ သင့်လျော်မှန်ကန်တဲ့ recycling labels တပ်ပေးဖို့အတွက် သွင်းကုန်လုပ်ငန်းရှင်တွေမှာပဲ တာဝန်ရှိတာဖြစ်တယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဂျပန်နိုင်ငံကို ပို့ကုန်တွေတင်ပို့တဲ့အခါ recycling labels နဲ့ပတ်သက်လို့လည်း ပို့ကုန်လုပ်ငန်းရှင်တွေအနေနဲ့ သတိပြုထားရမှာ ဖြစ်ပါတယ်။

**တံဆိပ်ကပ်ခြင်းဆိုင်ရာ လိုအပ်ချက်များ**

ဂျပန်နိုင်ငံရဲ့ စားသောက်ကုန်တံဆိပ်ကပ်ခြင်းဥပဒေ (Food Labeling Law)ကို ၂၀၁၃ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တာဖြစ်ပါတယ်။ တင်သွင်းကုန်စည်များအပါအဝင် ကြိုတင်ထုပ်ပိုးထားပြီး ဆင့်တက်ပြုပြင်ထားတဲ့ စားသောက်ကုန်များအတွက် ဓာတ်မတည့်မှုဖော်ပြချက်များနှင့် အာဟာရဆိုင်ရာတံဆိပ်ကပ်ခြင်းများကို အဆိုပါဥပဒေမှပြဋ္ဌာန်းသတ်မှတ်ပေးပါတယ်။ တင်သွင်းသည့် စားသောက်ကုန်များအတွက် လက်လီထုပ်ပိုးမှုများအပေါ်တွင် တံဆိပ်ကပ်ခြင်းအတွက် အစားအစာတံဆိပ်ကပ်ခြင်းဥပဒေအရ လိုအပ်တဲ့သတင်းအချက်အလက်တွေကတော့ ထုတ်ကုန်အမည်၊ ပင်ရင်းနိုင်ငံ၊ တင်သွင်းသူ၏အမည်နှင့်လိပ်စာ၊ အလေးချိန်ရာခိုင်နှုန်း အများအနည်းစဉ်ထားသော ပါဝင်ပစ္စည်းများ (ဖြည့်စွက်ပစ္စည်းမှအပ)၊ ဖြည့်စွက်ပစ္စည်းများအား အလေးချိန်အများအနည်းစဉ်အလိုက် အခြားပါဝင်ပစ္စည်းများနှင့် ခွဲခြား၍ဖော်ပြချက်၊ မက်ထရစ်ယူနစ်ဖြင့်သာ ဖော်ပြထားသော စုစုပေါင်းအလေးချိန်၊ Best-before date နှင့် သိုလှောင်မှုဆိုင်ရာညွှန်ကြားချက်များ၊ မျိုးဗီဇပြောင်းလဲထားသည့်ပစ္စည်းများ ငါးရာခိုင်နှုန်းကျော်လွန်ပါဝင်သည့် ဇီဝနည်းပညာပစ္စည်းများအတွက်တံဆိပ်ကပ်ခြင်း၊ အော်ဂဲနစ်ထုတ်ကုန်များအတွက် Organic Labeling နှင့် တတိယအဖွဲ့အစည်းမှ သက်သေခံချက်တို့ဖြစ်ကြပါတယ်။ ဒီနေရာမှာသတိထားရမယ့်အချက်တစ်ချက်အနေနဲ့ဆင့်တက်ပြုပြင်ထားတဲ့ စားသောက်ကုန် ၅၆ မျိုးအတွက် သီးခြားအရည်အသွေးတံဆိပ်ကပ်ခြင်းဆိုင်ရာစံချိန်စံညွှန်းများထားရှိတာ ဖြစ်ပြီးတော့ အဆိုပါ စံချိန်စံညွှန်းများကို http://www.caa.go.jp/foods/pdf/150320_kijyun.pdf. မှာ ကြည့်ရှုနိုင်ပါတယ်။

ဓာတ်မတည့်မှုဖြစ်စေတဲ့ ဂျုံ၊ ပန်းဂျုံ၊ ဥ၊ နို့၊ မြေပဲ၊ ပုစွန်နှင့် ကဏန်းစသည်တို့အနက်မှ တစ်ခုခုပါဝင်တဲ့ အစားအစာဆိုရင် ဓာတ်မတည့်မှုဆိုင်ရာတံဆိပ်ကပ်ဖို့လိုအပ်မှာ ဖြစ်ပါတယ်။ ဒ့ါအပြင် ပင်လယ်ခရု၊ ငါးကွမ်းရှပ်၊ ကင်းမွန်၊ ဆော်လမွန်ငါး၊ ဆော်လမွန်ငါးအဆီ၊ နှမ်း၊ သစ်ကြားသီး၊ သီဟိုဠ်စေ့၊ ပဲပိစပ်၊ Matsutake မှို၊ လိမ္မော်သီး၊ ကီဝီသီး၊ မက်မွန်သီး၊ ဝဥ၊ ပန်းသီး၊ ငှက်ပျောသီး၊ အမဲသား၊ ကြက်သား၊ ဝက်သားနှင့် ကျွဲကောသီးစသည်တို့အနက်တစ်မျိုးမျိုးပါဝင်တဲ့ စားသောက်ကုန်ဆိုပါက ဓာတ်မတည့်မှုနဲ့ဆိုင်တဲ့ တံဆိပ်ကပ်ဖို့ လိုအပ်မှာဖြစ်ပြီး၊ အသေးစိတ်ကိုတော့ http:// www.caa.go.jp/foods/pdf/syokuhin13.pdf. မှာဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။ တံဆိပ်ကပ်ခြင်းအတွက် လိုအပ်တဲ့စာလုံးအရွယ်အစား (font size)ကတော့ font အားလုံးအတွက် အနိမ့်ဆုံး 8 point ရှိရမှာဖြစ်ပါတယ်။

**အာဟာရဓာတ်ပါဝင်မှု တံဆိပ်ကပ်ခြင်း**

လက်ရှိအချိန်မှာတော့ အာဟာရဓာတ်ပါဝင်မှုတံဆိပ်ကပ်ခြင်းဟာ ဂျပန်နိုင်ငံမှာ မဖြစ်မနေဆောင်ရွက်ဖို့မလိုအပ်ဘဲ ထုတ်လုပ်သူ၏သဘောအလျောက်သာဖြစ်ပြီး ၂၀၂၀ ခုနှစ်၊ မတ်လ ၃၁ ရက်မှစတင်ကာ မဖြစ်မနေတံဆိပ်ကပ်ပေးရမှာဖြစ်ပါတယ်။ အာဟာရပါဝင်မှု ကြေညာချက်အနေနဲ့ဆောင်ရွက်မယ်ဆိုရင်တော့ အခြေခံအာဟာရဆိုင်ရာအစိတ်အပိုင်း ငါးမျိုးဖြစ်တဲ့ ကယ်လိုရီ၊ ပရိုတင်း၊ အဆီ၊ သကြား (သို့) ကာဗိုဟိုက်ဒြိတ်၊ ဆားပါဝင်မှုပမာဏတို့ကို တံဆိပ်ကပ်ဖော်ပြရမှာဖြစ်ပါတယ်။

အဆိုပါ အခြေခံအာဟာရဆိုင်ရာ အစိတ်အပိုင်း ငါးမျိုးအပြင် ဗီတာမင်နဲ့သတ္တုဓာတ်ပါဝင်မှုတို့အတွက်ကိုလည်း ကုမ္ပဏီများအနေနဲ့ Voluntary Labeling ကိုဆောင်ရွက်နိုင်တယ်လို့ သိရပါတယ်။ ပရိုတင်း၊ အစားအစာအမျှင်ဓာတ်များ၊ သွပ်၊ ပိုတက်ဆီယမ်၊ ကယ်လ်ဆီယမ်၊ သံ၊ကြေးနီ၊ မဂ္ဂနီဆီယမ်၊ Niacin၊ Pantothenic acid၊ Biotin၊ ဗီတာမင် A၊ ဗီတာမင်B1၊ ဗီတာမင်B2၊ ဗီတာမင် B6၊ ဗီတာမင် B12၊ ဗီတာမင် C၊ ဗီတာမင် D၊ ဗီတာမင် E၊ ဗီတာမင် K နှင့် folic acid တို့အတွက် အာဟာရပါဝင်မှု ကြေညာချက်ဆောင်ရွက်မယ်ဆိုရင်တော့ Food Labeling Standard အရ သတ်မှတ်တဲ့ အနိမ့်ဆုံးပါဝင်မှုအဆင့် (minimum content level) နဲ့ ကိုက်ညီရမှာ ဖြစ်ပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**

# [illegible]

## ■ သန်းသန်းနိုင်

**ယခင်တစ်ပတ်မှအဆက်**

၂၂။ အင်ဒီယမ်နှင့် အင်ဒီယမ်ထုတ်ကုန်တင်ပို့ရန် လျှောက်ထားသူသည် အောက်ပါအချက်များနှင့် ပြည့်စုံရမည်-

(က) ထုတ်လုပ်သည့်လုပ်ငန်းကုမ္ပဏီ။ ၂၀၁၄ ခုနှစ်မှ ချပေးထားသော ကန့်သတ်တင်ပို့ကုန်တင်ပို့ခွင့်ရ ကုမ္ပဏီဖြစ်ရမည်။ အကယ်၍ ထိုတင်ပို့ခွင့်အသစ်လျှောက်ထားလိုပါက အောက်ပါအချက်များနှင့်ကိုက်ညီလျှင် ၂၀၁၅ ခုနှစ် အင်ဒီယမ်တင်ပို့ခွင့်ကိုတာကို လျှောက်ထားနိုင်သည်။

(၁) သက်ဆိုင်ရာဌာနမှ ထုတ်လုပ်ခွင့်ပြုထားသော ကဏ္ဍတွင်း ထုတ်လုပ်မှုစည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီရမည်။ သွင်းကုန်ပို့ကုန်လုပ်ငန်းလုပ်ကိုင်ခွင့်ရထားသော (သို့မဟုတ်) နိုင်ငံခြား ကုန်သွယ်မှုလုပ်ငန်းလုပ်ရန် မှတ်ပုံတင်ထားသော ဥပဒေအရ ကုမ္ပဏီပိုင်ဆိုင်သူမှ မှတ်ပုံတင်ထားသူ ဖြစ်ရမည်။

(၂) အသစ်လျှောက်ထားသော ကုမ္ပဏီအနေဖြင့် ၂၀၁၁-၂၀၁၃ ခုနှစ်၊ (၃)နှစ်အတွင်း ပျမ်းမျှထုတ်ကုန်မှာ ခဲ၊ သွပ်၊ ကြေး၊ ခဲမဖြူ၊ ခနောက်စိမ်း ထုတ်လုပ်သည့်ကုမ္ပဏီအနေဖြင့် ၁၂ တန်အထက် ထုတ်လုပ်နိုင်ရမည်။ ဓာတ်ပေါင်းသွပ်ထုတ်လုပ်သည့် ကုမ္ပဏီအနေဖြင့် ၁၈ တန်အထက် ထုတ်လုပ်နိုင်ရမည်။ အဟောင်းပြန်သိမ်းသော ကုမ္ပဏီအနေဖြင့် ၂၂ တန်ချိန်အထက် ထုတ်လုပ်နိုင်ရမည်။ ထုတ်လုပ်မှုအရေအတွက်အနေဖြင့် ဤကဏ္ဍမှ အသင်းအဖွဲ့က စစ်ဆေးအတည်ပြုသွားရမည်။

(၃) အင်ဒီယမ်ထုတ်လုပ်ရာတွင်လည်းကောင်း၊ လျှပ်စစ်ဓာတ်ခွဲမှုလုပ်ရာတွင်လည်းကောင်း ကုမ္ပဏီတစ်ခုတည်းတွင် လုပ်ရမည်။

(၄) ထုတ်ကုန်အရည်အချင်းပြည့်မီရမည်ဖြစ်သလို (ISO-9000) အရည်အသွေးအောင် လက်မှတ်၊ (ISO -14001) သဘာဝပတ်ဝန်းကျင်အောင်လက်မှတ်လည်း ရရှိထားရမည်။

(၅) စက်ရုံထွက်အမှုန်များ၊ ရေဆိုးများ၊ လေထုညစ်ညမ်းများ စသည်တို့ကို နိုင်ငံတော်မှချထားသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစံချိန်စံညွှန်းများနှင့် ကိုက်ညီရမည်။ သတ္တုကျိုရာတွင် ရေဆိုးစွန့်ပစ်မှု လုံးဝကင်းစင်ရမည်။ (SO2)၊ (AsH3) စသည်တို့ စွန့်ပစ်ရာတွင်လည်း နိုင်ငံတော်မှ သတ်မှတ်ထားသည့် ပထမအဆင့် စံချိန်နှင့် ညီညွတ်ရမည်။ သတ္တုကျိုရာတွင် စွန့်ပစ်ပစ္စည်းများကိုလည်း ဘက်စုံပြန်လည်သိမ်းယူရမည်။ စွန့်ပစ်ပစ္စည်းများ မရှိစေရ။ သတ္တုကျိုသည့် ကုမ္ပဏီအနေဖြင့် အင်ဒီယမ်ကျိုရာမှ ထွက်ရှိလာသော ရေဆိုး၊ စွန့်ပစ်ပစ္စည်းများကို တတိယလူအား လွှဲပြောင်းမှုလုံးဝမပြုရ။

(၆) စွန့်ပစ်သတ္တုတွင်းမှ ပြန်သိမ်းသော အင်ဒီယမ်ထုတ်ယူမှုမှာ အနည်းဆုံး ၈၀ ရာခိုင်နှုန်း ရှိရမည်။

(၇) ကုန်ထုတ်လုပ်သည့်နည်းပညာ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသည့် နည်းပညာ၊ စက်ပစ္စည်း၊ အဓိကကိရိယာများ၊ တိုင်းတာရေးပစ္စည်းများမှာ ၁၉၉၅ ခုနှစ်နောက်ပိုင်းထုတ် ပစ္စည်းဖြစ်ရမည်။

(၈) သတ္တုကျိုသည့် ကုမ္ပဏီမှဝယ်ယူသော သတ္တုကုန်ကြမ်းများကို သတ္တုတူးဖော်ခွင့်ရ ကုမ္ပဏီများမှ ဝယ်ယူရမည်။ နိုင်ငံခြားမှ တင်သွင်းပါက သတ်မှတ်ခွင့်ပြုမိန့်များ ပြီးပြည့်စုံရမည်။

(၉) စွန့်ပစ်ပစ္စည်းများကို ပြန်သိမ်းသော ကုမ္ပဏီအနေဖြင့် ကုန်ကြမ်းအတွက် ဥပဒေနှင့်ညီညွတ်စွာရရှိသည်ဆိုသော ထောက်ခံစာရှိရမည်။

(၁၀) လုပ်ငန်းကုမ္ပဏီမှထုတ်လုပ်သော ပစ္စည်းသည် နည်းပညာဝန်ကြီးဌာန၊ ကုန်သွယ်ရေးဝန်ကြီး ဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအကောက်ခွန်ဌာန၊ အကောက်ခွန်ဌာနများမှ ထုတ်ပြန်ထားသော (တရုတ်နိုင်ငံ အဆင့်မြင့်နည်းပညာထုတ်ကုန်စာရင်း) (သို့မဟုတ်) (တရုတ်နိုင်ငံ အဆင့်မြင့်နည်းပညာထုတ်ကုန် တင်ပို့ကုန်စာရင်း)တွင်ပါရှိသော ကုန်ပစ္စည်းဖြစ်ပါက ထိုသို့မဟုတ် သိပ္ပံနည်းပညာဝန်ကြီးဌာနမှ အတည်ပြုထားသော အဆင့်မြင့်နည်းပညာထုတ်ကုန်ပစ္စည်းဖြစ်ပါက အခြေအနေအရ အထက်ပါအပိုဒ်(၂)ကို ထိုက်သင့်သလို ဖြေလျှော့ပေးမည်။

(၁၁) နိုင်ငံတော်မှချမှတ်ထားသော ဥပဒေများနှင့် မိမိလုပ်ငန်းတည်ရှိရာဒေသမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်သည်။ ဝန်ထမ်းများအတွက်ပင်စင်၊ အလုပ်လက်မဲ့ထောက်ပံ့ကြေး၊ ဆေးကုသစရိတ်အာမခံ၊ အလုပ်တွင်း ထိခိုက်သေကြေမှုအာမခံ၊ မွေးဖွားစရိတ် စသည့် လူ့အဖွဲ့အစည်းတွင်း သတ်မှတ်အာမခံများကို လုံလောက်တိကျစွာ ဝယ်ယူထားရှိရမည်ဖြစ်သလို လူ့အဖွဲ့အစည်းအာမခံများလည်း ဝယ်ယူပေးရမည်ဖြစ်သည်။ ထို့အတွက် မြို့နယ် အဆင့်အလုပ်သမားရေးရာ ဦးစီးဌာနနှင့် လူမှုအဖွဲ့အစည်း အာမခံဦးစီးဌာနတို့မှ ထုတ်ပေးသည့် ထောက်ခံစာပါရှိရမည်။

(၁၂) ၂၀၁၁-၂၀၁၃ ခုနှစ်အတွင်း နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဥပဒေငြိစွန်းနေသူမဖြစ်ရ။

(ခ) ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်းရှင်။

(၁) သွင်းကုန်ပို့ကုန်လုပ်ငန်း လုပ်ကိုင်ခွင့်ရထားသော (သို့မဟုတ်) နိုင်ငံခြား ကုန်သွယ်မှုလုပ်ငန်းလုပ်ရန် မှတ်ပုံတင်ထားသော၊ ဥပဒေအရကုမ္ပဏီပိုင်ဆိုင်သူမှာ (၅)နှစ်အထက် မှတ်ပုံတင်ထားသူဖြစ်ရမည်။

(၂) ကုမ္ပဏီမတည်ငွေမှာ ယွမ်သိန်း ၇၀၀ အထက်တွင် ရှိရမည်။

(၃) ပို့ကုန်တင်ပို့ခွင့်ရရှိထားသော ၂၀၁၁-၂၀၁၃ ခုနှစ်တွင် အင်ဒီယမ်တင်ပို့ထားသော (ကုမ္ပဏီများ၏ တင်ပို့မှုကို အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပြန်သည့်စာရင်းဖြင့်အတည်ပြုမည်။) သူဖြစ်ရမည်။ ၂၀၁၄ ခုနှစ်တွင် တင်ပို့ခွင့် ကိုတာ စရသောကုမ္ပဏီအသစ်မပါ။

(၄) အင်ဒီယမ်ဝယ်ယူရာတွင် တင်ပို့ခွင့်ရကုမ္ပဏီမှ ထုတ်လုပ်သော ကုန်ပစ္စည်းကိုသာ ဝယ်ယူရမည်။

(၅) (ISO-9000) အရည်အသွေးအောင် လက်မှတ်လည်း ရရှိထားရမည်။

(၆) နိုင်ငံတော်မှချမှတ်ထားသော ဥပဒေများနှင့် မိမိလုပ်ငန်းတည်ရှိရာဒေသမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်သလို၊ ဝန်ထမ်းများအတွက် ပင်စင်၊ အလုပ်လက်မဲ့ထောက်ပံ့ကြေး၊ ဆေးကုသစရိတ်အာမခံ၊ အလုပ်တွင်း ထိခိုက်သေကြေမှုအာမခံ၊ မွေးဖွားစရိတ် စသည့် လူ့အဖွဲ့အစည်းတွင်း သတ်မှတ်အာမခံများကို လုံလောက်တိကျစွာ ဝယ်ယူထားရှိရမည်ဖြစ်သလို လူ့အဖွဲ့အစည်းအာမခံများလည်း ဝယ်ယူပေးရမည်ဖြစ်သည်။ ထို့အတွက် မြို့နယ်အဆင့် အလုပ်သမားရေးရာ ဦးစီးဌာနနှင့် လူမှုအဖွဲ့အစည်းအာမခံဦးစီးဌာနတို့မှ ထုတ်ပေးသည့် ထောက်ခံစာပါရှိရမည်။

(၇) ၂၀၁၁-၂၀၁၃ ခုနှစ်အတွင်း နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဥပဒေငြိစွန်းနေသူမဖြစ်ရ။

(၈) ထုတ်လုပ်မှုလုပ်ငန်းကိုလည်း လုပ်ကိုင်သော ရောင်းဝယ်ဖောက်ကားသည့် ကုမ္ပဏီကို ထုတ်လုပ်မှုလုပ်သည့် ကုမ္ပဏီ၏ စံချိန်စံညွှန်းနှင့်အညီ လုပ်ကိုင်ခွင့်ရှိသည်။

၂၃။ မီးစုန်းသတ္တုတင်ပို့ရန် လျှောက်ထားသူအနေဖြင့် အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

(က) ထုတ်လုပ်သည့်လုပ်ငန်းကုမ္ပဏီ

(၁) နိုင်ငံတော်မှသတ်မှတ်ထားသော သတ်မှတ်ချက်နှင့်အညီ စက်မှုကုန်သွယ်ရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော၊ နိုင်ငံခြား ကုန်သွယ်မှုလုပ်ငန်းလုပ်ရန် မှတ်ပုံတင်ထားသော (သို့မဟုတ်) သွင်းကုန်ပို့ကုန်လုပ်ငန်း လုပ်ကိုင်ခွင့်ရထားသော၊ နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံထားသည့် ကုမ္ပဏီအနေဖြင့် ဤလုပ်ငန်းကို လုပ်ကိုင်ခွင့်နှင့် တင်ပို့ခွင့်ရထားသော ဥပဒေအရ ကုမ္ပဏီပိုင်ဆိုင်သူမှာ မှတ်ပုံတင်ထားသူဖြစ်ရမည်။

(၂) ၂၀၁၁-၂၀၁၃ ခုနှစ်အတွင်း တင်ပို့ထားသော ကုမ္ပဏီ (တင်ပို့ရန် ကုန်မှာခြင်းအတွက် ကုန်ရောင်းချပေးခြင်းလည်း ပါဝင်သည်)ဖြစ်ရမည်။

(၃) မီးစုန်းသတ္တုတူးဖော်လုပ်ကိုင်ခွင့် (အလယ်အလတ်စွန့်ပစ်မီးစုန်းပစ္စည်းကို ဘက်စုံပြန်သိမ်းခြင်း၊ အဓိက သတ္တုတူးဖော်ခွင့်၊ ဘူမိဗေဒလေ့လာရေးအစီရင်ခံစာ၊ သတ္တုသိုက်ပမာဏ အစီရင်ခံစာတို့ ရှိရမည်။)၊ ထုတ်လုပ်မှုလုပ်ငန်းတွင်း အန္တရာယ်ကင်းရှင်းကြောင်းထောက်ခံချက်၊ သတ္တုလုပ်ငန်းလုပ်ကိုင်ခွင့် (သို့မဟုတ်) အန္တရာယ်ကင်းရှင်းမှု ထောက်ခံချက်များရှိရမည်။

(၄) ထုတ်လုပ်မှုလုပ်ငန်းပမာဏနှင့် ကိုက်ညီသော ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများရှိရမည် ဖြစ်သလို၊ စွန့်ပစ်ပစ္စည်းများမှာလည်း နိုင်ငံတော် (သို့မဟုတ်)ဒေသတွင်း စွန့်ပစ်ပစ္စည်း သတ်မှတ်ချက် စံချိန်စံညွှန်းရှိရမည်။ ထို့အတူ ဒေသတွင်းရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ထုတ်ပေးသော ထိုနှစ်အတွက် စွန့်ပစ်ပစ္စည်း စွန့်ပစ်ခွင့်လိုင်စင်နှင့် သဘာဝပတ်ဝန်းကျင်အခြေအနေ စစ်ဆေးချက် အစီရင်ခံစာလည်း ရှိရမည်။

(၅) နိုင်ငံတော်မှချမှတ်ထားသော ဥပဒေများနှင့် မိမိလုပ်ငန်းတည်ရှိရာဒေသမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်သလို၊ ဝန်ထမ်းများအတွက်ပင်စင်၊ အလုပ်လက်မဲ့ ထောက်ပံ့ကြေး၊ ဆေးကုသစရိတ်အာမခံ၊ အလုပ်တွင်း ထိခိုက်သေကြေမှုအာမခံ၊ မွေးဖွားစရိတ် စသည့် လူ့အဖွဲ့အစည်းတွင်း သတ်မှတ်အာမခံများကို လုံလောက်တိကျစွာ ဝယ်ယူထားရှိရမည် ဖြစ်သလို လူ့အဖွဲ့အစည်းအာမခံများလည်း ဝယ်ယူပေးရမည် ဖြစ်သည်။

(၆) နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဥပဒေငြိစွန်းနေသူ မဖြစ်ရ။

(ခ) ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်းရှင်။

(၁) နိုင်ငံတော်မှသတ်မှတ်ထားသော သတ်မှတ်ချက်နှင့်အညီ စက်မှုကုန်သွယ်ရေးဦးစီးဌာတွင် မှတ်ပုံတင်ထားသော၊ နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းလုပ်ရန် မှတ်ပုံတင်ထားသော (သို့မဟုတ်) သွင်းကုန်ပို့ကုန်လုပ်ငန်း လုပ်ကိုင်ခွင့်ရထားသော၊ နိုင်ငံခြားမှရင်းနှီးမြှုပ်နှံထားသည့် ကုမ္ပဏီအနေဖြင့် ဤလုပ်ငန်းကို လုပ်ကိုင်ခွင့်နှင့် တင်ပို့ခွင့်ရထားသော ဥပဒေအရ ကုမ္ပဏီပိုင်ဆိုင်သူမှာ မှတ်ပုံတင်ထားသူဖြစ်ရမည်။

(၂) ၂၀၁၁-၂၀၁၃ ခုနှစ်အတွင်း တင်ပို့မှုလုပ်ထားသော ကုမ္ပဏီဖြစ်ရမည်။

(၃) ၂၀၁၁ ခုနှစ် ဇန်နဝါရီလ(၁)ရက်နေ့မှစ၍ ကုမ္ပဏီအနေဖြင့် ဤဥပဒေအပိုဒ် ၁၊ ၃၊ ၄၊ ၅၊ ၆ ပါ အချက်များနှင့်ကိုက်ညီသည့် ကုမ္ပဏီမှ မီးစုန်းသတ္တုဝယ်ယူရမည်။

(၄) နိုင်ငံတော်မှချမှတ်ထားသော ဥပဒေများနှင့် မိမိလုပ်ငန်းတည်ရှိရာဒေသမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်သလို၊ ဝန်ထမ်းများအတွက်ပင်စင်၊ အလုပ်လက်မဲ့ထာက်ပံ့ကြေး၊ ဆေးကုသစရိတ်အာမခံ၊ အလုပ်တွင်း ထိခိုက်သေကြေမှုအာမခံ၊ မွေးဖွားစရိတ် စသည့် လူ့အဖွဲ့အစည်းတွင်း သတ်မှတ်အာမခံများကို လုံလောက်တိကျစွာ ဝယ်ယူထားရှိရမည်ဖြစ်သလို၊ လူ့အဖွဲ့အစည်း အာမခံများလည်း ဝယ်ယူပေးရမည်ဖြစ်သည်။

(၅) သုံးနှစ်အတွင်း နိုင်ငံတော်မှထုတ်ပြန်ထားသော ဥပဒေငြိစွန်းနေသူ မဖြစ်ရ။

**ဆက်လက်ဖော်ပြပါမည်။**

# ဂျပန်နိုင်ငံသို့ တင်ပို့ရာတွင် ပို့ကုန်များ၏ အရည်အသွေးနှင့် စံချိန်စံညွှန်းဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ နည်းပညာဆိုင်ရာ လိုအပ်ချက်များ

ဂျပန်နိုင်ငံသို့ တင်ပို့ရာတွင် ပို့ကုန်များ၏ အရည်အသွေးနှင့် စံချိန်စံညွှန်းဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ နည်းပညာဆိုင်ရာ လိုအပ်ချက်များအား မြန်မာသံရုံး၊ ဂျပန်နိုင်ငံမှ Soft Copy ပေးပို့လာပါသည်။

၎င်းတို့ပေးပို့လာသော အချက်အလက်များအရ ဂျပန်နိုင်ငံ၏ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ဆေးဝါးနှင့် အစားအသောက်လုံခြုံစိတ်ချမှု အစားအသောက်လုံခြုံစိတ်ချမှုဌာနခွဲမှ ထုတ်ပြန်ထားသောအချက်အလက်များအရ အစားအစာများအတွက် ဓာတုဓာတ်ကြွင်းပါဝင်မှုပုံစံနှင့် ပါဝင်ရမည့်စံညွှန်းများဖြစ်သော ဓာတုဗေဒ(ဆေးပညာရပ်)ဆိုင်ရာ အသုံးပြုမှုများနှင့် ထားသိုမှုပုံစံများအဖြစ် အကဲဖြတ်မှုပုံစံစာရွက်များကို ဖော်ပြရမည်ဖြစ်ပြီး ၎င်းသတ်မှတ်ချက်ပုံစံအရ လိုအပ်သောကြိုတင်ပြင်ဆင်မှုများကို အသေးစိတ် ရေးသားဖော်ပြထားပြီး စံသတ်မှတ်မှုဆန်းစစ်ချက်များကို ဂျပန်နိုင်ငံမှသာ ဖြစ်သင့်သည်ဟု သိရှိရပါသည်။

ဂျပန်နိုင်ငံအစားအသောက်လုံခြုံစိတ်ချမှုအတွက် တင်ပို့နိုင်ငံများမှ ဂျပန်နိုင်ငံအတွင်းသို့ တင်သွင်းဖြန့်ဖြူးသည်မှ စားသုံးသည်အထိလုပ်ငန်းစဉ်များကို ပုံကြမ်းဆွဲ၍ ရေးသားကြောင်း၊ ဖော်ပြပါပုံအရ တင်ပို့နိုင်ငံများ၏ထုတ်လုပ်မှုဆိုင်ရာစီမံခန့်ခွဲမှုနည်းလမ်းများ၊ တင်ပို့နိုင်ငံမှအကြိုစစ်ဆေးခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ကုန်တင်သွင်းလာမှုအကြောင်းကြားစာအား လက်ခံရရှိမှုနှင့် ခြုံငုံစစ်ဆေးခြင်း၊ On site စစ်ဆေးခြင်း၊ လိုအပ်ပါက ဓာတ်ခွဲခန်းတင်စစ်ဆေးခြင်း၊ ကင်းရှင်းကြောင်း အတည်ပြုပြီးမှသာဂျပန်နိုင်ငံအတွင်းသို့ သယ်ဆောင်ခွင့်ပြုမည်ဟု သိရှိရပါသည်။

ဂျပန်နိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှုကို မြှင့်တင်ရန်နှင့် လုံခြုံစိတ်ချရမှုကို ကာကွယ်ရန်အလို့ငှာ တင်ပို့/ တင်သွင်းသည့် သစ်ပင်ပန်းပင်များနှင့် ပြည်တွင်း၌ ထိန်းချုပ်ထားရှိသော သစ်ပင်ပန်းပင်များနှင့် တိရစ္ဆာန်များအား ထိခိုက်ပျက်သုန်းမှုကို စစ်ဆေးမှုများပြုလုပ်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအပါအဝင် အာရှ၊ ဥရောပ၊ အာဖရိက၊ အမေရိကန် စသည့်ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအရပ်ရပ်မှ သစ်ပင်ပန်းပင်များတင်သွင်းမှုကို ကန့်သတ်ထားရှိသော ရုက္ခဗေဒမျိုးစိတ်အမည်များကို ရေးသားဖော်ပြချက်များဖြစ်သော ၁၉၅၀ အပင်မျိုးနွယ်ကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေကို ပြန်လည်ပြင်ဆင်ထားသည့် အချက်အလက်များကိုလည်း ထုတ်ပြန်ထားပါကြောင်း ဖော်ပြပါရှိပါသည်။

ဂျပန်နိုင်ငံ၏ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၇ ဘဏ္ဍာနှစ်အတွက် အစားအစာသွင်းကုန် ထိန်းချုပ်ခြင်းနှင့် လမ်းညွှန်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုစီမံချက်ကို ရေးဆွဲခဲ့ပြီး Food Sanitation Act (Act No. 233 of 1947) ၏ နောက်ဆက်တွဲ (၁)၊ စာပိုဒ်(၁) အောက်တွင် အခန်း(၂၃)ဖြင့် ပြဋ္ဌာန်းဖော်ပြထားပါသည်။ ဖော်ပြပါအခန်း၏ စာပိုဒ် (၃) အရ အစိုးရ၏ တရားဝင်ကြေညာထုတ်ဝေခဲ့သည့် ပြန်တမ်းတွင်တင်သွင်းလာသည့် အစားအစာများကို လမ်းညွှန်ထိန်းချုပ်ခြင်း၊ အရောင်၊ အနံ့၊ အရသာတို့ကို တာရှည်ခံအောင်ထည့်သည့်အရာများ၊ ပစ္စည်းကိရိယာများ၊ Containers ထုပ်ပိုးခြင်းနှင့် ကစားစရာအရုပ်များ ပါဝင်ပါသည်။ အဆိုပါစီမံချက်တွင် စားသောက်ကုန်များ အန္တရာယ်ကင်းရှင်းစေရေးအတွက် ၂၀၁၇ ဘဏ္ဍာနှစ်တွင် ဂျပန်နိုင်ငံ၏ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် စုံစမ်းစစ်ဆေးခြင်း အစီအမံများအား ၂၀၁၆ ဘဏ္ဍာနှစ်နှင့် မတူညီအောင် အဆင့်မြှင့်တင်မည်ဖြစ်ကြောင်း ပါဝင်ပါသည်။ ရည်ရွယ်ချက်မှာ တင်သွင်းစားသောက်ကုန်များ၏ ဘေးကင်းလုံခြုံမှုများအတွက် တင်သွင်းလာသည့် စားသောက်ကုန်များအပေါ် ပြင်းထန်ထိရောက်၍ အကျိုးဖြစ်ထွန်းစေမည့် စောင့်ကြည့်စစ်ဆေးမှုများနှင့် လမ်းညွှန်ဆောင်ရွက်မှုများကို မြှင့်တင်ရန်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်ချက်များမှာ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်အထိ ဖြစ်ပါသည်။ အထူးသဖြင့် ရောဂါဖြစ်ပွားစေသော ဇီဝပိုးမွှားများအားစောင့်ကြပ်စစ်ဆေးခြင်းများကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး ယခင်နှစ်များတွင် ဆောင်ရွက်ခဲ့သည့် စုံစမ်းစစ်ဆေးခြင်းများမှရရှိသော အချက်အလက်များနှင့် ရလဒ်များကိုထည့်သွင်းစဉ်းစား၍ စုံစမ်းစစ်ဆေးမှုလုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်မည်ဖြစ်ပါသည်။ တစ်ဆက်တည်းမှာပင် စားသောက်ကုန်တင်ပို့သောနိုင်ငံများ၏ ထုတ်လုပ်သူများ၊ ကုန်ထုတ်လုပ်သူများအပါအဝင် အစိုးရများကြားတွင် စားသောက်ကုန်ကျန်းမာရေးစည်းမျဉ်း၊ စည်းကမ်းများအား ပိုမိုနားလည်နိုင်စေရန် Briefing Sessions များအား ကျင်းပပေးမည်ဖြစ်ပါသည်။ ထို့အပြင် HACCP(Hazard Analysis and Critical Control Point) အား အခြေခံ၍ ကုန်တင်ပို့သောနိုင်ငံများမှ ကုန်ထုတ်လုပ်သူများနှင့် အစိုးရများအကြားတွင် အစားအစာ သန့်ရှင်းမှုထိန်းချုပ်ရေးလုပ်ငန်းစဉ်များကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သိရှိရပါသည်။

ဂျပန်နိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ် အစားအစာတင်သွင်းလိုသူများအတွက် ဂျပန်နိုင်ငံ၏ အစားအစာ တင်သွင်းရောင်းချရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းအချက်အလက်များတွင် အစားအသောက်များတင်ပို့ရာတွင် လမ်းညွှန်မှုအနေဖြင့် ဂျပန်နိုင်ငံသို့တင်သွင်းမည့် တင်သွင်းသူများအနေဖြင့် ချမှတ်ထားသောအစားအသောက်စိတ်ချ လုံခြုံရေး ဥပဒေအောက်ရှိ စည်းမျဉ်းစည်းကမ်းများကို လိုက်နာသင့်ကြောင်း၊ ကျန်းမာရေးကိစ္စရပ်များ စိတ်ချလုံခြုံမှုရှိစေရန် ရည်ရွယ်ထားပါကြောင်း၊ Food Sunitation ဥပဒေအရ အောက်ပါအချက်များကို ဖော်ပြထားပါသည်။

(က) ဂျပန်နိုင်ငံသို့ရောင်းချရန် ကုန်ပစ္စည်းတင်ပို့သည့်အခါတင်ပို့သူမှ Quarantine Station သို့သွင်းကုန်ဆိုင်ရာ အမိန့်ကြေညာချက်ကို ပြုလုပ်ရမည်ဖြစ်ကြောင်း

(ခ) သွင်းကုန်ဆိုင်ရာ အမိန့်ထုတ်ပြန်ချက်မရှိဘဲ Third Party ကို ရောင်းချခြင်း (သို့)စားသုံးရန် သုံးစွဲခြင်းများရှိပါက တားမြစ်ရမည်ဖြစ်ကြောင်း၊

(ဂ) သွင်းကုန်ဆိုင်ရာ အကြောင်းကြားစာ လိုအပ်သော အစားအသောက်အမည်များအနေဖြင့် Food Sunitation ဥပဒေ၏ အပိုဒ် ၂၇ ပါ ဖော်ပြချက်အရ တင်သွင်းသူအနေဖြင့် တင်သွင်းမည့် ကုန်ပစ္စည်းကို ဈေးကွက်အတွင်းချပြနိုင်ရန်အတွက် ကျန်းမာရေး၊ အလုပ်သမားရေးရာဝန်ကြီးဌာန၏ အမိန့်ပြန်တမ်းနှင့် ကိုက်ညီသော အမိန့်ကြော်ငြာစာကို ပြုလုပ်ပေးရမည်ဖြစ်ကြောင်း၊

(ဃ) သွင်းကုန်ဆိုင်ရာ ကြေညာချက် (Import Notification) မလိုအပ်သော အစားအသောက်အမည်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) တစ်ကိုယ်ရည်သုံးအတွက် စားသောက်ကုန်များ (မှတ်ချက် - သုံးစွဲသူထံပြည်ပမှ (သို့) နိုင်ငံခြားသားတစ်ဦးဦးမှ တစ်ကိုယ်ရည်အသုံးအတွက်ပေးသော လက်ဆောင်များကိုသာ ကန့်သတ်ထားသည်။)

(၂) သုတေသနစမ်းသပ်မှုများ ပြုလုပ်မည့် အစားအသောက်နမူနာများ

(၃) အိမ်တွင်းသုံး (In-house) ကုန်ပစ္စည်းများ

(၄) Online မှတစ်ဆင့် မှာယူရသော ကုန်ပစ္စည်းများ

(၅) ပေါင်ချိန် 10 kg နှင့် အောက်ရှိသော စားသောက်ကုန်စည်များ

(၆) အစားအသောက်အတွက် ကုန်ကြမ်းပစ္စည်းများ

(င) အမိန့်ကြော်ငြာစာအတွက် လုပ်ငန်းစဉ်များအနေဖြင့် ကုန်ပစ္စည်းများရောက်ရှိပြီးနောက် တင်သွင်းသူမှပြဋ္ဌာန်းထားသောပုံစံ အစားအသောက်များအတွက် လိုအပ်သောအချက်အလက်များပါဝင်သော သွင်းကုန်ဆိုင်ရာအမိန့် ကြေညာစာကို အကောက်ခွန်ရှင်းလင်းရန်အတွက် Quarantine Station သို့တင်ပြရမည်ဖြစ်ပြီး အမိန့်ကြေညာစာ ပြုလုပ်ရန်အတွက် လိုအပ်သော အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) တင်သွင်း စားသောက်ကုန်များအတွက် အမိန့်ကြော်ငြာစာ မိတ္တူနှစ်စောင် ဖြည့်စွက်ရမည့်ပုံစံနှင့် လိုအပ်ချက်များကို http://www.mhlw.go.jp/english/topics/importedfoods/1-3.html တွင် ဖော်ပြထားပါကြောင်း၊

(ခ) လိုအပ်သောအချက်အလက်များအတွက် ကုန်စည်အမည်၊ ပင်ရင်းနိုင်ငံနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များလိုအပ်ကြောင်း၊

(ဂ) လိုအပ်ပါက စားသောက်ကုန်စည်အကြို စစ်ဆေးတွေ့ရှိသော result ကိုပါဖော်ပြရမည်ဖြစ်ကြောင်း။

**ဘုန်းမြင့်နိုင် (DOT)**

# ဟောင်ကောင်၌ လာမည့်ငါးနှစ်အတွင်း ဘွဲ့ရရှိမည့် ဆရာဝန် ၂၀၀၀ ခန့်အား အစိုးရဆေးရုံများတွင် ခေါ်ယူခန့်ထားသွားမည်

ဟောင်ကောင်အတွင်း အခြေခံကျန်းမာရေး စောင့်ရှောက်မှု မြှင့်တင်ရေး ကနဦးစီမံချက်အား Kwai Tsing နယ်မြေမှ စတင်သွားမည်ဖြစ်သည့်အတွက် လာမည့်ငါးနှစ်အတွင်း ဘွဲ့ရရှိမည့် ဆရာဝန်ပေါင်း ၂၀၀၀ ခန့်အား အစိုးရဆေးရုံများတွင် ခေါ်ယူခန့်ထားသွားမည်ဖြစ်ကြောင်းနှင့် ဝန်ထမ်းအင်အား မလုံလောက်မှုကို ဖြေရှင်းရန် ခေါ်ယူခန့်ထားရခြင်းဖြစ်ကြောင်း အစားအစာနှင့်ကျန်းမာရေးဌာန အတွင်းဝန်က ပြောကြားခဲ့သည်။

လုပ်ခလစာအနေဖြင့် သက်ကြီးရွယ်အို စောင့်ရှောက်ရေးဌာနများတွင် ရှေ့တန်းမှ တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအတွက် တစ်လလျှင် ဟောင်ကောင်ဒေါ်လာ ၁၆၀၀၀ နှင့် အလယ်အလတ် အဆင့်ဝန်ထမ်းအတွက်ဟောင်ကောင်ဒေါ်လာ ၁၈၈၀၀ နှုန်းတို့ဖြင့် အဆင့်နှစ်မျိုးခန့်ထားမည်ဖြစ်ကြောင်း အလုပ်သမားနှင့် လူမှုဖူလုံရေးအတွင်းဝန်က ပြောကြားခဲ့သည်။ အစိုးရအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိဝန်ဆောင်မှုအစီအစဉ်အား ပြန်လည်သုံးသပ်သွားမည်ဖြစ်ပြီး လုပ်ငန်း ကော်မတီတစ်ခုအား တည်ထောင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ကနဦးစီမံချက်၏ ရလဒ်အပေါ်မူတည်၍ အခြားမြို့နယ်များတွင်လည်း အလားတူ ကျန်းမာရေးစောင့်ရှောက်မှုစင်တာများအား ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်သည်။ ဆေးဘက်နှင့် အရပ်ဘက် ပူးပေါင်းဆောင်ရွက်ရန် သက်ကြီးရွယ်အိုများအား ပြုစုစောင့်ရှောက်လျက်ရှိသည့် နိုင်ငံခြား အိမ်အကူ ၃၆၀၀၀၀ မှ အများစုအား လာမည့်နှစ် ပထမနှင့် ဒုတိယသုံးလပတ်အတွင်း စတင်သင်တန်းပို့ချသွားမည့်အစီအစဉ်တစ်ခုကို စတင်သွားမည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အတွက် နိုင်ငံသားများ၏ စားသုံးမှုအဆင့်အတန်းကို မြှင့်တင်ပေးရမည်ဟု တရုတ်နိုင်ငံ သမ္မတ ရှီကျင့်ပင်ပြောကြား

တရုတ်နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံ၏စားသုံးမှုပုံစံကို မြှင့်တင်ပေးရမည်ဟု (၁၉)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ၏အမျိုးသားကွန်ဂရက်ညီလာခံတွင် တရုတ်နိုင်ငံသမ္မတ ရှီကျင့်ပင်က ထည့်သွင်းဖော်ပြခဲ့ခြင်း ဖြစ်သည်။

"နိုင်ငံရဲ့ စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ပြည်သူတွေရဲ့ စားသုံးမှု အရှိန်အဟုန်ကို မြှင့်တင်ပေးဖို့နဲ့ စားသုံးသူတွေကို ပိုမို လှုံ့ဆော်ပေးဖို့အတွက် နည်းလမ်းတွေ၊ နည်းစနစ်တွေကို ပိုမိုတိုးတက်အောင် လုပ်ဆောင်ကြရပါမယ်။ ရင်းနှီးမြှုပ်နှံမှုနဲ့ ဘဏ္ဍာရေးစနစ် ပြုပြင်ပြောင်းလဲမှုတွေဟာ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် အရေးပါတဲ့ကဏ္ဍမှာ ပါဝင်နေပါတယ်"ဟု ရှီက ထပ်မံ ပြောကြားခဲ့သည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားကုန်သွယ်မှုသည် တရုတ်နိုင်ငံ၏စီးပွားရေးတိုးတက်မှုအတွက် မောင်းနှင်အားတစ်ရပ်ပင်ဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပုံစံအသစ်ဖြင့် ဝင်ရောက်ခဲ့ပြီး စီးပွားရေးကဏ္ဍတွင် မျှခြေတစ်ရပ်သို့ ရောက်ရှိစေရန်အတွက် ပြည်သူများ၏စားသုံးမှုပုံစံကို မြှင့်တင်ပေးရန် ကြိုးစားလျှက်ရှိသည်။



၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ် အထိ ကောက်ယူရရှိခဲ့သည့် စားသုံးသူ စစ်တမ်းအရ စားသုံးသူများ၏ ဝယ်ယူသုံးစွဲမှုသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို၅၅ ရာခိုင်နှုန်းအထိ အထောက်အကူ ဖြစ်စေခဲ့သည်။

၂၀၁၇ ခုနှစ် ပထမနှစ်ဝက်ကာလတွင် စားသုံးသူများ၏ သုံးစွဲမှုသည် ၆၃ ဒသမ ၄ ရာခိုင်နှုန်းသို့ မြင့်တက်လာစေခဲ့ကြောင်း တရားဝင်ထုတ်ပြန်ခဲ့သည့် စားသုံးသူသုံးစွဲမှုဆိုင်ရာ အညွှန်းကိန်းများအရ သိရသည်။

ဆန်းသစ်တီထွင်မှုများသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိက မောင်းနှင်အားတစ်ရပ်ပင် ဖြစ်ပြီး ခေတ်မီစီးပွားရေး အဆောက်အအုံများကို တည်ဆောက်ရာတွင်လည်း မဟာဗျူဟာကျပြီး ကျောထောက်နောက်ခံပြုသည့်အရာလည်းဖြစ်ကြောင်း ရှီက ထပ်မံပြောကြားခဲ့သည်။

"ကျွန်တော်တို့ဟာ သုတေသနပြုလုပ်တာတွေကို အသုံးချသိပ္ပံမှာ အခြေခံနမူနာထားပြီး လုပ်ဆောင်ပါတယ်။ အမျိုးသားသိပ္ပံပညာရပ်နဲ့ နည်းပညာစီမံကိန်းတွေကို အဓိကထားပြီး ဆောင်ရွက်ပါတယ်။ ဆန်းသစ်တီထွင်မှုတွေမှာ အဓိကဦးစားပေးထားတဲ့အရာက သာမန်နည်းပညာနဲ့ ခေတ်မီဆန်းသစ်တဲ့နည်းပညာတွေပါ။ ခေတ်သစ်အင်ဂျင်နီယာဆိုင်ရာနည်းပညာနဲ့ ဖျက်လိုဖျက်ဆီးလုပ်တတ်တဲ့နည်းပညာတွေကိုလည်း ဦးစားပေးပြီး လေ့လာထားကြရမှာဖြစ်ပါတယ်"ဟု ရှီက ပြောကြားခဲ့သည်။

ယင်းကဲ့သို့သော ကြိုးပမ်းအားထုတ်မှုများသည် တရုတ်နိုင်ငံ၏သိပ္ပံနှင့် နည်းပညာကဏ္ဍ၊ အရည်အသွေးမြင့် ထုတ်ကုန်ကဏ္ဍ၊ Cyberspace ဆိုင်ရာကဏ္ဍ၊ သယ်ယူပို့ဆောင်ရေး ဆိုင်ရာကဏ္ဍတို့တွင် အင်အားပြည့်ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ ခေတ်မီသော နိုင်ငံနှင့် ခန့်ငြားသော လူမှုအဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်နိုင်ရန်အတွက် တည်ဆောက်ကြရမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

# ဇန်နဝါရီလတွင် ပြုတ်ဆန်တန်ချိန် တစ်သိန်းတင်သွင်းရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရ ဆုံးဖြတ်



လာမည့်နှစ် ဇန်နဝါရီလတွင် အိန္ဒိယနိုင်ငံမှ ပြုတ်ဆန်တန်ချိန် တစ်သိန်းတင်သွင်းရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရက ဆုံးဖြတ်ခဲ့ကြောင်း ဒါကာ ထရီဗြူးသတင်းတွင် ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် မကြာသေးမီကဖြစ်ပေါ်ခဲ့သည့်ရေလွှမ်းမိုးမှုများကြောင့် ပြည်တွင်း၌ ဆန်လို အပ်ချက်မြင့်မားလာမှုကို ဖြေရှင်းရန် ယခုကဲ့သို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရအဖွဲ့သည် ယခုကဲ့သို့ပြုတ်ဆန်တန်ချိန် တစ်သိန်းဝယ်ယူရန်အတွက်ဆုံးဖြတ်ချက်ကို အောက်တိုဘာလ ၁၈ ရက်က ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် တာကာ ၃၇၇ ဒသမ ၉၅ သိန်းတန်ဖိုးရှိ ဆန် တန်ချိန်ပမာဏကို ဝယ်ယူမည်ဖြစ်ကြောင်း၊ ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၅(သို့မဟုတ်) တာကာ ၃၇၄၈၇ ရှိကြောင်း၊ အဆိုပါ ဆန်များကို G to G စနစ်ဖြင့် တင်သွင်းသွားမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ စားနပ်ရိက္ခာဝန်ကြီးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါပြုတ်ဆန်များကို Project and Equipment Corporation of India Ltd. က အိန္ဒိယနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် တင်သွင်းမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံမှ တင်သွင်းသည့် ဆန်ဈေးနှုန်းသည် မြန်မာနိုင်ငံမှတင်သွင်းသည့် ဆန်ဈေးနှုန်းထက် ၈၂၃ တာကာ ပိုမိုများပြားနေကြောင်း စားနပ်ရိက္ခာဝန်ကြီးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မကြာသေးမီနှစ်များအတွင်းကလည်း အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ဆန်တန်ချိန် တစ်သိန်းတင်သွင်းရန် စီစဉ်ခဲ့သေးသည်။

စက်တင်ဘာလ ၃ ရက်က အိန္ဒိယနိုင်ငံသည် ပြုတ်ဆန်တန်ချိန် ငါးသိန်းကို တင်ပို့ရန် ဆုံးဖြတ်ခဲ့သည်။

ယခုအခါတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အဆိုးရွားဆုံးရေလွှမ်းမိုးမှုများကြောင့် ကောက်ပဲသီးနှံစိုက်ခင်းများ ဆိုးဆိုးရွားရွား ပျက်စီးဆုံးရှုံးခဲ့ရာ ဆန်တန်ချိန် ၁ ဒသမ ၅ သန်း လိုအပ်နေမှုနှင့် ရင်ဆိုင်နေရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရေလွှမ်းမိုးပြီးနောက် အိန္ဒိယနိုင်ငံမှ ဆန်တန်ချိန် ၁၅၀၀၀၀ သာ တင်သွင်းနိုင်ခဲ့သည်။

# ဗီယက်နမ်နိုင်ငံတွင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများနှင့် စွန့်ဦးတီထွင်သူများကို အကူအညီပေးမည်ဟုဆို



ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တော် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (CSED)သည် စွန့်ဦးတီထွင်လုပ်ငန်းများအပါအဝင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းပေါင်း ၃၀ ကျော်နှင့် အောက်တိုဘာလ ၁၈ ရက်က နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြောင်း ဗီယက်နမ်နယူးစ်တွင် ဖော်ပြထားသည်။

အဆိုပါ အဖွဲ့အစည်းပေါင်း ၃၀ ကျော်တွင် တက္ကသိုလ်များ၊ ဘာသာရပ်ဆိုင်ရာပညာသင်ကျောင်းများ၊ စီးပွားရေးအသင်းအဖွဲ့များ၊စက်မှုအသင်းအဖွဲ့များနှင့် နိုင်ငံကိုယ်စားလှယ်များ ပါဝင်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး Pham Thanh Kien က "နားလည်မှုစာချွန်လွှာတွေ၊ တွေ့ဆုံပွဲတွေ ပြုလုပ်နေပေမယ့်လည်း ဌာနအနေနဲ့ ပြည်တွင်းပြည်ပကုမ္ပဏီတွေကို ထောက်ပံ့ပေးဖို့အတွက် မေးမြန်းစုံစမ်းမှုတွေကို ပြုလုပ်ဖို့လိုပါတယ်။ အဲဒီလို မေးမြန်းစုံစမ်းတဲ့အခါမှာ ကုမ္ပဏီတွေအနေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ ပူးပေါင်းဆောင်ရွက်မှသာ ဈေးကွက်မှာ ယှဉ်ပြိုင်နိုင်စွမ်းရှိလာမှာပါ"ဟု ပြောကြားခဲ့သည်။

ယင်းကဲ့သို့ ပြုလုပ်ရခြင်း၏ရည်ရွယ်ချက်မှာ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတိုးမြှင့်လာစေရေး၊ ပုဂ္ဂလိကနှင့်အစိုးရပူးပေါင်းဆောင်ရွက်မှု မြင့်တက်လာရေးတို့ကို အလေးထားခြင်းဖြစ်သည်ဟုဆို သည်။

သို့သော်ယခုအစီအစဉ်၏ အဓိကရည်ရွယ်ချက်မှာ စွန့်ဦးတီထွင်သူများကို အကူအညီများ ပိုမိုပေးအပ်ရန်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

မယ်သီတာ စုစည်းသည်

## အကြံပြုစာများ ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို အဆင်ပြေစွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ် ချက်များကို စာဖတ်သူများထံမှ အကြံပြုချက်များအား ဖိတ်ခေါ်ပါသည်။ ပေးပို့လာသော အကြံပြုချက်များကို သက်ဆိုင်ရာများ သိရှိနိုင်စေရန်အတွက် ဂျာနယ်တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

အကြံဉာဏ်များကို ပေးပို့ရာတွင် အမည်၊ မှတ်ပုံတင်နှင့် နေရပ်လိပ်စာကို ဖော်ပြပေးရမည်ဖြစ်ပြီး အဆိုပါ ကိုယ်ရေးအချက်အလက်များကို ဖော်ပြသွားမည်မဟုတ်ပါ။

# GREAT ALPHA LOGISTICS CO., LTD.

Customs Authorized Services



Bldg . 119, Ground Floor, 39th Street, Lower Block, Kyauktada Township, Yangon, Myanmar.

Tel : 01-385338, 0103001714, 09-5038776, 09-73183588, Fax : 01-385338

E-mail : greatestalpha99@gmail.com




✷ အရောင်အနံ့(၄)မျိုးဖြင့် တမူထူးခြားစွာထုတ်လုပ်ထားပြီး အမြို့မြို့ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။

Distributed by:
R.OASIS LIMITED
Pharmaceutical Trading
Contact Us:(+951) 200479,299838,297964

PT. EAGLE INDO PHARMA
Tangerang, Indonesia



ALPINE
Purified Drinking Water
PROMISES PURITY
ALPINE
Purified Drinking Water
PROMISES PURITY
Tel: 09 730 971 36, 959 730 971 37

# COMMERCE INTERNATIONAL

# ၂၀၃၀ ပြည့်နှစ်တွင် ဆန်တင်ပို့ခြင်းမှ ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံရရှိရန် ဗီယက်နမ်မျှော်မှန်း

၂၀၃၀ ပြည့်နှစ်တွင် ဆန်တင်ပို့ခြင်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံမှ ၂ ဒသမ ၅ ဘီလီယံအထိရရှိရန် မျှော်မှန်းထားကြောင်း ဗီယက်နမ် စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနက ခန့်မှန်းထားကြောင်း ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြထားသည်။

၂၀၁၇-၂၀၂၀ ကာလအတွင်း ဗီယက်နမ်ဆန် ပြည်ပသို့တင်ပို့မည့် ပမာဏကို ထုတ်ပြန်ကြေညာစဉ် အဆိုပါ မျှော်မှန်းချက်ကို ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

အဆိုပါမဟာဗျူဟာအရ ဗီယက်နမ်နိုင်ငံသည် ပြည်ပပို့ကုန်တင်ပို့မှုကို ၂၀၁၇-၂၀၂၀ ပြည့်နှစ်အတွင်း ဆန်တန်ချိန် ၄ ဒသမ ၅ သန်းမှ ငါးသန်းအထိ တင်ပို့နိုင်ရန် မျှော်မှန်းထားပြီး ၂၀၃၀ ပြည့်နှစ်တွင် ဆန်တန်ချိန်လေးသန်း တင်ပို့နိုင်ရန် မျှော်မှန်းထားသည်။



ဗီယက်နမ်နိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် အရည်အသွေးမြင့်ဆန်၊ ဆန်မွှေး၊ Japonica ဆန်၊ ကောက်ညင်းဆန်တို့ကို ၂၀၂၀ ပြည့်နှစ်တွင် သတ်မှတ်ထားသည့် ပမာဏအောက်သာ တင်ပို့မည်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အဆိုပါရည်မှန်းချက် အောင်မြင်စေရန်အတွက် ဗီယက်နမ်နိုင်ငံအနေဖြင့် လက်ရှိဆန်ဈေးကွက်တွင် ဖြစ်ပေါ်နေသည့် အခြေအနေမှန်များကို ထုတ်ပြန်ပေးရန်လိုကြောင်း ဆွေးနွေးပွဲတစ်ခုသို့ တက်ရောက်လာကြသည့်ကိုယ်စားလှယ်များက ပြောကြားခဲ့သည်။

ယခုအခါတွင် ဗီယက်နမ်ဆန်၏ ပို့ကုန်တင်ပို့မှုသည် မြင့်တက်လျက်ရှိသော်လည်း ဈေးကွက်သို့ တင်ပို့နေသူများနှင့် ဆန်စပါးစိုက်ပျိုးသူတောင်သူများ ချိတ်ဆက်နိုင်မှု အားနည်းနေကြောင်း၊ ပို့ကုန်တင်ပို့မှု မြင့်တက်လာခြင်းသည် ဗီယက်နမ်ဆန်ဈေးကွက်တွင် ဆန်ဈေးနှုန်းများမြင့်တက်လာစေခဲ့သည်ဟု ဆိုသည်။

ထို့ပြင် ဗီယက်နမ် ဆန်တင်ပို့သူများသည် ဆန်အမှတ်တံဆိပ် သို့မဟုတ် ဆန်ဈေးကွက်၏ အပြောင်းအလဲတစ်ရပ်ကို သိရှိနိုင်မှုတွင် အားနည်းလျက်ရှိသည်ဟု ဆိုသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် တက်ရောက်လာကြသူများက အဖြေတစ်ရပ်ကိုရှာဖွေဖော်ထုတ်ခဲ့ကြရာတွင် ဆန်စပါးစိုက်ပျိုးသူများ၊ ကြိတ်ခွဲထုတ်လုပ်သူများနှင့် သိုလှောင်သူများအကြား ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ဗီယက်နမ်နိုင်ငံ၏ ဆန်အမှတ်တံဆိပ်ကို တိကျစွာသတ်မှတ်ရန်၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုတွင် ပိုမိုအားစိုက်ကြိုးပမ်းကြရန်နှင့် ပြည်တွင်းဆန်ကုန်သည်များ၏ အရည်အသွေးကို ပိုမိုတိုးတက်အောင် လုပ်ဆောင်ကြရန် ဆွေးနွေးခဲ့ကြကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

မယ်သီတာ စုစည်းသည်

# ကမ္ဘောဒီးယားနိုင်ငံ၏ ရော်ဘာတင်ပို့မှု ၃၃ ရာခိုင်နှုန်းမြင့်တက်

ကမ္ဘောဒီးယားနိုင်ငံ၏ရော်ဘာတင်ပို့မှုသည် ၂၀၁၇ခုနှစ် ပထမကိုးလအတွင်း ၃၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ခမာတိုင်းမ်သတင်းတွင် ဖော်ပြထားသည်။

အဆိုပါပမာဏသည် ပြီးခဲ့သည့်နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ၅၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။



၂၀၁၇ ဇန်နဝါရီလမှ စက်တင်ဘာလအထိ ရော်ဘာတန်ချိန် ၁၁၅၈၄၃ တန်ရရှိခဲ့ရာ ၁၁၄၉၉၁ တန်ကို တင်ပို့နိုင်ခဲ့ကြောင်း၊ ရော်ဘာတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၉၂သန်းရရှိခဲ့ကြောင်း ခမာတိုင်းမ်သတင်းတွင် ဖော်ပြထားသည်။

ထိုအတောအတွင်း ရော်ဘာတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၆၇၂ အထိ ရောက်ရှိခဲ့ရာ အမေရိကန်ဒေါ်လာ ၅၇၈မြင့်တက်လာခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ရော်ဘာဈေးသည် ၅၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း ကမ္ဘောဒီးယားလယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန၏ သတင်းအချက်အလက်များအရ သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ တစ်ဝန်းတွင် ရော်ဘာစိုက် ဧရိယာပေါင်း ၄၃၂၀၉၆ ဟက်တာရှိရာ ၎င်းတို့အနက် ၁၆၃၁၃၀ ဟက်တာမှာ ရော်ဘာစေးများ ထွက်ရှိနေပြီဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာန၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကမ္ဘောဒီးယား နိုင်ငံသည် တရုတ်၊ ဗီယက်နမ်၊ စင်ကာပူနှင့် မလေးရှားနိုင်ငံတို့သို့ ရော်ဘာများ တင်ပို့လျက်ရှိရာ အဆိုပါနိုင်ငံများသို့ ရော်ဘာတန်ချိန် ၁၄၀၀၀၀တင်ပို့ခဲ့ရာ အမေရိကန်ဒေါ်လာ သန်း၁၈၀ ရရှိခဲ့ကြောင်း သိရသည်။

"ရော်ဘာ ဈေးနှုန်းတွေဟာ လက်ရှိအခြေအနေအရ အပေါင်းလက္ခဏာပြနေသလို စက်သုံးဆီဈေးနဲ့လည်း ဆက်စပ်နေတဲ့အတွက် အခြေအနေကောင်းတယ်လို့ ပြောရမှာပါ။ ဒါပေမယ့် အစိုးရအနေနဲ့ ရော်ဘာနဲ့ပတ်သက်တဲ့ ပို့ကုန်အခွန်ကို လျှော့ချပေးဖို့ စဉ်းစားသင့်တယ်လို့ ကျွန်တော်တို့ ထင်ပါတယ်။ ကမ္ဘာ့ရော်ဘာဈေးက ကျဆင်းနေတဲ့အချိန်မှာ ပြည်တွင်းက ရင်းနှီးမြှုပ်နှံသူတွေနဲ့ ပြည်တွင်းကုမ္ပဏီတွေအနေနဲ့ တခြားဈေးကွက်မှာယှဉ်ပြိုင်နိုင်စွမ်း ပိုမိုမြင့်မားလာစေဖို့အတွက် အခွန်ကို လျှော့ချပေးစေလိုပါတယ်" ဟု An Mady Group မှ ဒုတိယဥက္ကဋ္ဌဖြစ်သူ Lim Heng က ပြောကြားခဲ့သည်။